# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နတ်တော်လပြည့်ကျော် (၈)ရက် ၊ သောကြာနေ့ ၊ (12-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၂၆)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး၊
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

**❖ တိုင်းပြည်အနာဂတ် ပန်းတိုင်ဆီ ဆန္ဒကိုယ်စီ မဲပေးမည်။**

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်

## ရန်ကုန်မြို့အတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ဈေးများစနစ်တကျဖြစ်စေရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမကြီးရှိ သမိုင်းချောင်းတံတားနေရာကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၁** ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့ပြဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှု၊ ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်ထားရှိမှုနှင့် ဈေးများ စနစ်တကျဖြစ်စေရေး

**စာမျက်နှာ ၁၆ ကော်လံ ၁** ⚐




အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)

အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် HRB-500 အမျိုးအစား Deformed Bar များကို စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၈၆၉၈၀၂၂၄၇



ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၂ ရက်
အယ်ဒီတာ့အာဘော်

# ရွေးကောက်ပွဲအောင်မြင်စေရေး ပြည်သူအားလုံး ဆန္ဒမဲပေး

ပါတီစုံဒီမိုကရေစီစနစ်ရှင်သန်ရန်အတွက် ရွေးကောက်ပွဲလုပ်ငန်းစဉ်သည် မဖြစ်မနေလုပ်ရမည့် လုပ်ငန်းစဉ်ဖြစ်သည်။ ထို့ကြောင့် ပြည်သူလူထုအများစု လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ဒီဇင်ဘာ ၂၈ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး အပိုင်း(၁)၊ အပိုင်း(၂)၊ အပိုင်း(၃) တို့ကို ရက်သတ္တပတ်နှစ်ပတ်စီခြား၍ ကျင်းပသွားမည်ဖြစ်ရာ ရွေးကောက်ပွဲကျင်းပရန် ၁၆ ရက်သာလိုတော့သည်။ ထို့ကြောင့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ပြည်သူအားလုံးက ဆန္ဒမဲပေးကြရမည်ဖြစ်ပေသည်။

**"ယခုပြုလုပ်ပေးမည့် ရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သည့် ရွေးကောက်ပွဲများနှင့်မတူသည့် အချက်သုံးချက်ရှိကြောင်း၊ ပထမအချက်မှာ ရွေးကောက်ပွဲစနစ်ဖြစ်ကြောင်း၊ လာမည့်ရွေးကောက်ပွဲတွင် ယခင်ကျင့်သုံးခဲ့သည့် အနိုင်ရသူအကုန်ယူ(First Past The Post–FPTP)စနစ်အပြင် FPTP နှင့် PR စနစ် ပေါင်းစပ်ရောနှောထားသည့် ကိုယ်စားလှယ်အချိုးကျစနစ်(Mixed Member Proportional–MMP) စနစ်ကို အသုံးပြုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဒုတိယတစ်ချက်မှာ မဲပေးသည့်စနစ်ဖြစ်ပြီး ကြိုတင်မဲများကလွဲပြီး ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံများ၌မဲပေးရာတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (Myanmar Electronic Voting Machine–MEVM)များနှင့် ခလုတ်နှိပ်ပေးရမည်ဖြစ်ကြောင်း၊ တတိယ အချက်မှာ ရွေးကောက်ပွဲကျင်းပသည့်ပုံစံဖြစ်ပြီး ရွေးကောက်ပွဲကို လုံခြုံရေးနှင့်စီမံခန့်ခွဲမှုအပေါ် မူတည်ပြီး အပိုင်းလိုက်ကျင်းပပေးသွားမည်ဖြစ်ကြောင်း"** ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တပ်မတော်ဆေးတက္ကသိုလ် စစ်ရေးပြကွင်း၌ကျင်းပပြုလုပ်သော တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၂၆) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်က မိန့်ခွန်းပြောကြားရာ၌ ထည့်သွင်းပြောကြားခဲ့သည်။

နိုင်ငံတော်အနေဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး ကြိုတင်ပြင်ဆင်မှုများကိုဆောင်ရွက်လျက်ရှိသကဲ့သို့ ရွေးကောက်ပွဲအောင်မြင်စွာကျင်းပပြုလုပ်နိုင်ရေးနှင့် ပြည်သူများလုံခြုံစွာမဲပေးနိုင်ရေးအတွက် လုံခြုံရေးပိုင်းဆိုင်ရာများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲအောင်မြင်အထမြောက်စေရေးအတွက် မဲပေးပိုင်ခွင့်ရှိသူများ အားလုံးဆန္ဒမဲပေးနိုင်ကြရန်လိုပြီး မဲပေးရာတွင် မဲမသမာမှုများလုပ်ဆောင်၍မရနိုင်သည့် မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)များဖြင့် ဆန္ဒမဲပေးကြရမည်ဖြစ်သည်။ ဆန္ဒမဲပေးသူများကလည်း မဲပေးရာတွင် တိုင်းပြည်နှင့်ဒေသအကျိုးကိုဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကို လိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးအမြင်ရှိသူများကိုရွေးချယ်၍ ဆန္ဒမဲပေးကြရန်လိုပေသည်။

နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းနိုင်ရန်အတွက် အထွေထွေရွေးကောက်ပွဲတစ်ရပ် ကျင်းပရမည်ဖြစ်သည်။ သို့ဖြစ်ပါ၍ ဒီမိုကရေစီအခွင့်အရေးများ ကျင့်သုံးနိုင်ရေး၊ လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တာဝန်သိစိတ်မြင့်မားစွာဖြင့် ဆန္ဒမဲပေးကြပါရန် တိုက်တွန်းရေးသားလိုက်ရပေသည်။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**
**၁၆**
**ရက်**
**သာ လိုတော့သည်။**

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၀၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၂၀၉၇ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၂၇၂၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၀၉၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နေကြာ ၂၇၂၅ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၀၉၇ ဧကစိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပြည်ပက တင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့ နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

အရာတော်မြို့နယ်တွင် နေကြာ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ခြင်းများ ဆောင်ရွက် ပေးလျက်ရှိကြောင်း သိရသည်။

နေကြာကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ကြံခင်းမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ အရောင်းအဝယ် ကောင်းမွန်နေ

**ကြံခင်း ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ်တွင် ဒေသထွက် ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း ကြံခင်းမြို့နယ် ကွမ်းနှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် ဒေသထွက်ကွမ်းရွက်များ ထွက်ရှိပြီး ယခုနှစ် ဒီဇင်ဘာလပထမပတ်မှ စတင်ပြီး ယနေ့ထိ ကွမ်းရွက်များ ဝယ်ယူမှုအားကောင်းပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါဒေသမှ ထွက်ရှိသည့် ရောင်းတန်းဝင် ကွမ်းရွက်များ တစ်ရက်လျှင် ပိဿာချိန် ၅၀၀ မှ ၁၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"ကြံခင်းမြို့နယ်ကနေ ထွက်ရှိတဲ့ ကွမ်းရွက်တွေ အဝယ်လိုက်ပြီး အရောင်းအဝယ် ကောင်းလာပါတယ်။ လက်ရှိ ဒေသမှာစိုက်ထားတဲ့ ကွမ်းရွက်တွေ ထွက်နေပါတယ်။ ကွမ်းရွက်တွေကို ဒေသဈေးကွက်နဲ့ အခြားဒေသ ကုန်စိမ်းဈေးကွက်က ဝယ်လက်တွေက အဝယ်များနေပါတယ်။ လက်ရှိမှာလဲ ကွမ်းရွက်တွေ ရောင်းအားတက်နေပါတယ်။ ဒေသထွက် ကွမ်းရွက်တွေက ပိုးမွှားကင်းရှင်းပြီး အရည်အသွေးကောင်းမွန်တာတွေ့ရပါတယ်။ အထွက်နှုန်းလဲကောင်းနေတယ်လို့ သိရတယ်"ဟု ကြံခင်းမြို့နယ် ကွမ်းနှင့် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးသူက ပြောပြသည်။

ကြံခင်းမြို့နယ်တွင် စိုက်ပျိုးထွက်ရှိပြီး အရောင်းအဝယ်ကောင်းမွန်နေသည့် ကွမ်းရွက် ၁၀ ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် ကွမ်းရွက်များကို ပုသိမ်၊ ပန်းတနော်၊ မအူပင် စသည့်ဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# လယ်ဝေးမြို့နယ် ကွမ်းခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း(ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုနယ်မြေ နေပြည်တော် လယ်ဝေးခရိုင် လယ်ဝေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကွမ်းခြံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း (ဆီထွက်သီးနှံ)ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ လယ်ဝေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်သူရက ကျေးလက်နေပြည်သူများ နေကြာအပါအဝင် အခြား ဆီထွက်သီးနှံ စိုက်ပျိုးသော တောင်သူများ လိုအပ်လျက်ရှိသည့် မျိုးစေ့၊ သွင်းအားစုများ ဝယ်ယူသုံးစွဲနိုင်ရန်၊ အတိုးနှုန်း သက်သာသောချေးငွေများ ပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း ဖြစ်ကြောင်း ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကွမ်းခြံကျေးရွာ မြစိမ်းရောင်ကျေးရွာ စီမံကိန်း (ဆီထွက်သီးနှံ)လုပ်ငန်း အဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၁၁ ဒသမ ၂၅ သန်းကို လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကွမ်းခြံကျေးရွာရှိ နေကြာနှင့် အခြားဆီထွက်သီးနှံများ စိုက်ပျိုးမည့် အသင်းသား၊ အသင်းသူ ၃၄ ဦးကို မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၁၁ ဒသမ ၂၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့နေ ဦးသန်းထွဋ်-ဒေါ်စိုးမိုးအောင်၊ သား၊ သမီး၊ မြေး မိသားစုတို့က ဦးကျော်ရွှေနှင့် ဦးကိုရွှေအောင်သိမ်းတို့အားရည်စူး၍ ဆေးပဒေသာပင်ငွေကျပ်၃၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီ အဖွဲ့ဝင် ဦးဝင်းမြင့်က လက်ခံရယူစဉ်။

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက် ၁၃၆၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဟင်းသီးဟင်းရွက်သီးနှံ ၁၃၆၉ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဟင်းသီးဟင်းရွက် ၁၇၆၆ ဧကစိုက်ပျိုးရန် လျာထားပြီး အောက်တိုဘာလ ဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ လေရှီးမြို့နယ်တွင် ၁၅၂ ဧက၊ ဆွမ္မရာမြို့တွင် ၂၉ ဧက၊ လဟယ်မြို့နယ်တွင် ၇၀၂ ဧက၊ ထန်ပါခွေမြို့တွင် ဧက ၁၅၀၊ နန်းယွန်းမြို့နယ်တွင် ၁၂၄ ဧက၊ ဒုံဟီးမြို့တွင် ၈၉ ဧက၊ ပန်ဆောင်မြို့တွင် ၁၂၃ ဧက စုစုပေါင်း ၁၃၆၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ဟင်းသီးဟင်းရွက်ဧက ၁၇၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၃၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မုန်ညင်း၊ ငရုတ်၊ နံနံ၊ အာလူး၊ ဂေါ်ဖီထုပ်၊ ခရမ်း၊ မုန်လာဥ စတဲ့သီးနှံတွေကို အများဆုံး စိုက်ပျိုးထားပါတယ်။ စိုက်ပျိုးတဲ့ ဟင်းသီးဟင်းရွက်အားလုံးကို GAP နည်းစနစ်နဲ့ စိုက်ပျိုးနိုင်အောင်၊ ဓာတုဓာတ်ကြွင်း အနည်းဆုံးဖြစ်အောင်၊ ကျန်းမာရေးနဲ့ကိုက်ညီအောင်စိုက်ပျိုးဖို့ တောင်သူတွေကို နည်းပညာတွေပေးနေပါတယ်" ဟုစစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာတင်မာမာဦးက ပြောပြသည်။

ဟင်းသီးဟင်းရွက်ကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် ဟင်းသီးဟင်းရွက်ကို ဒေသမရွေး တိုးချဲ့စိုက်ပျိုးသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ဆက်လက် ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် စိန်ပန်းပင်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**ဝမ်းတွင်း ဒီဇင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေရရှိရေး လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းအေး၊ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် မြို့နယ်တာဝန်ခံ အင်ဂျင်နီယာများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ မြေသားရေကန် တိုးချဲ့တူးဖော်ခြင်း၊ ခြံစည်းရိုးကာရံခြင်းနှင့် လက်နှိပ်တုံကင်နှစ်စုံ တပ်ဆင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကာ လက်ထောက် ညွှန်ကြားရေးမှူးက လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

စိန်ပန်းပင်ကျေးရွာ၌ အလျားပေ ၁၂၀၊ အနံပေ ၁၂၀၊ အမြင့်လေးပေရှိ မြေသားရေကန် တိုးချဲ့တူးဖော်ခြင်း၊ အရှည်ပေ ၅၆၀၊ အမြင့် ငါးပေရှိ ခြံစည်းရိုးကာရံခြင်းနှင့် လက်နှိပ်တုံကင်နှစ်စုံတပ်ဆင်ခြင်းလုပ်ငန်းများကို ပြည်ထောင်စု(အထွေအထွေပိုလျှံရန်ပုံငွေ) Quick Win အစီအစဉ် ရန်ပုံငွေကျပ် ၁၉ ဒသမ ၅၃ သန်းဖြင့် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ယူ၍ နိုဝင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၇၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အောင်ရဲကျော်**

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံ ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောက်တိုဘာလအတွင်းက ငါးစည်ဖောင်းခြောက် ပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးစည်ဖောင်းခြောက် ပိဿာချိန် ၆၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ငါးစည်ဖောင်းခြောက်များသည် ငါးရွှေ၊ နတ်ကတော်၊ ငါးရောင်၊ ငါးပုတ်သင် စသည့်ငါးများအတွင်းမှ ရရှိသော ငါးစည်ဖောင်းများကိုအခြောက်ခံပြီး တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ငါးစည်ဖောင်းခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုကောင်းလာတာကြောင့် အရောင်းအဝယ် ကောင်းနေတာပါ။ ရန်ကုန်ဘက်က ငါးစည်ဖောင်းခြောက်တွေကို စားသောက်ဆိုင်တွေ၊ ဟိုတယ်တွေမှာ အသုံးပြုတာများပါတယ်။ ငါးစည်ဖောင်းခြောက်တွေ အပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို အဓိကထား တင်ပို့ရောင်းချနေတာဖြစ်ပါတယ်"ဟု လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီတာက ပြောပြသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးစည်ဖောင်းခြောက် တစ်ပိဿာဈေးနှုန်းများမှာ ငါးရွှေငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၅၀၀၀၊ နတ်ကတော် ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၆၅၀၀၀၊ ငါးရောင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၄၅၅၀၀၊ ငါးပုတ်သင်ငါးစည်ဖောင်းခြောက် တစ်ပိဿာလျှင် ငွေကျပ် ၇၇၀၀၀ စသည်ဖြင့် အရွယ်အစားနှင့် အမျိုးအစားအပေါ်မူတည်ပြီး ဈေးအနိမ့်အမြင့်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု

မောင်ငြိမ်းသူ(ကြို့ပင်ကောက်)

နေ့စဉ်ထုတ်သတင်းစာများတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအခမ်းအနားများကို အနယ်နယ်အရပ်ရပ်၌ ကျင်းပနေကြကြောင်း ဖော်ပြနေခဲ့ကြသည်။

၁၉၉၁ ခုနှစ်မှစတင်ခဲ့သော တစ်ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကာလကို နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ သတ်မှတ်ထားရာ နိုင်ငံပေါင်း ၁၈၇ နိုင်ငံမှ အဖွဲ့အစည်းပေါင်း ၆၀၀၀ ကျော်က နှစ်စဉ်မပျက်၊ စဉ်ဆက်မပြတ် လှုပ်ရှားနေခဲ့သည်။

ထိုလှုပ်ရှားမှုပေါ်ပေါက်လာရခြင်းမှာ ၁၉၆၀ ပြည့်နှစ် နိုဝင်ဘာ ၂၅ ရက်က ဒိုမီနီကန်သမ္မတနိုင်ငံတွင် နိုင်ငံရေးတက်ကြွလှုပ်ရှားသူ ညီအစ်မသုံးဦး ရက်စက်စွာ သတ်ဖြတ်ခြင်းခံခဲ့ကြရသည်ကို အကြောင်းပြု၍ နိုဝင်ဘာ ၂၅ ရက်ကို လက်တင်အမေရိကရှိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့အဖြစ် ၁၉၈၁ ပြည့်နှစ်မှစတင်ကာ သတ်မှတ်ခဲ့သည်။

ထိုနေ့ကိုပင် ၁၉၉၁ ခုနှစ် ဇွန်လတွင် အမျိုးသမီးများ၏ ကမ္ဘာလုံးဆိုင်ရာခေါင်းဆောင်မှုဗဟိုဌာန (CWGL) က ကျားမရေးရာအခြေခံအကြမ်းဖက်မှု ဆန့်ကျင်ရေး ၁၆ ရက်ကြာ ကမ္ဘာလုံးဆိုင်ရာလှုပ်ရှားမှုအဖြစ် တောင်းဆိုခဲ့ရာမှ ထိုလှုပ်ရှားမှုများပေါ်ပေါက်လာခြင်းဖြစ်သည်။

တစ်ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုကာလအတွင်းတွင် (၁) အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေးနေ့ (နိုဝင်ဘာ၂၅ ရက်)၊ (၂) အပြည်ပြည်ဆိုင်ရာ အမျိုးသမီးအခွင့်အရေး ကာကွယ်စောင့်ရှောက်သူများနေ့(နိုဝင်ဘာ ၂၉ ရက်)၊ (၃) ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါတိုက်ဖျက်ရေးနေ့ (ဒီဇင်ဘာ ၁ ရက်)၊ (၄) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ (ဒီဇင်ဘာ ၃ ရက်)၊ (၅) မွန်ထရီမြို့ အမျိုးသမီးများသတ်ဖြတ်ခံရခြင်း နှစ်ပတ်လည်နေ့ (ဒီဇင်ဘာ ၆ရက်)၊ (၆) အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးနေ့ (ဒီဇင်ဘာ ၁၀ ရက်)စသည်ဖြင့် အမျိုးသမီးများအကြမ်းဖက်မှုပပျောက်ရေးလှုပ်ရှားမှုအထိမ်းအမှတ်နေ့ ခြောက်ရက်တိတိ ထူးထူးခြားခြား ပါဝင်နေသည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၁၈ ခုနှစ်မှစတင်၍ ထို ၁၆ ရက်တာ လှုပ်ရှားမှုအခမ်းအနားများကို စတင်ကျင်းပခဲ့ပြီး အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုများကို ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားနေသည့်ကာလမှလွဲ၍ နှစ်စဉ်မပျက် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ **"အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ် အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး"**ဖြစ်သည်။

**ကမ္ဘာ့အမျိုးသမီးအရေးနှင့် မြန်မာ့အမျိုးသမီးအရေး**

ကမ္ဘာ့နိုင်ငံများရှိ အမျိုးသမီးများက နိုင်ငံတကာ အမျိုးသမီးလှုပ်ရှားမှုများပြုလုပ်ပြီး အမျိုးသမီးများသည် အမျိုးသားများနှင့်တန်းတူအခွင့်အရေးများ ရရှိနိုင်ရန်၊ တန်းတူရည်တူဆက်ဆံခွင့်ရရှိနိုင်ရန်နှင့် အမျိုးသမီးများ၏စွမ်းပကား တောင်းဆိုလှုံ့ဆော်စည်းရုံးမှုများပြုလုပ်ရန် ဟူသောရည်ရွယ်ချက်များဖြင့် **"ကမ္ဘာ့အမျိုးသမီးညီလာခံများ"**ကို ကျင်းပခဲ့ကြသည်။

ကမ္ဘာ့အမျိုးသမီးညီလာခံကို ၁၉၇၅ ခုနှစ် မက္ကဆီကိုနိုင်ငံ၊ ၁၉၈၀ ပြည့်နှစ် ဒိန်းမတ်နိုင်ငံ (ကိုပင်ဟေဂင်မြို့)၊ ၁၉၈၅ ခုနှစ် ကင်ညာနိုင်ငံ (နိုင်ရိုဘီမြို့)၊ ၁၉၉၅ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ဘေဂျင်းမြို့)၊ ၂၀၁၄ ခုနှစ် အင်္ဂလန်နိုင်ငံ၊ ၂၀၁၅ ခုနှစ် ချီလီနိုင်ငံတို့တွင် ကျင်းပခဲ့ကြသည်။

ထိုသို့ **"ကမ္ဘာ့အမျိုးသမီးညီလာခံများ"** ကျင်းပခဲ့ရခြင်း၏အကြောင်းရင်းကလည်းရှိခဲ့သည်။ ၁၉၁၁ ခုနှစ် မတ်လက ရုရှားနိုင်ငံရှိ စက်ရုံမီးလောင်မှုကြောင့် အမျိုးသမီး ၁၄၆ ဦး မီးလောင်သေဆုံးခဲ့ရာ အမျိုးသမီးများ အုံကြွလှုပ်ရှားကာ အရေးဆိုလာခဲ့ကြသည်။ ထို့ကြောင့် "မတ် ၈ ရက်" ကို "အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့"အဖြစ် သတ်မှတ်ပေးခဲ့ပြီး အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာကုလသမဂ္ဂကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့်ကုလသမဂ္ဂပဋိညာဉ်စာတမ်းများမှာ ပါဝင်သည့် "လူတိုင်း ကျား၊ မ မရွေး၊ နိုင်ငံကြီး၊ ငယ်မရွေး အခြေခံလူ့အခွင့်အရေးများနှင့် တန်းတူရည်တူအခွင့်အရေးရရှိရေးတို့ကိုဂရုပြုရန်"ဟူသောစာတမ်းကြောင့် **"ကမ္ဘာ့အမျိုးသမီးညီလာခံများ"**ကို ကျင်းပခဲ့ကြသည်။

**❖ မြန်မာနိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်ကတည်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ( ၂၀၀၈ ခုနှစ်) အခန်း (၈)တွင် နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် မြန်မာအမျိုးသမီးများအား တန်းတူရည်တူရှိမှုနှင့် ခွဲခြားမှုမရှိစေရန် ပုဒ်မ ၃၄၈၊ ၃၅၀၊ ၃၅၁ နှင့် ၃၅၂ တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရအဆက်ဆက် မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရရော၊ အမျိုးသမီးရေးရာရည်မှန်းချက်များအရပါ စဉ်ဆက်မပြတ်လှုပ်ရှားခဲ့ရာ ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့်မဟာဗျူဟာ ၁၀ နှစ်စီမံကိန်း( ၂၀၁၃- ၂၀၂၂)ကို ချမှတ်ကာ စီမံကိန်းပါလုပ်ငန်းစဉ်များကို အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လှုံ့ဆော်သမှုပြုခဲ့ကြသည်။ ❖**

ထိုသို့ကျင်းပခဲ့ကြသည့် ညီလာခံများအနက် ၁၉၉၅ ခုနှစ် တရုတ်ပြည် ဘေဂျင်းမြို့၌ကျင်းပခဲ့သော စတုတ္ထအကြိမ်မြောက် ကမ္ဘာ့အမျိုးသမီးညီလာခံက **"ဘေဂျင်းကြေညာစာတမ်း"** ပြဋ္ဌာန်းခဲ့သည်။ ထိုကြေညာစာတမ်းတွင် "အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် နိုင်ငံတိုင်း၌ အမျိုးသားအဆင့် ယန္တရားဖွဲ့စည်းပြီး ဆောင်ရွက်သင့်သည့်ကဏ္ဍအပါအဝင် မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်သည့် အနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်အပါအဝင် ကဏ္ဍကြီး (၁၂) ရပ်ပါဝင်ခဲ့ရာ မြန်မာနိုင်ငံက လိုက်နာဆောင်ရွက်သည့်အနေဖြင့် ၁၉၉၆ ခုနှစ် ဇူလိုင် ၃ ရက်တွင် **"မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုး အမျိုးသမီးကော်မတီ"** MNCWA ကို ဖွဲ့စည်းခဲ့သည်။ **"မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီ"** ယခု **"မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီး ကော်မတီ"** စတင်ဖွဲ့စည်းခဲ့သည့် ဇူလိုင် ၃ ရက်ကိုပင် **"မြန်မာအမျိုးသမီးများနေ့"**ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာအမျိုးသမီးရေးရာကော်မတီကို ရည်ရွယ်ချက်(၇) ရပ်ချမှတ်ဖွဲ့စည်းပြီးနောက် ပြည်နယ်နှင့် တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့်ထိ အဆင့်ဆင့်ဖွဲ့စည်းလှုပ်ရှားခဲ့ကြသည်။ ယခုဆိုလျှင် ၂၉ နှစ် ခရီးသို့ရောက်ခဲ့လေပြီ။

မြန်မာအမျိုးသမီးရေးရာကော်မတီသည် အာဆီယံ အမျိုးသမီးရေးရာကော်မတီ (Asean Committee on Women) (ACW) ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သောကြောင့် မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်း၊ အမျိုးသမီးများအကြမ်းဖက်မှုမှ တားဆီးကာကွယ်ရေးအဖွဲ့များနှင့်ပူးတွဲပေါင်းစည်း၍ ချမှတ်ထားသော ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်လျက်ရှိသည်။

၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်တွင် ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂညီလာခံက **"၂၀၁၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ"** ကမ္ဘာ့ဖွံ့ဖြိုးမှုလမ်းညွှန်အဖြစ် အကောင်အထည်ဖော်ရန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၁၇)ရပ်ကို ချမှတ်ထားရာ **"ကျား၊ မ တန်းတူညီမျှရရှိရေးနှင့် အမျိုးသမီးများအားလုံး စွမ်းပကားတိုးမြင့်စေရေး"**ဟူသော ဖွံ့ဖြိုးမှုပန်းတိုင်လည်းပါဝင်သည်။

မြန်မာနိုင်ငံအနေဖြင့် ၂၀၀၈ ခုနှစ်ကတည်းက နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အခန်း (၈) နိုင်ငံသား၊ နိုင်ငံသားများ၏ မူလအခွင့်အရေးနှင့် တာဝန်များတွင် မြန်မာအမျိုးသမီးများအား တန်းတူရည်တူရှိမှုနှင့် ခွဲခြားမှုမရှိစေရန် ပုဒ်မ ၃၄၈၊ ၃၅၀၊ ၃၅၁ နှင့် ၃၅၂ တို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည်။

နိုင်ငံတော်အစိုးရအဆက်ဆက် မြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရရော၊ အမျိုးသမီးရေးရာရည်မှန်းချက်များအရပါ စဉ်ဆက်မပြတ်လှုပ်ရှားခဲ့ရာ ၂၀၁၃ခုနှစ် အောက်တိုဘာလအတွင်းက အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးအမျိုးသားအဆင့်မဟာဗျူဟာ ၁၀ နှစ်စီမံကိန်း (၂၀၁၃-၂၀၂၂)ကိုချမှတ်ကာ စီမံကိန်းပါလုပ်ငန်းစဉ်များကို အလွှာပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန် လှုံ့ဆော်သမှုပြုခဲ့ကြသည်။

အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ရည်ရွယ်ချက်များအရ အမျိုးသမီးများ၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအကြမ်းဖက်မှုကာကွယ်ရေး၊ လူကုန်ကူးမှုကာကွယ်ရေးလုပ်ငန်းစဉ်များကို ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ခဲ့ကြသည်။

အထူးသဖြင့် အမျိုးသမီးရေးရာအဖွဲ့ချုပ်၏ ရည်ရွယ်ချက် (၇) ချက်အနက် ပဉ္စမအချက်ဖြစ်သော **"အမျိုးသမီးများအား အကြမ်းဖက်မှုမှကာကွယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်ရန်"** ဟူသော ရည်ရွယ်ချက်ကို အလေးအနက်ထားကာ အကျိုးသက်ရောက်မှုရှိစွာ လှုပ်ရှားနေကြသည်။

ထို့ပြင် ၁၉၇၉ ခုနှစ် ဒီဇင်ဘာ ၁၈ ရက်က ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံက အတည်ပြုပေးခဲ့သည့် **"အမျိုးသမီးများအား နည်းမျိုးစုံဖြင့်ခွဲခြားမှုပပျောက်ရေးဆိုင်ရာသဘောတူစာချုပ်"** Convention on Elimination of all Forms of Discrimination Against Women (CEDAW) စီဒေါစာချုပ်ကို အဖွဲ့ဝင်နိုင်ငံပေါင်း ၁၈၇ နိုင်ငံက လက်မှတ်ရေးထိုးပါဝင်ခဲ့ကြရာတွင် မြန်မာနိုင်ငံကလည်း ၁၉၉၇ ခုနှစ် ဇူလိုင် ၂၂ ရက်တွင် လက်မှတ်ရေးထိုးပါဝင်ခဲ့သည်။

စီဒေါအဖွဲ့ဝင်နိုင်ငံဖြစ်သော မြန်မာနိုင်ငံအနေဖြင့် အဖွဲ့ဝင်ပြီးနောက် မြန်မာနိုင်ငံလုံးဆိုင်ရာအမျိုးသမီးကော်မတီက ကြိုးပမ်းလှုပ်ရှားမှုများကို အစီရင်ခံစာများတင်သွင်းခဲ့ကာ ၂၀၁၃ ခုနှစ် အောက်တိုဘာလတွင် **"အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာစီမံကိန်း (၂၀၁၃-၂၀၂၂ ခုနှစ်)"** (National Strategic Plan For Advancement of Women)(NSPAW) အကြမ်းဖက်မှုကာကွယ်စောင့်ရှောက်ရေးဥပဒေကိုလည်း ရေးဆွဲခဲ့သည်။

၂၀၁၄ ခုနှစ်အတွင်း အာဆီယံဒေသအတွင်း အမျိုးသမီးများနှင့်ကလေးသူငယ်များအပေါ် အကြမ်းဖက်မှုပပျောက်ရေးကြေညာချက်ကို အာဆီယံခေါင်းဆောင်အကြီးအကဲများ လက်မှတ်ရေးထိုးခဲ့ပြီး လုပ်ငန်းစီမံချက်ကိုလည်း ရေးဆွဲထားပြီးဖြစ်သည်။ အဆိုပါစီမံချက်များနှင့်အညီ မြန်မာနိုင်ငံအနေဖြင့်လည်း လိုက်ပါဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို သတင်းပို့တိုင်ကြားနိုင်ရန်အတွက် ၂၄ နာရီ Help Line ဝန်ဆောင်မှုကို ၂၀၁၆ ခုနှစ်ကပင် စတင်ထူထောင်ခဲ့သည်။

**နိုင်ငံတကာအကြမ်းဖက်မှုများနှင့် မြန်မာနိုင်ငံ**

ကမ္ဘာ့နိုင်ငံအသီးသီးရှိ အမျိုးသမီးများ အကြမ်းဖက်ခံရမှုသည် ၁၅ ရာခိုင်နှုန်းမှ ၇၆ ရာခိုင်နှုန်းအတွင်း ဖြစ်ပွားလျက်ရှိရာ၊ အနိုင်ကျင့်အကြမ်းဖက်အနှိပ်စက်ခံရမှုများ၊ ဗလက္ကာရပြုကျင့်ခံရမှုများ၊ ထုံးတမ်းစဉ်လာဓလေ့အရ အရွယ်မတိုင်မီ အတင်းအကျပ်လက်ထပ်ပေးမှုများ၊ မ သဘာဝကို အတင်းအကျပ်ဖြတ်တောက်စေသည့် ဘာသာရေးအစွန်းရောက်မှုများ၊ လိင်ကျွန်ပြည့်တန်ဆာပြုလုပ်ခံရမှုများ၊ လူကုန်အကူးခံရမှုများကား လျော့နည်းမသွားဘဲ တိုးပွား၍ပင် အဖြစ်များနေကြသည်။

၂၀၁၃ ခုနှစ်က ကုလသမဂ္ဂမှထုတ်ပြန်ချက်အရ မိန်းကလေးများကို ညဘက်ထွက်လျှင် ကြောက်စရာအကောင်းဆုံးမြို့မှာ **"အင်ဒိုနီးရှားနိုင်ငံ"** ရှိ **"ဂျကာတာမြို့"**ဖြစ်ကြောင်း၊ ဟွန်ဒူးရပ်နိုင်ငံရှိ အမျိုးသမီးများ အကြမ်းဖက်ခံရမှုသည် နိုင်ငံ့အမျိုးသမီးဦးရေ၏ ၂၀ ရာခိုင်နှုန်းကျော်ရှိသည်ဟု ထိတ်လန့်ချောက်ချားဖွယ်အခြေအနေကို ကြေညာထားကြောင်း၊ (Global Genders Gap Report)အစီရင်ခံစာအရကမ္ဘာပေါ်မှာ အမျိုးသမီးများအခွင့်အရေး အဆုံးရှုံးဆုံးသောနိုင်ငံများထဲတွင် **"တူကီယဲနိုင်ငံ"**ပါဝင်ပြီး နိုင်ငံပေါင်း ၁၃၆ နိုင်ငံထဲတွင် အဆင့် (၁၂၀) မျှရှိထားကြောင်း သိရသည်။

**စာမျက်နှာ ၅ သို့** á

## (၇၈) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့် အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝ အကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကို အခြေခံကာ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

# သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး



**သရက် ဒီဇင်ဘာ ၁၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေဖြူကျေးရွာအုပ်စု မုဆိုးရင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF) စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစိုးလွင်နှင့် ဝန်ထမ်းများက မုဆိုးရင်ကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း(RBF)စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးစိုးလွင်က အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ ကျေးရွာတင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သရက်မြို့နယ် မုဆိုးရင်ကျေးရွာ၌ အစုအဖွဲ့စနစ်ဖြင့် မိသားစုဝင်ငွေတိုး CP ဝက်မွေးမြူရေးလုပ်ငန်းနှစ်ဖွဲ့၊ ဒေသနွားမွေးမြူရေး လုပ်ငန်းနှစ်ဖွဲ့ကို ကျေးလက်စီပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းရန်ပုံငွေကျပ် သိန်း ၃၀၀၊ အသင်းဝင်များ၏ မတည်ငွေကျပ်သိန်း ၁၀၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၄၀၀ အသုံးပြုပြီး စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သရက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဆက်လူ**

á **စာမျက်နှာ ၄ မှအဆက်**

မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများရှိ အမျိုးသမီးများထဲမှ သုံးဦးတွင် တစ်ဦးသည် အကြမ်းဖက်မှုဒဏ်ကိုခံနေရသည်။ **အိမ်တွင်းအကြမ်းဖက်မှုဆိုသည်မှာ မိသားစုအတွင်းရေး အရှုပ်အထွေးပြဿနာများ(လင်ယောကျ်ားများက ဇနီးမယားများကို နှိပ်စက်ညှဉ်းပန်းမှုများ)နှင့် အိမ်ရှင်များက အိမ်ဖော်များကို နှိပ်စက်ညှဉ်းပန်းမှုများပင်ဖြစ်ကြသည်။**

ဥရောပသမဂ္ဂအခြေခံလူ့အခွင့်အရေးအတွက် (F.R.A) (European Union Agency For Fundamental Rights) အစီရင်ခံစာတွင် ကမ္ဘာပေါ်၌ အမျိုးသမီး ၆၂ သန်း(တစ်နည်းအားဖြင့်) အမျိုးသမီးထု ၃၁ ရာခိုင်နှုန်းခန့်သည် ရုပ်ပိုင်းဆိုင်ရာရော၊ စိတ်ပိုင်းဆိုင်ရာပါ၊ လိင်ပိုင်းဆိုင်ရာအပါအဝင် အကြမ်းဖက်မှုမျိုးစုံကို ခံစားနေကြရကြောင်း၊ ကမ္ဘာ့အမျိုးသမီး ငါးရာခိုင်နှုန်း (တစ်နည်းအားဖြင့်) ကမ္ဘာ့အမျိုးသမီး ၁၀ ဦးတွင် တစ်ဦးသည် အဓမ္မကျင့်ခံနေကြရကြောင်း ဖော်ပြထားသည်။

ဘင်္ဂလားဒေ့ရှ်၊ အရှေ့တီမော၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ထိုင်း၊ မြန်မာနိုင်ငံတို့တွင် အိမ်တွင်းအကြမ်းဖက်မှု ၃၇ ဒသမ ၇ ရာခိုင်နှုန်း၊ အရှေ့အလယ်ပိုင်းနိုင်ငံများတွင် ၃၇ ရာခိုင်နှုန်း၊ အာဖရိကဆာဟာရအောက်ပိုင်းနိုင်ငံများတွင် ၃၆ ဒသမ ၆ ရာခိုင်နှုန်း၊ ချမ်းသာသောမြောက်အမေရိက၊ ဥရောပသမဂ္ဂနိုင်ငံများ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံတို့တွင် ၂၃ ဒသမ ၂ ရာခိုင်နှုန်း စသည်ဖြင့် အိမ်တွင်းကြမ်းဖက်မှုမျိုးစုံကို ခံစားနေကြရသည်။

ကမ္ဘာ့အရပ်ရပ်မှာရော မြန်မာနိုင်ငံမှာပါ အမျိုးသမီးများအား မုဒိမ်းမှု၊ သက်ငယ်မုဒိမ်းမှု၊ နှိပ်စက်ညှဉ်းစက်မှု၊ လိင်ကျေးကျွန်ပြုမှု၊ လူကုန်ကူးမှုရှိနေရာ သက်ဆိုင်ရာနိုင်ငံများအလိုက် အမျိုးသမီးများကို အကာအကွယ်ပေးနိုင်သော ဥပဒေများကို ဘာသာရေး၊ ဓလေ့ထုံးစံအရ ပြဋ္ဌာန်းဆောင်ရွက်နေကြသည်။ သို့သော် မြန်မာနိုင်ငံက အခြားနိုင်ငံများထက် ကာကွယ်ပေးနိုင်သောဥပဒေများပြဋ္ဌာန်းထားသည်။

လက်လှမ်းမီသမျှ ကောက်နုတ်ဖော်ပြရလျှင် ရာဇသတ်ကြီးဥပဒေပုဒ်မများဖြစ်ကြသော (၁) ကိုယ်ဝန်ပျက်စီးစေခြင်း၊ ဖျက်ချခြင်း၊ အပြစ်မဲ့(သန္ဓေသား)ကလေးကို သေစေခြင်းပုဒ်မများဖြစ်ကြသော -၃၁၂၊ ၃၁၃၊ ၃၁၄၊ ၃၁၅၊ (၂) ပြည့်တန်ဆာအလို့ငှာ ရောင်း/ ဝယ်မှုပုဒ်မ -၃၇၂၊ ၃၇၃၊ (၃) အတင်းအဓမ္မစေခိုင်းမှုပုဒ်မ -၃၇၄၊ (၄) မုဒိမ်းမှုပုဒ်မ -၃၇၆၊ (၅) ဓမ္မတာနှင့်ဆန့်ကျင်ပြီး ကျူးလွန်မှုပုဒ်မ-၃၆၃/ ၃၆၅/ ၃၆၆၊ (၆) သွေးဆောင်ဖြားယောင်းခိုးယူပေါင်းသင်းမှုပုဒ်မ- ၃၆၃/ ၃၆၅/၃၆၆၊ (၇) အဆိပ်၊ ထိုင်းမှိုင်းစေသောဆေးခတ်မှုပုဒ်မ-၃၂၈၊ (၈) ကာမလိမ်လည်မှုပုဒ်မ-၄၁၇၊ (၉) နာကျင်စေမှုပုဒ်မ - ၃၁၉/ ၃၂၀/ ၃၂၃/ ၃၂၄/ ၃၂၅/ ၃၂၆၊ (၁၀) ကာယိန္ဒြေဖျက်ဆီးမှုပုဒ်မ-၃၅၄၊ (၁၁) အသရေဖျက်မှုပုဒ်မ-၅၀၀၊ (၁၂) ခြိမ်းခြောက်မှုပုဒ်မ-၅၀၃/ ၅၀၆/၅၀၇ စသည့်ပုဒ်မများဖြစ်သည်။ ထို့ပြင် တစ်လင်တစ်မယားစနစ်ကျင့်သုံးခြင်းဆိုင်ရာဥပဒေပုဒ်မ- ၁၃ ကိုလည်း ပြဋ္ဌာန်းထားသည်။ မုဒိမ်းမှုပုဒ်မ-၃၇၆ (ခ) အရ မိမိ၏ဇနီးမယားအား အလိုမတူဘဲ အတင်းအဓမ္မပြုကျင့်သောခင်ပွန်းကို ယခင်က ထောင်ဒဏ် နှစ်နှစ်သာချမှတ်ရန် ပြဋ္ဌာန်းထားသော်လည်း ယခုထောင်ဒဏ်တိုးမြှင့်ထားသည့်အပြင် သက်ငယ်မုဒိမ်းမှုကိုလည်း ထောင်ဒဏ် နှစ် ၂၀ ထိ တိုးမြှင့်သတ်မှတ်ထားသည်။

အမျိုးသမီးများအား အကြမ်းဖက်မှုများမှ ကာကွယ်ရေးအတွက် ဥပဒေပုဒ်မမြောက်မြားစွာ ပြဋ္ဌာန်းသတ်မှတ်ထားသော်လည်း အချို့အမျိုးသမီးများကလည်း ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုနေထိုင်ပြုမူလှုပ်ရှားသွားလာမှုများတွင် အရိုးကိုအရွက်မဖုံးစေဘဲ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံများနှင့်အညီ မြန်မာပီသကြရန်လိုသည်။ အန္တရာယ်များကို မြူဆွယ်ဖိတ်ခေါ်မှုများကို ရှောင်ကြဉ်ကြစေချင်သည်။

မြန်မာနိုင်ငံရှိ လူ့အဖွဲ့အစည်းသည် ဓမ္မနီတိ၊ လောကနီတိ၊ ရာဇနီတိ ဟူသောနီတိကျင့်ဝတ်များ၏ ဆုံးမပဲ့ပြင်မှုများ၊ ဓမ္မသတ်၊ ရာဇသတ်များ၏ ထိန်းချုပ်မှုများနှင့် နှစ်ပေါင်းထောင်ချီပြီး ရင့်ကျက်သိမ်မွေ့စွာနေထိုင်ခဲ့ကြသည့်အပြင် မကောင်းမှုကိုရှက်ခြင်း၊ ကြောက်ရွံ့ခြင်း ဟူသောဟိရိဩတ္တပ္ပတရားအခြေခံရှိပြီး ယဉ်ကျေးသိမ်မွေ့သောလူမျိုးဖြစ်ကြသောကြောင့် အကြမ်းဖက်မှုမှန်သမျှကို ရှောင်ကြဉ်ကြပြီး ဝိုင်းဝန်းတားဆီးဖော်ထုတ်ရှုတ်ချနေကြစေချင်ပါကြောင်း ရေးသားအပ်ပါသည်။

## သမားဇာနည် အောင်စစ်သည်

\- ပြည်သူတွေ ကျန်းမာရေး
မျှော်လင့်တွေး ဆောင်ရွက်နေ၊
ဆရာဝန် ဆေးဗိုလ်လောင်း
ကျောင်းဆင်းပြီလေ၊
စစ်ပညာနှင့် ဆေးပညာတွေ
ထူးခြားပေ တတ်မြောက်ရေး၊
ပြည့်ကျိုးဖော် မြတ်စိတ်ထားနဲ့
ကြိုးစားတယ်လေး။

\- ကျန်းမာခြင်းသည် လာဘ်တစ်ပါး
ဆိုထားတဲ့ အစဉ်အလာ၊
လူတိုင်းမှာ မျှော်လင့်ချက်
အားတက်ဖွယ်ပါ၊
စောင့်ရှောက်လို့ ကူညီတာ
ပျော်စရာ ဝမ်းသာရေး၊
တပ်မတော် ကြိုတင်တွေးလို့
မွေးထုတ်တယ်လေး။

\- ဆရာဝန် ဆေးမှူးများ
အားထားကြ ပြည်သူမှာ၊
ဆေးသိပ္ပံရှင် ကျွမ်းကျင်မှု
ဂုဏ်ပြုလျက်ပါ၊
နိုင်ငံတော်နှင့် တပ်မတော်မှာ
နည်းပညာ တိုးတက်ရေး၊
ခေတ်နှင့်အမီ လေ့လာမှု
ပြုရမယ်လေး။

\- လူသားတွေ ကျန်းမာရေး
အလေးထားလို့ ဆောင်ရွက်နေ၊
မြေပြင်ရေပြင် နယ်လှည့်အထူးကု
ကြည့်ရှုလျက်ပေ၊
ကျန်းမာလို့ ချမ်းသာစေ
ရောဂါတွေ ကင်းစင်ဝေး၊
ပညာရှင်တွေ စေတနာထားလို့
ကြိုးစားတယ်လေး။

\- တပ်မတော်သည် ပြည်သူ့အကျိုး
သယ်ပိုးလို့ ဆောင်ရွက်ပြီ၊
ဆေးဘက်ဆိုင်ရာ ပညာရှင်များ
အားထားယုံကြည်၊
"သမားဇာနည် အောင်စစ်သည်"
နှလုံးရည် လွန်စွာရှိ၊
လက်ရုံးရည်နှင့် သတ္တိဖွဲ့
တွဲဖက်လေ၏။

\- သက်ရှည်ကျန်းမာ ရှိစေရေး
ဦးစားပေး ဆောင်ရွက်ရန်၊
နိုင်ငံတော် ကာကွယ်ရေး
တွေးဆအမှန်၊
"ကျန်းမာကြံ့ခိုင် တိုက်နိုင်ရန်"
ဆရာဝန် ပညာရှင်တို့အရေး၊
စေတနာ အကြင်နာ မေတ္တာထုကို
ဂုဏ်ပြုတယ်လေး။ ။

**အာကာမောင်မောင်**

# နိုင်ငံတကာ သတင်းများ

## ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့ လူစာရင်း လာမည့်နှစ်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် ကြေညာမည်




**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

ဂါဇာကမ်းမြောင်ဒေသငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် ပါဝင်မည့် လူစာရင်းကို ၂၀၂၆ ခုနှစ် နှစ်စပိုင်းတွင် ကြေညာရန်စီစဉ်ထားကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဒီဇင်ဘာ ၁၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

မိမိ၏ ဂါဇာငြိမ်းချမ်းရေး အစီအစဉ်အရဖွဲ့စည်းမည့် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့တွင် ပါဝင်သည့် ကမ္ဘာ့ခေါင်းဆောင် အများအပြားရှိကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက်များနှင့် တွေ့ဆုံစဉ် ထုတ်ဖော်ပြောကြားထားသည်။

အစ္စရေးနှင့် ဟားမတ်စ်အုပ်စုတို့သည် သမ္မတဒေါ်နယ်ထရမ့် ကြေညာထားသော အချက်၂၀ ပါ ဂါဇာငြိမ်းချမ်းရေး အစီအစဉ် သဘောတူညီချက်အရ လက်ရှိတွင် အပစ်အခတ်ရပ်စဲထားသည်။

သမ္မတ ဒေါ်နယ်ထရမ့်၏ ဂါဇာငြိမ်းချမ်းရေးအစီအစဉ်တွင် ဂါဇာငြိမ်းချမ်းရေးဘုတ်အဖွဲ့နှင့် ဂါဇာတည်ငြိမ်ရေး နိုင်ငံတကာတပ်ဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရေးတို့ကို အဆိုပြုထားသည်။

ယင်း အဆိုပြုချက် နှစ်ရပ်လုံးကို ကုလသမဂ္ဂလုံခြုံရေးကောင်စီက နိုဝင်ဘာ ၁၇ ရက်တွင် အတည်ပြု ထုတ်ပြန်ပေးခဲ့ခြင်းဖြစ်သည်။

ဂါဇာငြိမ်းချမ်းရေးအစီအစဉ်အရ ဖွဲ့စည်းမည့် ဂါဇာငြိမ်းချမ်းရေး ဘုတ်အဖွဲ့သည် ဂါဇာဒေသ၏ အသွင်ပြောင်းကာလအစိုးရအဖြစ် တာဝန်ယူရမည်ဟု အမေရိကန်အစိုးရက ပြောကြားထားကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## ရုရှားသမ္မတနှင့် အင်ဒိုနီးရှားသမ္မတတို့ မော်စကိုမြို့၌ တွေ့ဆုံဆွေးနွေး



**မော်စကို ဒီဇင်ဘာ ၁၁**

ရုရှားနိုင်ငံသို့ ရောက်ရှိနေသော အင်ဒိုနီးရှားသမ္မတ ပရာဘိုဝို ဆူဘီယန်တိုသည် ဒီဇင်ဘာ ၁၀ ရက်တွင် မော်စကိုမြို့၌ ရုရှားသမ္မတပူတင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒီဇင်ဘာ ၁၀ ရက် ဆွေးနွေးပွဲတွင် ရုရှားသမ္မတ ပူတင်နှင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုတို့သည် စစ်ရေးနှင့် စွမ်းအင်ကဏ္ဍများ၌ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရန် အဓိကထား ဆွေးနွေးခဲ့ကြကြောင်း ရုရှားမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

ရုရှားနှင့် အင်ဒိုနီးရှား နှစ်နိုင်ငံ ဆက်ဆံရေး ဖွံ့ဖြိုးအားကောင်းလာမှုအတွက် အားရကျေနပ်မိကြောင်း ရုရှားသမ္မတ ပူတင်က အင်ဒိုနီးရှားသမ္မတနှင့် တွေ့ဆုံဆွေးနွေးစဉ် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံအနေဖြင့် နျူကလီးယားစွမ်းအင်နယ်ပယ်၌ အင်ဒိုနီးရှားနိုင်ငံကို အကူအညီပေးရန် အသင့်ရှိကြောင်းလည်း ရုရှားသမ္မတက ကမ်းလှမ်းခဲ့သည်။

ဒီဇင်ဘာ ၁၀ ရက် ဆွေးနွေးပွဲသည် ရုရှားသမ္မတ ပူတင်နှင့် အင်ဒိုနီးရှားသမ္မတ ပရာဘိုဝိုတို့၏ ယခုနှစ်အတွင်း ဒုတိယမြောက် တွေ့ဆုံဆွေးနွေးပွဲဖြစ်သည်။

ရုရှားနိုင်ငံသည် ယူကရိန်း ပဋိပက္ခနှင့်ပတ်သက်၍ အနောက်အုပ်စုနိုင်ငံများနှင့် ဆက်ဆံရေး တင်းမာနေချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဆက်ဆံရေးတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## အမေရိကန်လေတပ်မှ မဟာဗျူဟာဗုံးကြဲလေယာဉ်များနှင့် ဂျပန်တိုက်လေယာဉ်များ ဂျပန်ပင်လယ်၌ ပူးတွဲပျံသန်း

**တိုကျို ဒီဇင်ဘာ ၁၁**

အမေရိကန်လေတပ်မှ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များသည် ဒီဇင်ဘာ ၁၀ ရက်တွင် ဂျပန်တိုက်လေယာဉ်များနှင့်အတူ ဂျပန်ပင်လယ်၌ ပူးတွဲပျံသန်းခဲ့ကြသည်ဟု ဂျပန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ဂျပန်နိုင်ငံအနီး တရုတ်နှင့် ရုရှား ဗုံးကြဲလေယာဉ်များ ပူးတွဲကင်းလှည့်ပျံသန်းမှုများ ပြုလုပ်ခဲ့ပြီးနောက် အမေရိကန်လေတပ် မဟာဗျူဟာ ဗုံးကြဲလေယာဉ်များက ဂျပန်တိုက်လေယာဉ်များနှင့်အတူ ဂျပန်ပင်လယ်တွင် အင်အားပြခဲ့ခြင်းဖြစ်သည်။

ဒီဇင်ဘာ ၁၀ ရက်တွင်အမေရိကန်လေတပ်မှ ဘီ-၅၂ မဟာဗျူဟာ ဗုံးကြဲလေယာဉ်နှစ်စင်းသည် ဂျပန်လေတပ်မှ အက်ဖ်-၃၅၊ အက်ဖ်-၁၆ တိုက်လေယာဉ်များနှင့် ပူးတွဲ၍ ဂျပန်ပင်လယ်၌ ကင်းလှည့်ပျံသန်းခဲ့ကြောင်း ဂျပန်ကာကွယ်ရေး ဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ရုရှားလေတပ်မှ တီယူ-၉၅ မဟာဗျူဟာ ဗုံးကြဲလေယာဉ်များနှင့် တရုတ်လေတပ်မှ အိတ်ချ်-၆ အမျိုးအစား ဗုံးကြဲလေယာဉ်များသည် ဒီဇင်ဘာ ၉ ရက်က အရှေ့တရုတ်ပင်လယ်နှင့် အနောက်ပစိဖိတ်ဒေသတို့၌ ပူးတွဲကင်းလှည့်၍ ပျံသန်းမှုများ ပြုလုပ်ခဲ့ကြခြင်းဖြစ်သည်။



ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံက စစ်အင်အားအများဆုံး တပ်စွဲထားသည့် နိုင်ငံဖြစ်သည်။

ပြီးခဲ့သည့်နှစ်များမှစ၍ ရုရှားနှင့် တရုတ် မဟာဗျူဟာဗုံးကြဲလေယာဉ်များသည် အရှေ့တရုတ်ပင်လယ်နှင့် အနောက်ပစိဖိတ်ဒေသများ၌ ပူးတွဲကင်းလှည့်ပျံသန်းမှုများ ပုံမှန်ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**Ref : RT**

**Trs : KKO**

## ဗင်နီဇွဲလား ရေနံတင်သင်္ဘောတစ်စီးကို အမေရိကန်တပ်မတော်က ဖမ်းဆီးသိမ်းယူ

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

အရေးယူ ပိတ်ဆို့ခံထားရသည့် ရေနံတင်သင်္ဘောများ စာရင်းတွင် ပါဝင်သည့် ဗင်နီဇွဲလား ရေနံတင်သင်္ဘောတစ်စီးကို အမေရိကန်တပ်မတော်က ဒီဇင်ဘာ ၁၀ ရက်တွင် သိမ်းယူခဲ့သည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ကြေညာထားကြောင်း RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါရေနံတင်သင်္ဘောကို ဗင်နီဇွဲလား ကမ်းလွန်ရေပြင်အတွင်း အမေရိကန်တပ်မတော်က ဖမ်းဆီးထိန်းသိမ်းခဲ့ခြင်း ဖြစ်ကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားခဲ့သည်။

သို့ရာတွင် ရေနံတင်သင်္ဘော သိမ်းယူမှုဖြစ်စဉ် နောက်ဆက်တွဲအဖြစ် ကမ္ဘာ့ရေနံဈေးကွက်၌ ရေနံဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး အမေရိကန်နိုင်ငံနှင့် ဗင်နီဇွဲလားနိုင်ငံတို့အကြား တင်းမာမှု ပိုမိုပြင်းထန်လာခဲ့သည်။

အမေရိကန် တပ်မတော်က ဗင်နီဇွဲလား ရေနံတင်သင်္ဘောအား ဖမ်းဆီးသိမ်းယူမှုကို ပင်လယ်ဓားပြလုပ်ရပ်အဖြစ် ဗင်နီဇွဲလားအစိုးရက ဒီဇင်ဘာ ၁၀ ရက်တွင် ဝေဖန်ခဲ့သည်။

အမေရိကန်နိုင်ငံသို့ မူးယစ်ဆေးဝါးများတင်ပို့ရာတွင် ဗင်နီဇွဲလားခေါင်းဆောင်များ ပါဝင်ပတ်သက်နေကြောင်း အမေရိကန်အစိုးရက စွပ်စွဲထားပြီး ဗင်နီဇွဲလားသမ္မတ မာဒူရို ရာထူးမှနုတ်ထွက်ရန် သမ္မတ ဒေါ်နယ်ထရမ့်က ဖိအားပေးလျက်ရှိသည်။

အမေရိကန်အစိုးရသည် ၎င်း၏ အရေးယူပိတ်ဆို့မှု စာရင်းတွင် ပါဝင်နေသော ဗင်နီဇွဲလားရေနံတင်သင်္ဘောတစ်စီးကို ပထမဆုံးအကြိမ်အဖြစ် သိမ်းယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **Ref : RT**

**Trs : KKO**

## ထိုင်းနှင့် ကမ္ဘောဒီးယားနှစ်နိုင်ငံနယ်စပ်ပဋိပက္ခများ စတုတ္ထနေ့ ဆက်လက်ဖြစ်ပွား

**ဖနံကောက် ဒီဇင်ဘာ ၁၁**

ထိုင်းနှင့်ကမ္ဘောဒီးယား နှစ်နိုင်ငံတပ်များကြား နယ်စပ်ပဋိပက္ခများမှာ ယနေ့တွင် စတုတ္ထနေ့အဖြစ် ဆက်လက် ဖြစ်ပွားနေကြောင်း Xinhua သတင်းဌာနက ဖော်ပြခဲ့သည်။

ဒီဇင်ဘာ ၁၀ ရက်တွင် မိုင် ၅၀၀ ကျော်ရှည်လျားသည့် ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံနယ်စပ်တစ်လျှောက် နေရာပေါင်းတစ်ဒါဇင်ကျော်တို့တွင် စစ်ရေးပဋိပက္ခများ ဖြစ်ပွားခဲ့ကြောင်း ထိုင်းတပ်မတော်က သတင်းထုတ်ထားသည်။

ထိုင်းနှင့် ကမ္ဘောဒီးယား နှစ်နိုင်ငံကြား လက်ရှိဖြစ်ပွားနေသော တိုက်ပွဲများပြီးဆုံးရေးအတွက် ၎င်းနိုင်ငံများမှ ခေါင်းဆောင်များနှင့် ယနေ့တွင် ဖုန်းခေါ်ဆိုဆွေးနွေးမည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရမ့်က ပြောကြားထားသည်။

သို့သော် ယနေ့တွင်လည်း ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား နယ်စပ်ပဋိပက္ခများ ဆက်လက်ဖြစ်ပွားခဲ့ပြီး ထိုင်းနိုင်ငံဘက်ခြမ်းတွင် ပထမဆုံးအကြိမ်အဖြစ် အရပ်သားသေဆုံးမှု ရှိခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ယခုနှစ် ဇူလိုင်လကလည်း ငါးရက်ကြာ နယ်စပ်ပဋိပက္ခများ ဖြစ်ပွားခဲ့ရာ အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ကြားဝင်ညှိနှိုင်းမှုဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် ရရှိခဲ့ကြသည်။

လက်ရှိဖြစ်ပွားနေသည့် ထိုင်းနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ကြား နယ်စပ်ပဋိပက္ခများ ပြီးဆုံးရေးအတွက် ထပ်မံကြိုးပမ်းနိုင်မည်ဟု မိမိယုံကြည်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောကြားထားကြောင်း သိရသည်။ **Ref : Xinhua**

**Trs : KKO**

# SCIENCE AND TECHNOLOGY

## ယောင်ကန်း-၄၇ ဂြိုဟ်တုကို လောင်းမတ်ချ်-၄ဘီဒုံးပျံဖြင့် ချိုက္ကွမ်အာကာသစခန်းမှတစ်ဆင့် တရုတ်လွှတ်တင်ခဲ့



**ပေကျင်း ဒီဇင်ဘာ ၁၁**

တရုတ်အမျိုးသားအာကာသ အေဂျင်စီသည် ဒီဇင်ဘာ ၉ ရက်တွင် ယောင်ကန်း-၄၇ အမည်ရှိ ဂြိုဟ်တုကို လောင်းမတ်ချ် - ၄ဘီ ဒုံးပျံဖြင့် တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း ချိုက္ကွမ်အာကာသ စခန်းမှတစ်ဆင့် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

လွှတ်တင်ပြီး မကြာမီမှာပင် လောင်းမတ်ချ်-၄ဘီ ဒုံးပျံသည် ယောင်ကန်း-၄၇ ဂြိုဟ်တုကို သတ်မှတ်ပတ်လမ်းပေါ်သို့ အောင်မြင်စွာ ပို့ဆောင်နိုင်ခဲ့ကြောင်း တရုတ်အမျိုးသား အာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

ယောင်ကန်း-၄၇ ဂြိုဟ်တုကို အမျိုးသားမြေတိုင်းတာရေးလုပ်ငန်း၊ မြို့ပြစီမံကိန်းရေးဆွဲမှုများ၊ ကမ်းကွန်ရက် ဒီဇိုင်းပုံစံရေးဆွဲမှုများအတွက် အသုံးပြုမည်ဖြစ်ကြောင်းတရုတ်အမျိုးသားအာကာသ အေဂျင်စီတာဝန်ရှိသူများက ပြောကြားသည်။

ယောင်ကန်း-၄၇ မစ်ရှင်သည် တရုတ်အမျိုးသား အာကာသ အေဂျင်စီက ၉၆ နာရီအတွင်း လွှတ်တင်ခဲ့သော စတုတ္ထမြောက် အာကာသမစ်ရှင် ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယောင်ကန်း-၄၇ မစ်ရှင်သည် လောင်းမတ်ချ်ဒုံးပျံများ၏ ၆၁၄ ကြိမ်မြောက် အာကာသမစ်ရှင်လည်းဖြစ်ကြောင်း သိရသည်။

Ref : Xinhua News
Trs : KKO

## စပေ့စ်အိတ်ကုမ္ပဏီက ဖယ်လ်ကွန်-၉ ဒုံးပျံကို ၃၂ ကြိမ်ထိ အသုံးပြု၍ စတားလင့်ခ်ဂြိုဟ်တုများကို လွှတ်တင်

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

အမေရိကန်နိုင်ငံအခြေစိုက် စပေ့စ်အိတ်ကုမ္ပဏီသည် ဒီဇင်ဘာ ၉ ရက်တွင် ဖယ်လ်ကွန်-၉ ဒုံးပျံ တစ်စင်းကို ၃၂ ကြိမ်ထိ စံချိန်တင် အသုံးပြု၍ စတားလင့်ခ်ဂြိုဟ်တုများကိုလွှတ်တင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အမှတ်စဉ်-၁၀၆၇ ဟူ၍အမည်ပေးထားသည့် အထက်ပါ ဖယ်လ်ကွန်-၉ ဒုံးပျံကို ဖလော်ရီဒါပြည်နယ် ကနေဗီအာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီး မိနစ် ၆၀ ခန့် အကြာတွင် အမှတ်စဉ်-၁၀၆၇ ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် စတားလင့်ခ် ဂြိုဟ်တု ၂၉ စင်းကို သတ်မှတ်ပတ်လမ်းပေါ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပို့ဆောင်ပြီး ၈ ဒသမ ၅ မိနစ်ခန့်အကြာတွင် အမှတ်စဉ်-၁၀၆၇ ဖယ်လ်ကွန်-၉ ပထမအဆင့် ပင်မဒုံးယာဉ်သည် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း အသင့်စောင့်ဆိုင်းနေသော မောင်းသူမဲ့ တွဲရေယာဉ်ပေါ်သို့ ၃၂ ကြိမ်မြောက် အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။

အဆိုပါ မစ်ရှင်အောင်မြင်မှုကြောင့် စပေ့စ်အိတ်ကုမ္ပဏီ၏ စတားလင့်ခ် အင်တာနက် ဝန်ဆောင်မှုဂြိုဟ်တုကွန်ရက်တွင် အင်တာနက် ဝန်ဆောင်မှုပေးနေသော စတားလင့်ခ်ဂြိုဟ်တုအစင်းရေမှာ ၉၁၀၀ ကျော်ထိရှိလာပြီဖြစ်ကြောင်း သိရသည်။

အထက်ပါမစ်ရှင်သည် စပေ့စ်အိတ်ကုမ္ပဏီက ယခုနှစ်အတွင်း လွှတ်တင်ခဲ့သည့် ၁၅၈ ကြိမ်မြောက် ဖယ်လ်ကွန်-၉ မစ်ရှင်ဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## ဆိုယုဇ်အမ်အက်-၂၇ အာကာသလူသယ်ယာဉ် ကမ္ဘာပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့

**မော်စကို ဒီဇင်ဘာ ၁၁**

ရုရှားအာကာသယာဉ်မှူးနှစ်ဦးနှင့် အမေရိကန်အာကာသယာဉ်မှူး တစ်ဦးတို့သည် ဒီဇင်ဘာ ၉ ရက်တွင် ဆိုယုဇ်အမ်အက်-၂၇ အာကာသ လူသယ်ယာဉ်ဖြင့် ကမ္ဘာပေါ်သို့ အောင်မြင်စွာပြန်လည်ဆင်းသက်နိုင်ခဲ့ကြောင်း ဒီဇင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

ရုရှားအာကာသယာဉ်မှူး ဆာဂေးရိုင်ဇီကော့ဗ်၊ အလက်ဆေးဒူဘရန်စကီးနှင့် အမေရိကန် အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)အာကာသယာဉ်မှူး ဂျွန်နီကင်တို့သည် နိုင်ငံတကာအာကာသစခန်း၌ ရှစ်လကြာ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ကမ္ဘာပေါ်သို့ ပြန်လည်ဆင်းသက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၎င်းအာကာသယာဉ်မှူး သုံးဦး လိုက်ပါလာသည့် ဆိုယုဇ်အမ်အက်-၂၇ အာကာသလူသယ်ယာဉ်သည် ကာဇက်စတန်နိုင်ငံ စတက်မြက်ခင်းဒေသ၌ အောင်မြင်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်ဟု ရုရှား အာကာသအေဂျင်စီက သတင်း ထုတ်ပြန်ထားကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်-၂၇ အာကာသ လူသယ်ယာဉ်သည် ကမ္ဘာမြေ အပြန်ခရီးအတွက် ဒီဇင်ဘာ ၈ ရက်တွင် နိုင်ငံတကာအာကာသ စခန်းမှ စတင်ထွက်ခွာခဲ့ကြောင်း သိရသည်။

အဆိုပါအာကာသလူသယ်ယာဉ်နှင့် ပြန်လည်လိုက်ပါလာသည့် အာကာသယာဉ်မှူးသုံးဦးတို့သည် နိုင်ငံတကာ အာကာသစခန်း၌ ၂၄၅ ရက်ကြာ နေခဲ့စဉ်အတွင်း သိပ္ပံပညာနှင့်နည်းပညာစမ်းသပ်မှုများ ရာနှင့်ချီ၍ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်-၂၇ အာကာသ လူသယ်ယာဉ်သည်ရုရှားအာကာသ အေဂျင်စီက ၂၀၀၀ ပြည့်နှစ်မှစ၍ နိုင်ငံတကာ အာကာသစခန်းသို့ လွှတ်တင်ခဲ့သော ၇၃ စင်းမြောက် ဆိုယုဇ်အာကာသ လူသယ်ယာဉ် ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

# HEALTH

## စိတ်ကျဝေဒနာခံစားနေရသူများ၌ ဝက်ရူးပြန် အတက်ရောဂါဖြစ်ပွားနိုင်ခြေ ပုံမှန်ထက်ပိုမြင့်မား

**နယူးယောက် ဒီဇင်ဘာ ၁၁**

စိတ်ကျဝေဒနာ ခံစားနေရသူများတွင် ဝက်ရူးပြန်အတက်ရောဂါ (epilepsy)ဖြစ်ပွားနိုင်ခြေ ပုံမှန်ထက် နှစ်ဆကျော်ပိုမြင့်မားကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၁၀ ရက်သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် စိတ်ကျဝေဒနာကြောင့်လည်း အတက်ရောဂါခံစားရပါက ပုံမှန်ထက် ပို၍ကုသရခက်ကြောင်းလည်း အမေရိကန်သုတေသန ပညာရှင်များက ပြောကြားသည်။

အထက်ပါ လေ့လာတွေ့ရှိချက်အရ စိတ်ကျဝေဒနာနှင့် အတက်ရောဂါ နှစ်မျိုးစလုံးကို စောစောစီးစီး စစ်ဆေးဖော်ထုတ်နိုင်ရန်နှင့် ညှိနှိုင်းကုသမှုများ ပြုလုပ်ရန် အရေးကြီးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန်သုတေသနပညာရှင်များသည် အရွယ်ရောက်သူဦးရေ ၁၁၀၀၀ ကို အချိန်ယူစောင့်ကြည့်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့်ရလဒ်များအရ စိတ်ကျဝေဒနာ ခံစားနေကြရသူများသည် ထိုရောဂါမရှိသူများနှင့်နှိုင်းယှဉ်ပါက အတက်ရောဂါဖြစ်နိုင်ခြေ ၂ ဒသမ ၄ ဆထိ ပို၍မြင့်မားနေတတ်ကြောင်း သိရသည်။

ထို့ပြင် စိတ်ကျဝေဒနာခံစားနေရသူများ၌ အတက်ရောဂါဖြစ်ပွားပါက လူနာ ၄၀ ရာခိုင်နှုန်းမှာ ပုံမှန်ထက် ကုသရခက်ခဲကြောင်း အမေရိကန် သုတေသနပညာရှင်များ၏အဆိုအရ သိရသည်။

Ref : Sputnik News
Trs : KKO

## RSV ဗိုင်းရပ်ကူးစက်မှုကြောင့် နှလုံးကျန်းမာရေးပြဿနာများ နောက်ဆက်တွဲပေါ်လာနိုင်ခြေ မြင့်တက်လာနိုင်

**ကိုပင်ဟေဂင် ဒီဇင်ဘာ ၁၁**


အသက်အရွယ်ရောက်လာချိန်တွင် Respiratory Syncytial Virus(RSV) ရောဂါခေါ် အဖြစ်များသည့် အသက်ရှူလမ်းကြောင်းကူးစက်ရောဂါတစ်မျိုး ခံစားခဲ့ရပါက နှလုံးကျန်းမာရေးပြဿနာများ ပေါ်လာနိုင်ခြေ သိသိသာသာမြင့်တက်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ ဒီဇင်ဘာ ၁၀ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ထို့ပြင် ဒိန်းမတ်သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ RSV ဗိုင်းရပ်ကူးစက်ရောဂါကို အရွယ်ရောက်ချိန်တွင် ခံစားခဲ့ရပါက နောက်ဆက်တွဲ နှလုံးကျန်းမာရေး ပြဿနာများ ပေါ်လာနိုင်ခြေ မြင့်တက်လာတတ်ကြောင်း သိရသည်။

ဒိန်းမတ်သုတေသနပညာရှင်များသည် RSV ဗိုင်းရပ်ရောဂါဖြစ်ပွားထားသည့် အသက် ၄၅ နှစ်နှင့်အထက်ရှိသူ ၈၇၄၇ ဦးနှင့် ၎င်းကူးစက်ရောဂါမရှိသူ ၈၁၄၇ ဦးတို့ကို နှိုင်းယှဉ်လေ့လာခဲ့ကြသည်။

လေ့လာချက်မှပေါ်ထွက်လာသည့် ရလဒ်များအရ RSV ဗိုင်းရပ်ရောဂါ ဖြစ်ပွားထားသူများသည် ရောဂါကူးစက်ခံရပြီး တစ်နှစ်တာအတွင်း နှလုံးရှုတ်တရက်ဖောက်မှု၊ လေဖြတ်မှုကဲ့သို့နှလုံးကျန်းမာရေး ပြဿနာများပေါ်လာနိုင်ခြေ ၄ ဒသမ ၇ ရာခိုင်နှုန်းထိ ပို၍မြင့်မားလာတတ်ကြောင်း ဒိန်းမတ် သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

## ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ နိုင်ငံအလိုက်ဆုတံဆိပ်ရရှိမှုအခြေအနေ

၁၁-၁၂-၂၀၂၅

| စဉ် | နိုင်ငံ | ရွှေ | ငွေ | ကြေး | စုစုပေါင်း |
|---|---|---|---|---|---|
| ၁ | ထိုင်း | ၄၁ | ၂၄ | ၁၄ | ၇၉ |
| ၂ | ဗီယက်နမ် | ၁၄ | ၈ | ၂၇ | ၄၉ |
| ၃ | အင်ဒိုနီးရှား | ၁၃ | ၂၀ | ၁၃ | ၄၆ |
| ၄ | စင်ကာပူ | ၉ | ၁၀ | ၁၃ | ၃၂ |
| ၅ | ဖိလစ်ပိုင် | ၅ | ၇ | ၂၀ | ၃၃ |
| ၆ | မလေးရှား | ၃ | ၁၂ | ၂၀ | ၃၆ |
| ၇ | မြန်မာ | ၂ | ၆ | ၃ | ၁၁ |
| ၈ | လာအို | ၁ | ၁ | ၉ | ၁၁ |
| ၉ | ဘရူနိုင်း | ၀ | ၁ | ၁ | ၂ |
| ၁၀ | တီမောလက်စ်တေ | ၀ | ၀ | ၂ | ၂ |

# ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့များက ဆုတံဆိပ်များ ထပ်မံဆွတ်ခူးခဲ့ပြီး နိုင်ငံအလိုက် အဆင့်(၇)နေရာတွင် ရပ်တည်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ အားကစားအဖွဲ့များက ယနေ့တွင် ဆက်လက်ယှဉ်ပြိုင်ကစားခဲ့ရာ ငွေတံဆိပ်နှင့် ကြေးတံဆိပ်များ ထပ်မံဆွတ်ခူးခဲ့ကြပြီး နိုင်ငံအလိုက် အဆင့်ရပ်တည်မှုတွင် အဆင့်(၇)နေရာတွင် ရပ်တည်နေကြောင်း သိရသည်။




ယနေ့ ယှဉ်ပြိုင်ကစားခဲ့သည့် အားကစားနည်းများတွင် မြန်မာနိုင်ငံအတွက် ဆုတံဆိပ်များကို အမျိုးသားနှစ်ယောက်တွဲ မီတာ ၂၀၀ လှေလှော်ပြိုင်ပွဲတွင် မျိုးလှိုင်ဝင်းနှင့် ထွဋ်ခေါင်ဇော်အတွဲက ငွေတံဆိပ်၊ အမျိုးသမီးတစ်ဦးချင်း ကယက်လှေလှော်ပြိုင်ပွဲတွင် ပိုပိုအောင်က ကြေးတံဆိပ်၊ တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသမီး ၆၇ ကီလိုတန်းပြိုင်ပွဲတွင် ကေသွယ်မွန်လင်းက ငွေတံဆိပ်၊ အမျိုးသားဂျူဒိုနှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းက ပူးတွဲကြေးတံဆိပ်များ အသီးသီးဆွတ်ခူးခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသား၊ အမျိုးသမီးနှစ်ယောက်တွဲ ကြက်တောင်ရိုက်ပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ ဟိန်းထွဋ်နှင့်သက်ထားသူဇာတို့က အင်ဒိုနီးရှားအသင်းနှင့် ကစားခဲ့ရာ ပထမပွဲငယ်တွင် ၂၁ မှတ် ၁၁ မှတ်၊ ဒုတိယပွဲငယ်တွင် ၂၁ မှတ် ၁၄ မှတ်ဖြင့် အနိုင်ရခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ကာ ကွာတားဖိုင်နယ်အဆင့်ကို ဒီဇင်ဘာ ၁၂ ရက်တွင် ဆက်လက်ကစားသွားမည်ဖြစ်သည်။

အလားတူ ပိုက်ကျော်ခြင်း အမျိုးသား သုံးယောက်တွဲ(အသင်းလိုက်)ပြိုင်ပွဲတွင် မြန်မာအသင်းနှင့် ဖိလစ်ပိုင်အသင်းတို့ ကစားခဲ့ရာ ပထမပွဲစဉ်တွင် ရှိန်းဝဏ္ဏဇော်၊ သန့်ဇင်ထွန်း၊ ကျော်မင်းသူ၊ ဇင်မင်းဦးတို့က (၁၅-၁၀)မှတ်၊ (၁၆-၁၇) မှတ်၊ (၁၅-၁၂)မှတ် နှစ်ပွဲ တစ်ပွဲဖြင့်လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ထူးအောင်ကျော်၊ အောင်အောင်၊ ရဲထက်တို့က(၁၇-၁၅)မှတ်၊(၁၅-၈) မှတ် နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ တတိယပွဲစဉ်တွင် မင်းသန့်သူ၊ အောင်မျိုးကျော်၊ နိုဝင်ဘာကိုကို၊ ရန်ပိုင်ဦးတို့က (၁၅-၁၂)မှတ်၊ (၁၄-၁၇)မှတ်၊ (၁၅-၁၁)မှတ် နှစ်ပွဲ တစ်ပွဲဖြင့် အသီးသီး အနိုင်ရခဲ့ကြသည်။

ဆီးဂိမ်းပြိုင်ပွဲ ယနေ့ပွဲစဉ်များ အပြီးတွင် မြန်မာနိုင်ငံက ရွှေတံဆိပ် နှစ်ခု၊ ငွေတံဆိပ် ခြောက်ခု၊ ကြေးတံဆိပ် သုံးခု စုစုပေါင်း ဆုတံဆိပ် ၁၁ ခုဖြင့် နိုင်ငံအလိုက် အဆင့်(၇) နေရာတွင် ရပ်တည်နေကြောင်း သိရသည်။

STA

# အာဆင်နယ် လူငယ်ကစားသမား ဒိုမန်း ဒဏ်ရာကြောင့် နှစ်လခန့်အနားယူရမည်

**လန်ဒန် ဒီဇင်ဘာ ၁၁**

အာဆင်နယ်အသင်းမှ အသက် ၁၅ နှစ်ရှိ လူငယ်ကစားသမား ဒိုမန်းသည် မန်ယူအသင်းနှင့် ကစားခဲ့သည့် ခြေစမ်းပွဲစဉ်တွင် ရခဲ့သည့် ဒဏ်ရာကြောင့် နှစ်လခန့် အနားယူရမည် ဖြစ်ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြထားသည်။

လက်ရှိတွင် ဒိုမန်း၏ ဒဏ်ရာအခြေအနေကို အသေးစိတ် စစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ခွဲစိတ်ကုသမှုခံယူရန် မလိုအပ်သော်လည်း ခြေချင်းဝတ်အရွတ် ထိခိုက်ခဲ့သဖြင့် နှစ်လခန့် အနားယူရမည်ဖြစ်သည်။


ထို့ကြောင့် အာဆင်နယ်အသင်းနှင့် ချန်ပီယံလိဂ်ပြိုင်ပွဲကစားရမည့် လူစာရင်းမှ ချန်လှပ်ခံခဲ့ရပြီး လာမည့် အုပ်စုပွဲစဉ်များဖြစ်သည့် အင်တာမီလန်အသင်း၊ အာမက်တီအသင်းတို့နှင့် ကစားရမည့်ပွဲစဉ်များကို လွဲချော်မည်ဖြစ်သည်။

လူငယ်ကစားသမားဒိုမန်းသည် အာဆင်နယ် ယူ- ၁၈ အသင်းတွင် ကစားနေပြီး ခြေစွမ်းပိုင်းထက်မြက်မှုကြောင့် ယခုနှစ်တွင် အသင်းကြီးသို့ ခေါ်ယူခံရပြီးနောက် ပြိုင်ပွဲစုံငါးပွဲထိ ပါဝင်ကစားခွင့်ရခဲ့ကာ နည်းပြအာတီတာ၏ ယုံကြည်မှုကို ရခဲ့ကြောင်း သိရသည်။

အာဆင်နယ် အသင်းသည် ယခုနှစ်ဘောလုံးရာသီတွင် ဒဏ်ရာရစာရင်း၌ ဒိုမန်းပါဝင်လာပြီးနောက် ဆာလီဘာ၊ ဂါဘရီရယ်၊ မို့စ်ကွီရာ၊ ကိုင်ဟာဗက်ဇ်၊ ဂျီးဆပ်စသည့် အဓိက ကစားသမားများ အပါအဝင် ဒဏ်ရာရရှိမှု ၂၈ ကြိမ်ထိ ကြုံတွေ့ခဲ့ရကြောင်း သိရသည်။

Ref : Fotmob

Trs : ML



# ဆီးဂိမ်းပြိုင်ပွဲ ဘီလိယက်တစ်ဦးချင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံမှကစားသမား ပေါက်စ ဗိုလ်လုပွဲအဆင့်သို့တက်ရောက်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် ၃၃ ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲ ဘီလိယက်တစ်ဦးချင်းပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာနိုင်ငံမှ ကစားသမားပေါက်စနှင့် အိမ်ရှင် ထိုင်းကစားသမား ယွက်တီပေ့ါတို့ ကစားခဲ့ရာ ပေါက်စက အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

ဆီးဂိမ်းပြိုင်ပွဲ ဘီလိယက်တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်တွင် ပေါက်စသည် ပြိုင်ဘက်ဟောင်း စင်ကာပူကစားသမား ပီတာဂေးလ်ခရစ်နှင့်ကစားရမည်ဖြစ်ပြီး ၎င်းတို့နှစ်ဦးသည် ဆီးဂိမ်းပြိုင်ပွဲ ဗိုလ်လုပွဲအဆင့်တွင် သုံးကြိမ်ဆက် တွေ့ဆုံမည်ဖြစ်သည်။

ပေါက်စသည် ၂၀၂၁ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတို့တွင် မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ကို နှစ်ကြိမ်ဆက် ဆွတ်ခူးပေးခဲ့ပြီး ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင်လည်း ဗိုလ်လုပွဲအဆင့်တက်ရောက်နိုင်ခဲ့ကာ ၂၀၂၁ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲနှင့် ၂၀၂၃ ခုနှစ် ဆီးဂိမ်းပြိုင်ပွဲတို့တွင် ပီတာဂေးလ်ခရစ်ကို နှစ်ကြိမ်ဆက် အနိုင်ရခဲ့ပြီး ရွှေတံဆိပ် ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

ပေါက်စနှင့် ပီတာဂေးလ်ခရစ်တို့သည် ဆီးဂိမ်းစ်ပြိုင်ပွဲ ဘီလိယက်တစ်ဦးချင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၂ ရက်တွင် ဆက်လက်ကစားသွားမည်ဖြစ်သည်။

အလားတူ Snooker 6 Red ပြိုင်ပွဲတွင်လည်း မြန်မာနိုင်ငံမှ နေမင်းထွန်းက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဗိုလ်လုပွဲအဆင့်သို့တက်ရောက်ခဲ့ကြောင်း သိရသည်။

STA

# 2025 Stefan Edberg Sportsmanship Award ဆုကို စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ် ဆွတ်ခူး

**လန်ဒန် ဒီဇင်ဘာ ၁၁**

အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် အခြေစိုက်သည့် Association of Tennis Professionals (ATP) က ချီးမြှင့်သည့် 2025 Stefan Edberg Sportsmanship Award ဆုကို စပိန်တင်းနစ်ကစားသမား အယ်ကာရက်ဇ်က ဆွတ်ခူးခဲ့ကြောင်း Tennis World သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



အယ်ကာရက်ဇ်သည် ၂၀၂၅ ခုနှစ် တင်းနစ်ရာသီကို ကမ္ဘာ့အဆင့်(၁) နေရာဖြင့် အဆုံးသတ်နိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ်အတွင်း အောင်မြင်မှုအများဆုံးရရှိထားသည့် ကစားသမားတစ်ဦးလည်းဖြစ်သည်။

အသက် ၂၂ နှစ်ရှိ အယ်ကာရက်ဇ်သည် အသက် ၂၅ နှစ် မပြည့်မီ ဂရန်းစလန်းဆုဖလား ခြောက်လုံးထိ ရရှိထားသည့် ကစားသမားအဖြစ် မှတ်တမ်းဝင်ထားပြီး ၂၀၂၅ ခုနှစ်အတွင်း ပါဝင်ယှဉ်ပြိုင်ခဲ့သော ပြိုင်ပွဲများတွင်လည်း အားကစားစိတ်ဓာတ် အပြည့်ဝဆုံး ကစားသမားတစ်ဦး ဖြစ်သောကြောင့် 2025 Stefan Edberg Sportsmanship Award ဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

2025 Stefan Edberg Sportsmanship Award ဆုကို ဆွတ်ခူးခဲ့သည့် အယ်ကာရက်ဇ်က "ဒီဆုဟာ တခြားဆုနဲ့ မတူပါဘူး။ ဘယ်လောက်ပဲ အောင်မြင်မှုတွေရနေပါစေ ဒီဆုကို ဆွတ်ခူးနိုင်ဖို့ မလွယ်ပါဘူး။ အားကစားသမားတစ်ယောက်အနေနဲ့ အားကစားစိတ်ဓာတ်ပြည့်ဝဖို့က အရေးကြီးပါတယ်။ ဒီဆုဟာ ဒါကိုရည်ညွှန်းတဲ့ဆုဖြစ်ပါတယ်။ အောင်မြင်မှုရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ အားကစားလောကအတွက် အရေးကြီးဆုံးဖြစ်တဲ့ အားကစားစိတ်ဓာတ်ပြည့်ဝတဲ့ ကစားသမားကို ရွေးချယ်ချီးမြှင့်တဲ့ ဒီဆုကို ရရှိခဲ့တာဟာ ကျွန်တော့်အတွက်တော့ ဂုဏ်ယူစရာအကောင်းဆုံးဆု ဖြစ်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Tennis World

Trs : AZL

# ဖိလစ်ပိုင်နိုင်ငံတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများပြန်လည်ထူထောင်ရေးအတွက် Asian Development Bank က ကန်ဒေါ်လာ သန်း ၅၀၀ ကူညီပံ့ပိုးမည်



**မနီလာ ဒီဇင်ဘာ ၁၁**

ဖိလစ်ပိုင်နိုင်ငံတွင် ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၇ ရက်အတွင်း မုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများ ပြန်လည် ထူထောင်ရေးအတွက် မနီလာမြို့တွင် အခြေစိုက်သည့် Asian Development Bank က အမေရိကန်ဒေါ်လာ သန်း ၅၀၀ ကူညီ ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း Asian Development Bank က ထုတ်ပြန်သွားခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဘဏ္ဍာရေးဆိုင်ရာ အခြေခံ မူဝါဒများအတိုင်း ချေးငွေသဘောမျိုး ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် ဖိလစ်ပိုင်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံမှုများပြုလုပ်နေသည့် ပြင်သစ်အခြေစိုက် Agence Française de Développement ကုမ္ပဏီနှင့် ဂျာမနီနိုင်ငံအခြေစိုက် KfW Development Bank ကုမ္ပဏီတို့ကလည်း ကုမ္ပဏီတစ်ခုလျှင် အမေရိကန်ဒေါ်လာ ၂၅၀ သန်း ချေးငွေသဘောမျိုး ကူညီပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"မကြာသေးမီက ရင်ဆိုင်ခဲ့ရတဲ့ မုန်တိုင်းအန္တရာယ်ကြောင့် အခြေခံအဆောက်အအုံတော်တော်များများ ပျက်စီးဆုံးရှုံးခဲ့ရတယ်။ အထူးသဖြင့် သဘာဝအရင်းအမြစ်ဆိုင်ရာစီးပွားရေးကဏ္ဍမှာ ပျက်စီးဆုံးရှုံးမှု များပြားခဲ့တယ်။ ဒီကဏ္ဍတွေမှာ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ ဆောင်ရွက်သွားဖို့အတွက် အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိ ချေးငွေကူညီပံ့ပိုးပေးသွားမှာ ဖြစ်ပါတယ်"ဟု Asian Development Bank ၏ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ဒါရိုက်တာဖြစ်သူ ဂျက်ဖရိုင်းက ပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : Sai Sat**

# တရုတ်နိုင်ငံတွင် အအေးလှိုင်းကြောင့် နှင်းကျဆင်းရာမှ နှင်းမုန်တိုင်းများ ဖြစ်လာနိုင်ခြေရှိ

**ပေကျင်း ဒီဇင်ဘာ ၁၁**

တရုတ်နိုင်ငံတွင် အအေးလှိုင်း ဖြတ်သန်းမှု သတိပေးချက်ထုတ်ပြန်ပြီးနောက် တရုတ်နိုင်ငံမြောက်ပိုင်းတွင် အပူချိန်များသိသိသာသာ ကျဆင်းလာပြီး အအေးလှိုင်းကြောင့် နှင်းကျဆင်းရာမှ နှင်းမုန်တိုင်းများဖြစ်လာနိုင်ခြေရှိကြောင်း တရုတ် မိုးလေဝသစီမံခန့်ခွဲရေးဌာန၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

တရုတ် မိုးလေဝသစီမံခန့်ခွဲရေးဌာန၏ ထုတ်ပြန်ချက်အရ နိုင်ငံ၏ဒေသအများစုတွင် အပူချိန် ၆ ဒီဂရီစင်တီဂရိတ်မှ ၁၀ ဒီဂရီစင်တီဂရိတ်ထိ ကျဆင်းမည်ဖြစ်ပြီး ဒီဇင်ဘာ ၁၄ ရက်တွင် ရေခဲမှတ်ထိ ရောက်နိုင်သဖြင့် အာဏာပိုင်များက အအေးလှိုင်းပြင်းထန်နိုင်သဖြင့် ကျန်းကျန်း၊ ကျန်းရှီး၊ ဟူဘေးပြည်နယ်များမှ ဒေသခံများကို ခေတ္တရွှေ့ပြောင်းနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

ဒီဇင်ဘာ ၁၀ရက်က ရှင်ကျန်းနှင့် မွန်ဂိုးလီးယားအတွင်းပိုင်းတွင် နှင်းများသာ ကျဆင်းခဲ့ပြီး ယနေ့တွင် ရှန်ရှီး၊ ဟဲဘေးနှင့် ဟဲနန်ကဲ့သို့သော ပြည်နယ်များအတွင်း နှင်းထူထပ်စွာကျဆင်းရာမှ နှင်းမုန်တိုင်းများ ဖြစ်နိုင်ခြေရှိကြောင်း သိရသည်။

လက်ရှိတွင် ပြင်းထန်အအေးလှိုင်း၏ သက်ရောက်မှုကြောင့် အပူချိန်လျင်မြန်စွာ ကျဆင်းမှုနှင့် လေပြင်းတိုက်ခတ်မှုများဖြစ်ပေါ်နေသည့်အပြင် အအေးဒဏ်ကြောင့် နှလုံးသွေးကြောဆိုင်ရာနှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါများ ဖြစ်ပွားနိုင်ခြေ မြင့်မားနေသဖြင့် အသက်အရွယ် ကြီးရင့်သူများ၊ ကလေးသူငယ်များ သတိပြုနေထိုင်ကြရန် အာဏာပိုင်များက သတိပေးထားသည်။

**Ref : Russia Today**
**Trs : KZ**

# အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေသဖြင့် ရေဘေးအန္တရာယ်သတိပေးချက် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**ဝါရှင်တန် ဒီဇင်ဘာ ၁၁**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် ဒီဇင်ဘာ ၁၀ ရက်မှစတင်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှု ဖြစ်ပေါ်ခဲ့ပြီး ရေကြီးရေလျှံမှု အန္တရာယ်ရှိသည့်အတွက် ယနေ့တွင် ရေဘေးအန္တရာယ် သတိပေးချက် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း Washington National Guard က ထုတ်ပြန်ခဲ့သည်။

အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ပြီ ဖြစ်သည့်အတွက်ကြောင့် ကယ်ဆယ်ရေးလုပ်ငန်းများကို အရေးပေါ်အခြေအနေဖြင့် အထူးတပ်ဖွဲ့ဝင်များ စေလွှတ်ကာ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိ ဝါရှင်တန်ပြည်နယ်တွင် နေထိုင်သော ဒေသခံများ ရင်ဆိုင်နေရသည့် သဘာဝဘေး အန္တရာယ်အခြေအနေသည် ၂၀၂၅ ခုနှစ်အတွင်း ဝါရှင်တန်ပြည်နယ်အတွက် အဆိုးရွားဆုံးရေဘေး အန္တရာယ်ဖြစ်ကြောင်း၊ ပြည်နယ်အတွက်လည်း ကြီးမားသည့် စိန်ခေါ်မှုတစ်ရပ်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ ရိုက်ခတ်မှုကြီးမားသည့်အတွက် ပျက်စီးဆုံးရှုံးမှု များပြားနေကြောင်း



သိရသည်။

"မိုးရေချိန်မြင့်မားစွာ ရွာသွန်းခဲ့ပြီး ရေကြီးရေလျှံမှုကြောင့် ဒေသခံတွေ ရေဘေးအန္တရာယ် ဆိုးရွားစွာ ရင်ဆိုင်နေရပါတယ်။ ပြည်သူတွေ အန္တရာယ်ကင်းဖို့အတွက် အထူးတပ်ဖွဲ့တွေစေလွှတ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်။ အရေးပေါ်အခြေအနေ သတ်မှတ်ပြီးတော့ တုံ့ပြန်ရေး အစီစဉ်တွေကိုလဲ အင်အားသုံးပြီး လျင်လျင်မြန်မြန် ဆောင်ရွက်နေခြင်းဖြစ်ပါတယ်"ဟု ဝါရှင်တန်ပြည်နယ် ဝန်ကြီးချုပ် ဖာဂူဆန်က ပြောကြားခဲ့သည်။

**Ref : Russia Today**
**Trs : Sai Sat**

# ဗီယက်နမ်နိုင်ငံက လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် အရည်အသွေးကျနေသော မော်တော်ယာဉ်များကို ဖျက်သိမ်းသွားမည်

**ဟနွိုင်း ဒီဇင်ဘာ ၁၁**

ဗီယက်နမ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်တွင် လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် အရည်အသွေးကျနေသော မော်တော်ယာဉ်များကို ဖျက်သိမ်းသွားမည်ဟု ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဗီယက်နမ်နိုင်ငံသည် ၂၀၂၆ ခုနှစ်မှ ၂၀၃၀ ပြည့်နှစ်ထိ လေထုညစ်ညမ်းမှုကို လျှော့ချရန်အတွက် အရည်အသွေးကျနေသော မော်တော်ယာဉ်များ၏ ယာဉ်အသွားအလာကို ပိုမိုတင်းကျပ်စွာ ထိန်းချုပ်သွားမည်ဖြစ်ပြီး အင်ဂျင်များကျကာ မီးခိုးများထွက်နေသည့် မော်တော်ယာဉ်များ လေထုညစ်ညမ်းမှု၊ အသံညစ်ညမ်းမှုတို့ ဖြစ်စေသည့် မော်တော်ယာဉ်များကို ဖယ်ရှားရန် ဒီဇင်ဘာ ၁၀ ရက်က ဗီယက်နမ် အမျိုးသားလွှတ်တော်က အမိန့်ထုတ်ပြန်ခဲ့သည်။

အဆိုပါ အရည်အသွေးကျနေသော မော်တော်ယာဉ်များကို ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများ၊ မူဝါဒများနှင့် ထိရောက်စွာ ဖော်ထုတ်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါဆောင်ရွက်မှုကို လူဦးရေထူထပ်ပြီး လေထုညစ်ညမ်းမှုများသည့် နိုင်ငံ၏မြို့တော်ဟနွိုင်းနှင့် နိုင်ငံ့တောင်ပိုင်းရှိ အချက်အချာမြို့တို့တွင် စတင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အာဏာပိုင်များ၏ ယခုကဲ့သို့ ဆောင်ရွက်မှုသည် သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် စိမ်းလန်းသော စွမ်းအင်အသွင်ကူးပြောင်းမှုကို အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KZ**



# ရှော့ခ်ရှိုင်းယား မိုးခေါင်မှု အရေးပေါ်အခြေအနေကို ပြန်လည်ရုပ်သိမ်းကြောင်း EA ထုတ်ပြန်ကြေညာ

**လန်ဒန် ဒီဇင်ဘာ ၁၁**

အင်္ဂလန်နိုင်ငံ ရှော့ခ်ရှိုင်းယားကောင်တီတွင် ယခုနှစ်အတွင်း မိုးခေါင်ရေရှားပါးမှုဖြင့် ကာလရှည် ရင်ဆိုင်ခဲ့ရသော်လည်း မိုးရွာသွန်းမှုများ ရှိလာပြီဖြစ်သကဲ့သို့ ရေလှောင်တမံများနှင့် မြစ်ချောင်းများတွင်လည်း မြစ်ရေမြင့်တက်လာပြီဖြစ်သည့်အတွက် မိုးခေါင်ရေရှားပါးမှု အရေးပေါ်အခြေအနေကိုပြန်လည်ရုပ်သိမ်းလိုက်ကြောင်း သဘာဝပတ်ဝန်းကျင် အေဂျင်စီ (EA)က ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရှော့ခ်ရှိုင်းယားကောင်တီကို ပြီးခဲ့သော ဇူလိုင်လမှစတင်၍ မိုးခေါင်ရေရှားပါးမှု အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး အရေးပေါ်ကာလကိုလည်း ခြောက်လထိ သတ်မှတ်ကြောင်း ထုတ်ပြန်ခဲ့သည်။

လက်ရှိ မြေအောက်ရေ အရင်းအမြစ် ပြန်လည်ကောင်းမွန်လာပြီဖြစ်သကဲ့သို့ မိုးရွာသွန်းမှုများကြောင့် သောက်သုံးရေလုံလောက်စွာ ရရှိတော့မည်ဖြစ်သည့်အတွက် ယနေ့မှစ၍ မိုးခေါင်ရေရှားပါးမှု အရေးပေါ်အခြေအနေကိုပြန်လည်ရုပ်သိမ်းခဲ့ခြင်းဖြစ်သည်။

"မြေအောက်ရေအရင်းအမြစ်တွေ ပြန်လည်ကောင်းမွန်လာပြီဖြစ်သလို မိုးရွာသွန်းမှုတွေလဲရှိလာတဲ့အတွက်ကြောင့် မြစ်ရေစန်းခြောက်နေမှုတွေ၊မြစ်ရေလယ်ဗယ် လျော့ကျမှုတွေ ပြန်အဆင်ပြေလာပြီဖြစ်တဲ့အတွက် ဇူလိုင်လက မိုးခေါင်ရေရှားပါးမှု အရေးပေါ်အခြေအနေ စတင်သတ်မှတ်ထားတာကို ဒီနေ့ကစပြီးတော့ပြန်လည်ရုပ်သိမ်းလိုက်ပြီ ဖြစ်ပါတယ်။ ရှေ့လျှောက် စိုက်ပျိုးရေးနဲ့ မွေးမြူရေး လုပ်ငန်းတွေအတွက် ပြန်လည်အဆင်ပြေလာတော့မှာ ဖြစ်သလို သောက်သုံးရေကိုလဲ လုံလောက်စွာ ပေးဝေနိုင်တော့မှာ ဖြစ်ပါတယ်"ဟု သဘာဝပတ်ဝန်းကျင်အေဂျင်စီ(EA) မှ ပြောရေးဆိုခွင့်ရှိသူ ဘာရီးက ပြောကြားခဲ့သည်။

**Ref : Sputnik News**
**Trs : Sai Sat**

ခရီးသွားဆောင်းပါး

# ဗိုလ်တထောင် ဆူးလေအစုံစုံ နောက်ထပ်ရွှေတိဂုံ

သက်နိုင်(ပြင်ဦးလွင်)

မောင်နှမတစ်တွေ စုပေါင်းထွက်ခွာလာကြတဲ့ တောင်ငူ၊ ရန်ကုန်၊ ငွေဆောင်၊ ချောင်းသာခရီးစဉ်မှာ ရန်ကုန်မြို့ကိုရောက်ရှိနေပြီဖြစ်တဲ့အပြင် အင်းလျားကန်မှာ လေ့လာလည်ပတ်ပြီး ဟိုတယ်ရှိရာကို ဆက်လက်ထွက်ခွာလာကြပါပြီ။ တစ်ညတာအိပ်စက်အနားယူကြမဲ့ဟိုတယ်က ဗိုလ်ချုပ်အောင်ဆန်းလမ်းနဲ့ အနော်ရထာလမ်းကြားက ဝါးတန်းလမ်းမှာပါ။ ဟိုတယ်ရဲ့အမည်ကိုလဲ ဝါးတန်းဟိုတယ်လို့ အမည်ပေးထားတယ်။ ဒါကြောင့် အင်းလျားကန်ရှေ့ ပြည်လမ်းအတိုင်း ဗိုလ်ချုပ်အောင်ဆန်းလမ်းအထိ မောင်းလာခဲ့ပြီး ဝါးတန်းလမ်းကိုရောက်မှ ဘယ်ဘက်ကို ချိုးကွေ့လိုက်ရတယ်။ လမ်းတစ်လျှောက် ဖြတ်သန်းတွေ့ရှိခဲ့ရတဲ့ ရန်ကုန်မြို့ မြင်ကွင်းတွေက ထုံးစံအတိုင်း စည်စည်ကားကားပါ။

ဟိုတယ်ကိုရောက်ရှိ အခန်းတွေယူ၊ ရေမိုးချိုး၊ အဝတ်အစားလဲပြီးကြတာနဲ့ ရန်ကုန်မြို့တွင်းမှာ ဘုရားတွေဖူး၊ လေ့လာလည်ပတ်ကြဖို့ ထွက်ခွာလာခဲ့ကြတယ်။ အချိန်က ညနေ ၃ နာရီ ရှိနေပါပြီ။ ပထမဦးဆုံးအနေနဲ့ ဗိုလ်တထောင်စေတီတော်ကြီးရှိရာကို သွားရောက်ကြမှာပါ။ ဒါကြောင့် ကမ်းနားလမ်းအတိုင်း မောင်းနှင်လာခဲ့လိုက်တယ်။ ဒီလိုမောင်းလာရင်းနဲ့ ရန်ကုန်-ဒလ မြစ်ကူးတံတား စီမံကိန်းလုပ်ငန်းခွင်နေရာကိုရောက်တော့ တံတားကြီးက ရန်ကုန်ဘက်ကမ်းနဲ့ ဒလဘက်ကမ်း တစ်ဆက်တည်းဖြစ်သွားတာကို တွေ့မြင်လိုက်ရတယ်။ ပြီးခဲ့တဲ့နှစ် ရောက်ရှိလာချိန်တုန်းက ဟိုဘက်ဒီဘက် မဆက်သေးဘဲ အလယ်မှာလွတ်ကျန်နေပါသေးတယ်။ တံတားကြီးက တစ်ဆက်တစ်စပ်တည်းဖြစ်သွားပေမဲ့ တံတားပေါ်ကနေ ဖြတ်သန်းမောင်းနှင်သွားလာလို့ မရသေးပါဘူး။ ရန်ကုန်-ဒလ တံတားကြီးရှိရာကို ဖြတ်သန်းလာတဲ့အခါ စိတ်ကူးတစ်ခုပေါ်သွားခဲ့ပြီး အခုတစ်ခေါက် ခရီးစဉ်အဖြစ် ငွေဆောင်၊ ချောင်းသာ ပင်လယ်ကမ်းခြေတွေကို သွားရောက်တဲ့အခါမှာလဲ အရင်တစ်ခေါက်က အတိုင်း ရန်ကုန်မြစ်ကို ဇက်နဲ့ကူးသွားကြမယ်။ ဒလ-တွံတေး-ကော့မှူး-ကွမ်းခြံကုန်း-ဒေးဒရဲ-ဖျာပုံ-ဘိုကလေး-မော်လမြိုင်ကျွန်း-ဝါးခယ်မ-မြောင်းမြ-ပုသိမ်စတဲ့မြို့တွေကို ဖြတ်သန်းကြမယ်လို့ စိတ်ကူးလိုက်မိတယ်။ ဒီလိုစိတ်ကူးလိုက်မိတာက တံတားကြီး ပြီးစီးဖွင့်လှစ်လိုက်တဲ့အခါ ရန်ကုန်မြစ်ကို ဇက်နဲ့ကူးလို့မရတော့တဲ့အပြင် လမ်းတစ်လျှောက်မှာ တည်ရှိနေကြတဲ့ မြို့ပေါင်းများစွာကိုလဲ မောင်နှမတွေ ရောက်ဖူး၊ ကြုံဖူးသွားကြရအောင်လို့ပါ။ မိမိရဲ့ စိတ်ကူးအစီအစဉ်ကို ပြောပြတဲ့အခါ အားလုံးက သဘောတူညီကြတယ်။

ကမ်းနားလမ်းအတိုင်း မောင်းလာရင်းနဲ့ မကြာခင်မှာ ဗိုလ်တထောင်စေတီတော်ရှိရာကို ရောက်လာကြတယ်။ ဒါပေမဲ့ စေတီတော်ရှေ့ လမ်းတစ်လျှောက်မှာ ကားရပ်နားစရာနေရာမရှိလောက်အောင် ကားတွေများပြား ပြည့်နှက်နေတယ်။ ဒါကြောင့် ကားရပ်စရာနေရာတစ်ခုကို ခက်ခက်ခဲခဲ ရှာဖွေကားရပ်ခဲ့ပြီးမှ စေတီတော်အတွင်းကို ဝင်ရောက်လာခဲ့ရတယ်။ စေတီတော်ရှေ့ လမ်းပေါ်မှာ ကားတွေပြည့်နှက်နေကြတာနဲ့အမျှ စေတီတော်ဝင်းအတွင်း ရင်ပြင်တော်ပေါ်မှာလဲ တိုးမပေါက်အောင် စည်ကားနေတဲ့ ဘုရားဖူးဧည့်သည်တွေကို တွေ့မြင်ရပြန်တယ်။ စေတီတော်ကို လာရောက်ဖူးမြော်ကြတဲ့ ဘုရားဖူးတွေ ဘယ်လောက်များပြားသလဲဆိုရင် အရှေ့ဘက်မုခ်ပေါက်ကနေ ဝင်ရောက်သွားကတည်းက သက်ဆိုင်ရာတာဝန်ရှိသူတွေက ပြန်ထွက်ရင် အရှေ့မုခ်ပေါက်ကနေ ပြန်ထွက်လို့မရပါ။ အနောက်ဘက်မုခ်ပေါက်ကနေ ပြန်ထွက်ကြပါလို့ ပြောဆိုသတိပေးနေတယ်။ ဘုရားဖူးတွေ များပြားလွန်းတာကြောင့် ဝင်ပေါက်ထွက်ပေါက်တွေကို ခွဲခြားထားရပါတယ်။ ဒါ့ပြင် ဖိနပ်ထားတဲ့စင်တွေမှာလဲ နောက်ထပ် ထားစရာမရှိအောင် ပြည့်နှက်နေပြီဖြစ်လို့ မိမိတို့ ဖိနပ်ကို မိမိတို့ကိုယ်တိုင် ပလတ်စတစ်အိတ်တွေနဲ့ထည့်ပြီး ကိုင်ဆောင်သွားနေရတော့တယ်။

ဗိုလ်တထောင်စေတီကိုမွန်ဘာသာစကားအမည်နဲ့ ကျိုက်ဒေးအပ်လို့ ခေါ်ဆိုကြပါတယ်။ ကျိုက်ဆိုတာက ဘုရား၊ ဒေးအပ်ဆိုတာက အပ်နှံသည်လို့ ဆိုလိုတာကြောင့် အပ်နှံသည့်ဘုရားဆိုပြီး အဓိပ္ပာယ်ရနေတယ်။ ဘုရားသမိုင်းအရ ရှင်ယသအမှူးပြုတဲ့ ရဟန္တာ ရှစ်ပါးရဲ့ ဓာတ်တော်မွေတော်တွေကို အပ်နှံခဲ့တဲ့ ကုန်းတော်လို့ အဆိုရှိပါတယ်။ ရဟန္တာတွေရဲ့ ဓာတ်တော်မွေတော်တွေကို ဗိုလ်ခြေတစ်ထောင်ကို အပ်နှံတဲ့နေရာမှာ စေတီတော်တည်ထားတဲ့အတွက် ဗိုလ်တထောင်စေတီလို့ အမည်တွင်လာခဲ့တယ်။



ရန်ကုန်မြို့ရှိ ဆူးလေစေတီကို တွေ့ရစဉ်။

ဗိုလ်တထောင်စေတီကို ခေတ်အဆက်ဆက် ပြုပြင်မွမ်းမံခဲ့ကြပြီး ဟံသာဝတီ ဆင်ဖြူရှင်မင်းသား အိမ်ရှေ့မင်းဘဝနဲ့ ကုန်းဘောင်ခေတ် ဘကြီးတော်ဘုရားလက်ထက်တွေမှာ ပြုပြင်ခဲ့ကြတယ်။ ဒါ့ပြင် ၁၉၄၃ ခုနှစ် ဒီဇင်ဘာ ၈ ရက် ဒုတိယ ကမ္ဘာစစ်အတွင်း ဗုံးဒဏ်ကိုခံခဲ့ရတာကြောင့် စစ်ပြီးခေတ်မှာ ပြန်လည်ပြုပြင်ခဲ့ရပါသေးတယ်။ ဗိုလ်တထောင်မြို့နယ်ဆိုတာကလဲ ဗိုလ်တထောင်စေတီတော်ကြီးကို အစွဲပြုပြီး ခေါ်ဆိုခဲ့ကြတာပါ။ ဒါပေမဲ့ ဗိုလ်တထောင်စေတီတော်က ကမ်းနားလမ်းရဲ့ တောင်ဘက်ခြမ်းမှာ တည်ရှိနေတာကြောင့် အခုအခါမှာ ဆိပ်ကမ်းမြို့နယ်အတွင်း ပါဝင်သွားခဲ့ရတယ်။

စေတီတော်မှာ ဘုရားဖူးတွေ အလွန်များပြားနေလို့ မိမိတို့မောင်နှမတစ်တွေမှာလဲ ဘုရားဖူးမြော်ကန်တော့နေကြရင်းနဲ့ သူ့အစုနဲ့သူ လူစုတွေကွဲကုန်ကြရတယ်။ ကားရပ်ထားတဲ့နေရာမှာ ပြန်လည်ဆုံစည်းရောက်ရှိကြဖို့အတွက် ဖုန်းဆက်အကြောင်းကြားရပြီး လူပြန်စုခဲ့ရတယ်။ လူစုံတာနဲ့ ဗိုလ်တထောင်စေတီတော်ကနေ ဆူးလေစေတီရှိရာကို ခရီးဆက်ခဲ့ကြတယ်။ လမ်းတစ်လျှောက်လုံးမှာ ရန်ကုန်မြို့တော်ကြီးလဲဖြစ်၊ သီတင်းကျွတ်လပြည့်နေ့ အခါကြီးရက်ကြီးလဲဖြစ်တဲ့အတွက် ရှုပ်ထွေးစည်ကားနေပါတယ်။ ဒါပေမဲ့ ဗိုလ်တထောင်စေတီတော်နဲ့ ဆူးလေစေတီက အလှမ်းမဝေးတာကြောင့် တစ်ခဏအတွင်းမှာ ဆူးလေစေတီအနီးကို ရောက်လာခဲ့ကြတယ်။ ဆူးလေစေတီက အဝိုင်းပတ်လမ်းကြီးဖြစ်နေတာကြောင့် ကားရပ်နားလို့မရပါဘူး။ ဒါကြောင့် မဟာဗန္ဓုလပန်းခြံ ကားရပ်နားကွင်းမှာ ကားရပ်နား၊ ပန်းခြံထဲဝင်ရောက် လေ့လာလည်ပတ်ပြီးမှ ဆူးလေစေတီပေါ်ကို တက်ရောက်ကြဖို့ဆုံးဖြတ်လိုက်ကြတယ်။ မဟာဗန္ဓုလပန်းခြံအတွင်း၊ အပြင်မှာ လူတွေစည်စည်ကားကား ဖြစ်နေတာကိုလဲ တွေ့မြင်နေရတယ်။ အတွင်းပိုင်းမှာ ပိုမိုများပြားစည်ကားနေတယ်။

မဟာဗန္ဓုလပန်းခြံက ရန်ကုန်မြို့ကို ဗြိတိသျှတို့ သိမ်းပိုက်အပြီး ဆူးလေစေတီတော်ရဲ့ အရှေ့တောင်ဘက်နေရာကို ၁၈၆၇-၁၈၆၈ ခုနှစ်မှာ ချုံနွယ်ပိတ်ပေါင်းတွေရှင်းလင်း၊ မြေဖို့ပြုပြင်ပြီး ပန်းခြံအဖြစ် တည်ဆောက်ခဲ့တာပါ။ ပန်းခြံကို ပထမဆုံးကော်မရှင်နာမင်းကြီးချုပ်ဖြစ်သူ အဲလ်ဘတ်ဖိုက်ချ်ကို ဂုဏ်ပြုတဲ့အနေနဲ့ ဖိုက်စကွဲယား (Fytche Square) ပန်းခြံလို့ အမည်ပေးခဲ့တယ်။ ဒါ့ပြင် ပန်းခြံထဲမှာ ဝိတိုရိယဘုရင်မကြီးရဲ့ ရုပ်တုကိုလဲ ထုလုပ်ထားခဲ့တယ်။ ဒါပေမဲ့ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိခဲ့တဲ့ ၁၉၄၈ ခုနှစ် ဇန်နဝါရီ ၄ ရက်နေ့မှာ ၁၅၅ ပေမြင့်တဲ့ လွတ်လပ်ရေးကျောက်တိုင်ကြီးကို အုတ်မြစ်ချတည်ဆောက်ခဲ့ပြီး ၁၉၄၈ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့မှာ အခမ်းအနားနဲ့ ဖွင့်လှစ်ခဲ့ပါတယ်။

မဟာဗန္ဓုလပန်းခြံအရှေ့မှာရှိနေတဲ့ ရန်ကုန်မြို့တော်ခန်းမကြီးကိုတော့ မြန်မာဗိသုကာပညာရှင် စည်သူ ဦးတင်က ပုံစံရေးဆွဲတည်ဆောက်ခဲ့ပြီး ၁၉၃၆ ခုနှစ် မေလမှာ ပြီးစီးခဲ့တာပါ။ ကားရပ်ခဲ့ပြီး မဟာဗန္ဓုလပန်းခြံထဲကို ဝင်လာတဲ့အခါ မြို့တော်ခန်းမကြီးကို ခံ့ခံ့ညားညား တွေ့မြင်နေရတယ်။ ပန်းခြံထဲမှာ လူတွေစည်ကားလွန်းလှပါတယ်။ ရေပန်းနေရာတွေနဲ့ မြက်ခင်းပြင်နေရာတွေမှာ ဓာတ်ပုံရိုက်နေကြသူတွေ၊ အပန်းဖြေဆော့ကစားနေကြသူတွေ ပိုမိုများပြားနေတယ်။ ပန်းခြံထဲမှာ လည်ပတ်အပြီး ဆူးလေစေတီပေါ်မတက်ခင် ပန်းခြံဘေးမှာ တည်ရှိနေတဲ့ ဈေးတန်းကြီးမှာ အဆာပြေတစ်ခုခု စားသောက်မယ်လို့ စဉ်းစားမိလိုက်ပေမဲ့ အခုအချိန်မှာ ဈေးတန်းကြီးက မရှိတော့ပါဘူး။ အရင်တုန်းက စည်စည်ကားကားနဲ့ အစားအသောက်တွေ စုံစုံလင်လင်ရရှိနေတဲ့ ဈေးတန်းကြီးမှာ လည်ပတ်စားသောက်ခဲ့ဖူးပါတယ်။

မဟာဗန္ဓုလပန်းခြံမှာ လည်ပတ်ပြီးတာနဲ့ လမ်းကူးခဲ့ပြီး ဆူးလေစေတီပေါ်ကို တက်ခဲ့ကြတယ်။ စာရေးသူတို့ရောက်ရှိချိန်က သီတင်းကျွတ်လပြည့်နေ့ဖြစ်နေပေမဲ့ ထူးထူး ခြားခြားအနေနဲ့ ဆူးလေစေတီရင်ပြင်ပေါ်မှာ ပြောပလောက်အောင် စည်စည်ကားကားဖြစ်မနေဘဲ ဘုရားဖူးဧည့်သည် အနည်းငယ်လောက်သာ ရှိနေကြတယ်။

အရင်တုန်းက ကျောက်တံတားရပ်၊ အခုအခေါ် ကျောက်တံတားမြို့နယ်မှာ တည်ရှိနေတဲ့ ဆူးလေစေတီတော်ကို ရှေးခေတ်အခါက ကျိုက်အသုတ်စေတီလို့ ခေါ်ဆိုခဲ့ကြတယ်။ ရာဇာဓိရာဇ်အရေးတော်ပုံကျမ်းမှာ ဗညားဦးမင်းဆိုသူက ရွှေတိဂုံစေတီတော်ကို ဖူးမြော်ဖို့လာရောက်တဲ့အခါ "အသုတ်ဘုရားရှင် ပြဋ္ဌိတ်ပြတော်မူ၏"ဆိုပြီး တွေ့ရှိရသလို ဗညားနွဲ့မင်းသား(ရာဇာဓိရာဇ်မင်း) ဒဂုံကိုထွက်ပြေးလာခဲ့တဲ့ ၁၃၈၃ ခုနှစ် မေ ၄ ရက်နေ့မှာ ကျိုက်အသုတ်စေတီကို ဝင်ရောက်ဖူးမြော်ခဲ့ကြောင်း စေတီတော်သမိုင်းတွေမှာ တွေ့မြင်နေရတယ်။ ဒါပေမဲ့ စေတီတော်ပတ်ဝန်းကျင်မှာ ဆူးလေပင်တွေ ထူထူထဲထဲ အများအပြား ပေါက်ရောက်နေတာကြောင့် ဆူးလေစေတီတော်လို့သာ အမည်ထင်ရှားနေတယ်။

စေတီတော်ပေါ်မှာ ဘုရားဖူးဧည့်သည်တွေလဲ နည်းပါး၊ လေ့လာကြည့်ရှုစရာ များများစားစား မရှိဘဲ ရင်ပြင်အတိုင်းကြီးသက်သက်သာရှိပြီး ကားရပ်နားထားတဲ့နေရာနဲ့လဲ နီးနီးကပ်ကပ်ရှိနေတာကြောင့် မောင်နှမတစ်တွေ သူ့အစုနဲ့သူ ဘုရားဖူးမြော်ကန်တော့ပြီးကြတာနဲ့ ကားရှိရာကို ပြန်လည်ရောက်လာခဲ့ကြတယ်။ ကားပေါ်ရောက်တဲ့အချိန်ထိ မဟာဗန္ဓုလပန်းခြံထဲမှာ လည်ပတ်နေကြသူတွေ အများအပြား ရှိနေသေးတာကို တွေ့မြင်နေရတယ်။ လူစုံလို့ ကားပြန်ထွက်တော့မဲ့အခါမှာ ဘယ်သွားချင်လဲ၊ ဘယ်ဝင်ချင်သေးသလဲ မေးမြန်းပေမဲ့ ဘယ်မှမသွားတော့ဘူး။ ရွှေတိဂုံစေတီကိုပဲ သွားတော့မယ်ဆိုတာကြောင့် ရွှေတိဂုံစေတီရှိရာကို ဆက်လက်ထွက်ခွာလာခဲ့ရတယ်။ အချိန်က ညနေစောင်း အလင်းရောင်ကောင်းကောင်းရှိနေပါသေးတယ်။

ရွှေတိဂုံစေတီကို သွားဖို့အတွက် ဆူးလေစေတီကနေ ရွှေတိဂုံစေတီလမ်းထိ မောင်းလာခဲ့ရတယ်။ ဒီအချိန်မှာ ရန်ကုန်မြို့ရဲ့ ယာဉ်ကြောကျပ်မှု၊ ရှုပ်ထွေးမှု၊ စည်ကားမှုတို့ကို စတင်ရင်ဆိုင်ကြုံတွေ့ရပါပြီ။ ရွှေတိဂုံဘုရားလမ်းကို မရောက်ခင်ထဲ တန်းစီပြီး များပြားလွန်းတဲ့ ကားတန်းကြီးတွေ တစ်ပွိုင့်မှာ နှစ်ကြိမ်၊ သုံးကြိမ်လောက် ရပ်တန့်နေရတဲ့ မီးပွိုင့်ကြီးတွေကြောင့် ကားကိုတစ်လိမ့်ချင်းမောင်းနေရတယ်။ မိမိက ကားကိုတစ်လိမ့်ချင်း ဂရုစိုက်မောင်းနေရပေမဲ့ ကားပေါ်မှာပါလာတဲ့ မောင်နှမတွေကတော့ ရန်ကုန်မြို့တွင်းကို လေ့လာကြည့်ရှုခွင့် ရနေကြတယ်။ ဒီလမ်းဒီနေရာတွေက လေ့လာကြည့်ရှုလို့ ကောင်းသလို လမ်းလျှောက်ပြီး ဝယ်ချင်တာဝယ်၊ စားချင်တာစား၊ ကြည့်ချင်တာတွေ ကြည့်လို့ကောင်းတဲ့နေရာတွေ ဖြစ်နေတယ်။ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ အနော်ရထာလမ်း၊ မဟာဗန္ဓုလလမ်းတွေပေါ်မှာ အသွားအပြန်လမ်းလျှောက်၊ လေ့လာလည်ပတ်၊ ဈေးဝယ်ရတာက အခြားမြို့ကြီးတွေနဲ့ မတူညီကြပါဘူး။ ရန်ကုန်မြို့ဆိုတဲ့ မြင်ကွင်းပုံရိပ်တွေကို ဒီလမ်းဒီနေရာတွေက ဖော်ညွှန်းပေးစွမ်းပြသနေတယ်။ ရွှေတိဂုံစေတီကအပြန် အချိန်ရမယ်ဆိုရင် ဒီလမ်းတွေပေါ်မှာ လေ့လာလည်ပတ် လမ်းလျှောက်လိုက်ပါအုံးမယ်။

အခုခရီးစဉ်အတွက် ညနေပိုင်းမှာ ဗိုလ်တထောင်စေတီနဲ့ ဆူးလေစေတီတို့ကို ဖူးမြော်ပြီးခဲ့ကြပါပြီ။ နောက်ထပ်ရှေ့ဆက်ပြီး ရွှေတိဂုံစေတီရှိရာကို သွားရောက်နေကြတာ မကြာခင်မှာ ရောက်ကြတော့မှာပါ။ ရွှေတိဂုံစေတီမှာလဲ လေ့လာကြည့်ရှုဖူးမြော်ပြီး လိုရာဆုတွေကို တောင်းလိုက်ကြပါအုံးမယ်။

# သရဲကား ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၄ ရက်တွင် Mahar Application မှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဒီဇင်ဘာ ၁၁**

ကြည်နူးစေ ရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လုပ်သည့် သရဲကား ရုပ်ရှင်ဇာတ်ကားကို ဒီဇင်ဘာ ၁၄ ရက်တွင် Mahar Application မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ သရဲကား ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ ခင်လှိုင် (ဉာဏ်ကြီးရှင်) ထံမှ သိရသည်။

အဆိုပါသရဲကား ရုပ်ရှင်ဇာတ်ကား၏ ဇာတ်လမ်းဇာတ်ညွှန်းကို ဒီဒီထက်အောင်က ရေးသားထားကာ ဒါရိုက်တာ ခင်လှိုင် (ဉာဏ်ကြီးရှင်)နှင့် တွဲဖက်ဒါရိုက်တာ မိုးမိုးတို့က ကြည်နူးစေ ရုပ်ရှင် ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးထားကြောင်း သိရသည်။

"ဒီဇာတ်ကားကတော့ ပြီးခဲ့တဲ့ ဖေဖော်ဝါရီလတုန်းက ရုံတင်ပြသခဲ့တဲ့ ဟာသဇာတ်မြူးရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်။ ဒါပေမဲ့ ဟာသဇာတ်မြူးကို သည်းထိတ်ရင်ဖိုဖြစ်အောင် ထူးထူးခြားခြားလေး ရိုက်ကူးထားပါတယ်။ ဇာတ်လမ်းအကျဉ်းလေးကတော့ လူတွေစိတ်ဝင်တစား ကြည့်နေကြတဲ့ သရဲကားကို သရဲအစစ်နဲ့ ရိုက်မယ်လို့ ကြိမ်းဝါးထားတဲ့ ဒါရိုက်တာ တစ်ယောက် သူရိုက်နေတဲ့ သရဲကားမှာ မကျွတ်မလွတ်ဖြစ်နေတဲ့ ဝိညာဉ်ပါလာပြီး အဲဒီဝိညာဉ်က တစ်ကောင်တည်း မဟုတ်ဘဲ နောက်ထပ်ဘာတွေ ပါလာမလဲ ဆိုတာ ကြည့်ရှုအားပေးပါအုံး" ဟု ဒါရိုက်တာ ခင်လှိုင် (ဉာဏ်ကြီးရှင်)က ပြောပြသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် နေတိုး၊ ကျော်ကျော်ဗို၊ ခင်လှိုင်၊ မိုးမိုး၊ ဝေလာရီ၊ လီလီကျော်ခိုင်၊ ခြူးစစ်ဟန်၊ မိုးပွင့်ဖြူနှင့် အနုပညာရှင်များစွာ ပါဝင်ထားကြကြောင်း သိရသည်။

ASH

# Kill Screen ထိတ်လန့်သည်းဖိုဇာတ်ကား၌ မင်းသား ဒေးဗစ်ဒက်မဲချီယန် ပါဝင်မည်

**နယူးယောက် ဒီဇင်ဘာ ၁၁**

Concourse Media ကုမ္ပဏီ၏ Kill Screen အမည်ရှိ ထိတ်လန့်သည်းဖို ရုပ်ရှင်ဇာတ်ကားသစ်၌ The Dark Knight မင်းသား ဒေးဗစ်ဒက်မဲချီယန် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဒီဇင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

Kill Screen ဇာတ်ကားတွင် မင်းသား ဒေးဗစ်ဒက်မဲချီယန်သည် မင်းသမီး အယ်လာဘာလင်စကာနှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

Kill Screen ဇာတ်ကားသည် ပျောက်ဆုံးနေသော ညီမဖြစ်သူကို ရှာဖွေနေသည့်အမျိုးသမီးငယ်တစ်ဦးနှင့် အဖော်သုံးဦးတို့ ဆန်းကြယ်သော ထိတ်လန့်ချောက်ချားဖွယ် ဂိမ်းကစားပွဲတစ်ခုထဲသို့ ရောက်ရှိခဲ့ရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့်ဇာတ်ကားဖြစ်သည်။

Kill Screen ဇာတ်ကားကို ဒါရိုက်တာ ဂရက်မက္ကလိန်းက တာဝန်ယူ ရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ဂက်ခရီဂျာက တာဝန်ယူရေးသားပေးထားသည်။

မင်းသား ဒေးဗစ်ဒက်မဲချီယန် နောက်ဆုံးသရုပ်ဆောင်ထားသည့် ဇာတ်ကားမှာ မကြာမီ ရုံတင်ပြသမည့် Street Fighter ဇာတ်ကားဖြစ်ပြီး လက်ရှိတွင် Kill Screen ဇာတ်ကားရိုက်ကူးမည့် ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို ထုတ်လုပ်သူများက ထုတ်ဖော်ပြောကြားခြင်းမရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# တေးသံရှင် လွှမ်းပိုင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို ဇမ္ဗူသီရိမြို့နယ်ရှိ BOA – Bar of Awardway တွင် ပြုလုပ်သွားမည်ဖြစ်

**ရန်ကုန် ဒီဇင်ဘာ ၁၁**

တေးသံရှင် လွှမ်းပိုင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို CHRISTMAS NIGHT SPECIAL အဖြစ် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်ရှိ BOA – Bar of Awardway ၌ ဒီဇင်ဘာ ၂၅ ရက်တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း တေးသံရှင် လွှမ်းပိုင်ထံမှ သိရသည်။

အဆိုပါ တေးသံရှင် လွှမ်းပိုင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို The Seven Entertainment က စီစဉ်ပေးခြင်းဖြစ်ပြီး BOA – Bar of Awardway ၏ ပင်တိုင်တေးဂီတအဖွဲ့က တေးသံရှင် လွှမ်းပိုင်၏ သီဆို ဖျော်ဖြေမှုများကို အကောင်းဆုံး ပံ့ပိုးကူညီ တီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။




" ဇမ္ဗူသီရိမြို့နယ်က BOA – Bar of Awardway မှာ ဒီဇင်ဘာ ၂၅ ရက်ညမှာ နေပြည်တော်က ပရိသတ်တွေနဲ့ အတူတူရှိနေမှာဖြစ်ပါတယ်။ ဆောင်းရဲ့အအေးဓာတ်ကို အမိုက်စားသံစဉ်တွေနဲ့ မြူးကြွနွေးထွေးစေမဲ့ ဒီဇင်ဘာရဲ့ ခရစ္စမတ်ညကို အတူတူနွဲပျော်ကြဖို့ ဖိတ်ခေါ်ပါရစေ"ဟု တေးသံရှင် လွှမ်းပိုင်က ပြောပြသည်။

တေးသံရှင် လွှမ်းပိုင်၏ တစ်ကိုယ်တော် တေးဂီတဖျော်ဖြေပွဲကို BOA – Bar of Awardway တွင် ဒီဇင်ဘာ ၂၅ ရက် ည ၇ နာရီမှ စတင်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# The Fifth Wheel ဇာတ်ကား၌ မင်းသမီး သုံးဦးထပ်မံပါဝင်လာ

**နယူးယောက် ဒီဇင်ဘာ ၁၁**

Netflix ကုမ္ပဏီ၏ The Fifth Wheel အမည်ရှိ ဟာသဇာတ်ကားသစ်၌ မင်းသမီး နစ်ကီဂလေဆာ၊ ဘရန်ဒါဆောင်းနှင့် ဖော်ကျူးဖိုင်းစတားတို့လည်း ပါဝင်လာကြောင်း ဒီဇင်ဘာ ၁၀ ရက် သတင်းများအရ သိရသည်။

အထက်ပါ မင်းသမီး သုံးဦးသည် The Fifth Wheel ဇာတ်ကား၌ မင်းသမီး ကင်ကာဒက်ရှန်နှင့်အတူ သရုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။

The Fifth Wheel ဇာတ်ကားသည် ပြန်လည်တွေ့ဆုံရေးအတွက် ကြိုးပမ်းနေသော အထက်တန်းကျောင်းနေဘက် အမျိုးသမီးတစ်စု၏အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

The Fifth Wheel ဇာတ်ကားကို အမျိုးသမီး ဒါရိုက်တာ အီဗာလွန်ဂိုရီးယားက တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

၎င်းဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ ပေါ်လာပဲက တာဝန်ယူရေးသားပေးထားသည်။

လက်ရှိတွင် The Fifth Wheel ဇာတ်ကားရိုက်ကူးမည့် ရက်နှင့် ရုံတင်ပြသမည့်ရက်တို့ကို Netflix ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# စစ်တွေမြို့သက်တမ်း နှစ် ၂၀၀ ပြည့်ပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်

**စစ်တွေ ဒီဇင်ဘာ ၁၁**

ရခိုင်ပြည်နယ် စစ်တွေမြို့၏ မြို့သက်တမ်း နှစ် ၂၀၀ ပြည့်ပွဲတော်ကို ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက်မှ ဇန်နဝါရီ ၂၃ ရက်ထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းထံမှ သိရသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့၏ မြို့သက်တမ်းသည် ၂၀၂၆ ခုနှစ်တွင် နှစ် ၂၀၀ ပြည့်မည်ဖြစ်ပြီး အဆိုပါ စစ်တွေမြို့ နှစ် ၂၀၀ ပြည့်ပွဲတော်တွင် စစ်တွေမြို့ ဝက်ပါကွင်းအတွင်း အားကစားပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ယိမ်းအကအလှများအပြင် ရခိုင်တိုင်းရင်းသား တေးသံရှင်များ၏ တေးဂီတဖျော်ဖြေပွဲများကိုလည်း ထည့်သွင်းကျင်းပသွားရန် စီစဉ်နေကြောင်း သိရသည်။

"စစ်တွေရဲ့ နှစ် ၂၀၀ ပြည့်ပွဲတော် အထိမ်းအမှတ်အနေနဲ့ စစ်တွေမြို့ရဲ့ သင်္ကေတဖြစ်တဲ့ နာရီစင်နှင့် ပွိုင့်မီးပြတိုက်မျှော်စင်၊ ငြိမ်းချမ်းရေးဗျာလ အရုပ်တွေပါရှိတဲ့ အလှပြယာဉ်တွေနဲ့ တေးသံသာတွေ သီဆိုတာ၊ မြို့တွင်းလှည့်လည်တာတွေ ပါဝင်ပါမယ်။ မြို့ရဲ့ အထင်ကရ နေရာတွေမှာလဲ မြေစိုက်ပိုစတာကြီးတွေ စိုက်ထူထားပါမယ်။ ဒ့ါပြင် အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီးမှာ ပရိတ်ရွတ်ဖတ်ပူဇော်တာ၊ သက်ကြီးဘိုးဘွား အယောက် ၂၀၀ ကို ပူဇော်ကန်တော့တာတွေ၊ ပျော်ပွဲရွှင်ပွဲတွေ၊ ယိမ်းအကနဲ့ တေးသီချင်းဖျော်ဖြေတာတွေ ပါဝင်မှာဖြစ်ပါတယ်" ဟု ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းက ပြောပြသည်။

အဆိုပါပွဲတော်ကာလအတွင်း စစ်တွေမြို့ရှိ ခိုင်သဇင်ခန်းမ၌ စစ်တွေမြို့၏ ရှေးဟောင်းအမှတ်တရ ဓာတ်ပုံများ၊ စစ်တွေမြို့ဖွားထင်ရှားသည့် ရဟန်း၊ လူပုဂ္ဂိုလ်များ၏ ဓာတ်ပုံများ၊ ကိုလိုနီခေတ်မှ ယနေ့ကာလထိ တည်ရှိနေသည့် အဆောက်အအုံများ၊ စစ်တွေမြို့နှင့်ပတ်သက်ပြီး ရေးဖွဲ့ထားသည့် ကဗျာများ၊ ကာတွန်းများကို ပြသသွားမည်ဖြစ်ပြီး စာတမ်းဖတ်ပွဲနှင့် အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းသား၊ ကျောင်းသူများ၏ ပန်းချီပြိုင်ပွဲများကိုလည်း ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း ရခိုင်ပြည်နယ် ဥပဒေချုပ် ဦးလှသိန်းထံမှ သိရသည်။

ASH

# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing inspects proper drainage measures and systematic management for markets in Yangon City



Senior General Min Aung Hlaing inspects water flow at Thamine Creek bridge.

**Nay Pyi Taw December 11**

Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing, accompanied by Commission Secretary and Joint Executive Chief General Ye Win Oo, members of the inspection tour, the Chief Minister of Yangon Region and officials, made an inspection tour of the urban development undertakings, proper flow of water in drains and systematic management for markets in Yangon Region this morning.

**Proper flow of water in creeks and drains including Thamine Creek flowing in Yangon City**

First, the Senior General and party inspected the Thamine Creek Bridges on Mindhamma Road and on Bayintnaung Road in Mayangon Township where Mayor U Bo Htay and officials reported to the Senior General on efforts to ensure proper drainage processes.

After hearing the reports, the Senior General stressed the need to systematically manage the beautification of Yangon City and the proper drainage process at creeks and drains. It is necessary to raise the public awareness to dispose garbage at the relevant sites and avoid littering into the drains. Officials need to systematically manage the proper flow of water in drains as bad smell from the blockage of creeks and drains may harm health of the people. The Senior General gave guidance that it is necessary to apply modern technology to inspect and assess the creeks and drains flowing through Yangon, including the Thamine Creek, to ensure that wastewater can flow freely through their outlets into the relevant rivers and waterways without obstruction. Blocked sections along these creeks and channels need to be cleared, he added.

Although Yangon City had experienced inundation in the rainy season for several times, similar occurrences of flooding were less than the previous years due to concerted efforts of the Yangon City Development Committee which emphasizes systematic and proper flow of water in creeks and drains in Yangon City. If maintenance and repair work is carried out on Thamine Creek in Mayangon Township to improve water flow, flooding during the monsoon season in the township can be significantly reduced. In addition, unpleasant odors along the creek will also lessen. Therefore, repair and maintenance works on Thamine Creek will be undertaken. Moreover, residents of the city have to participate in avoiding undisciplined disposing to ensure proper flow of water along creeks and drains with responsibilities so as to shape the beautifier city.



Senior General Min Aung Hlaing converses with a shopkeeper at Thiri Mingala Market.

The Senior General and party inspected the Thiri Mingala Market and Shwe Padauk Fish Market in Hline Township.

**Thiri Mingala Market**

At the Thiri Mingala Market, the Senior General and party cordially conversed with shopkeepers selling goods at shops and traders transporting commodities and asked them about inflow of commodity, marketing situation and daily experiences in trading.

The Senior General instructed officials to systematically supervise sanitation and tidiness in the market, clean the drains and carry out sanitation. He stressed the need to repair the damaged roofs and ensure the proper ventilation in the market. Moreover, the Senior General underscored that when transporting and handling green groceries along the Hline River bank, it is necessary to ensure that waste is not dumped into the river and that all disposal practices are carried out in an orderly and systematic manner, and left necessary guidance.

**Shwe Padauk Fish Market**

On arrival at the Shwe Padauk Fish Market, the Senior General and party cordially greeted vendors at relevant shops and asked about selling of goods. The Senior General also inspected docking of ships and boats for passengers and fishery merchants at the jetty of Shwe Padauk Fish Market on the bank of Hline River.

The Senior General gave guidance to officials on proper flow of water in the market, systematic littering and repairing for the necessary structures as quickly as possible.



Senior General Min Aung Hlaing hears report by officials at Central Vaccine Cold Storage Facility (Yangon).

**Central Vaccine Cold Storage Facility (Yangon)**

The Senior General and party proceeded to the Central Vaccine Cold Storage Facility (Yangon) of the Public Health Department under the Ministry of Health on Mindhamma Road in Mayangon Township and inspected the process of distribution and storage of vaccines.

Union Minister for Health Dr Thet Khaing Win reported on the storage conditions at the Central Vaccine Cold Storage Facility (Yangon), including the cold rooms capable of maintaining temperatures between +2°C and +8°C, as well as the freezers that can keep vaccines and syringes between –15°C and –25°C. Vaccines stored in these rooms according to their respective categories.

After hearing the reports, the Senior General urged officials to ensure an uninterrupted electricity supply for medicine storage, including the use of solar systems as a backup power source, and to maintain proper temperature control inside the storage rooms and gave necessary guidance. 100

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing meets members of Yangon Region government and region and district level departmental officials, discusses regional development


Senior General Min Aung Hlaing meets members of Yangon Region government and region and district level departmental officials.

**Nay Pyi Taw December 11**

Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing met members of Yangon Region government and region and district level departmental officials at Mingala Hall of the region government office this afternoon, and discussed regional development.

Also present at the meeting were SSPC Secretary Joint Executive Chief General Ye Win Oo, members of the entourage, the Yangon Region chief minister, the Yangon Command commander, deputy ministers.

**Report on ongoing regional development undertakings**

First, the chief minister reported on points of the region, agricultural undertakings, storage capacities of dams, pumping and storing water with solar power and electricity, rural electrification through the use of solar power, loans from national economic development funds for progress of farming, local and foreign investments and job opportunities, MSME development undertakings, promotion of education, health and sports sectors, endeavours for the successful holding of multiparty democracy general election, systematization of polling stations, and guaranteeing the rights of eligible voters, and canvassing campaigns of political parties in Yangon Region.

**Clarifications of Union ministers in connection with the report**

Regarding the report, union ministers, Dr Thet Khaing Win and Dr Soe Win, stressed the collective participation of administrative officials in carrying out public healthcare activities, apart from health staff, pointing out the serious efforts of the State in giving vaccines to expectant mothers and infants, which is an important task. They also discussed the availability of financial support for elderly care services, natural disaster risk reduction undertakings, and building a disaster resilience country.

**Know the region's basic facts correctly, apply them effectively**

Regarding the reports, the Senior General said the country will hold the multiparty democracy general election on 28 this month, and a government change will occur at the end of March 2026. A Union report on the 2024 population and housing census had already been issued. The report includes valuable statistics, numbers and data for the nation. The collected information discloses the daily lifestyles that spotlights demographic changes and rural and urban populations, education level of the citizens, the size of labour force and employment, migration and the way of life. Hence, policymakers, planners, data users must effectively use the said information. Likewise, departmental personnel of Yangon Region too must pay attention to the census report for the development of their region.

**Investing in education regarded an investment in the country's future**

Collected figures and data indicate the weakness in the country's education sector. The government in office is encouraging education promotion activities in all seriousness. Efforts must be made to increase in student class attendance and to maintain the number of students from the lower to higher grades, but weakness is found in the anti-student attrition projects. Yangon Region should strive to reduce student attrition rate, as weakness in the education sector can be followed by the weakness in the remaining sectors. Human resources imbued with intellectual knowledge and technological knowledge must be generated in building a modern nation in the future. In addition, a disciplined and orderly society must be materialized, and as the saying goes, "Discipline starts at schools" children of the future must obey the teachings of their teachers. Children who have attended school have better discipline than the ones who have never attended school, and morale and discipline of children improve together with the rise in grades. In addition, they can acquire decent behavior, way of life and habits, and a moral sense to stay away from smoking, drinking and betel chewing that are unbeneficial for them and the society. Students can be turned into a valuable generation of youths with good morale and discipline through systematic schooling. The State Government is enhancing education promotion activities in all seriousness as investing in education is investing in the nation's future. Schools will hold the final examinations in February 2026. Hence, they must make preparations to ensure full participation in the examinations and a resurge in the number of students from lower to higher grades in the coming year.

**Promoting production based on agriculture and livestock businesses**

Regarding agriculture and livestock, he stated that it's necessary to increase production activities to ensure food sufficiency for the people residing in the Yangon Region. He stated that reasonably priced food commodities will only be achieved if sufficient meat, fish, and eggs required by urban residents are produced and sold. He noted that if consumption and production are balanced, the high cost of goods can be reasonably contained. He emphasized the need to utilize the vacant and virgin lands in Yangon City for agricultural and livestock production, strive for regional food security, and ensure food supply is adequate for people of all social classes to consume.

He noted that Myanmar, under successive previous governments, experienced trade deficits and relied on non-trade earnings and grants to cover necessary foreign currency expenditures. These trade deficits were caused by weak production; only through domestic production can export goods be generated, leading to trade surpluses. Therefore, he stated that since taking charge, they have promoted production and supported domestic manufacturing. However, because they couldn't achieve full implementation, the expected revenue wasn't fully realized. He concluded that if they can achieve the production targets, they'll be able to increase production in agriculture-based industries. He stated that there are many agricultural and livestock experts in the Yangon Region, so it's essential to utilize these experts effectively to meet the region's needs. He noted that official data shows significant variations in agricultural output in the country across different eras, and that accurate data and statistics are crucial for better analysis and execution of national development efforts. Therefore, he urged those executing the projects to strive to meet the target goals and instructed those responsible for collecting statistics to ensure the accuracy of the data. He stressed that, fundamentally, everyone must genuinely work for the development of the country, and that the necessary resources will be provided to enable this work.

Also, he stated that if agricultural and livestock businesses develop, the socio-economic lives of farmers will also improve, and the resulting increase in local circulating capital will, in turn, lead to regional development. *See Page 14*

*From Page 13*

Therefore, he emphasized that they must work to develop production based on agriculture and livestock businesses, and strive for the development of the agricultural, industrial, and service sectors. He stressed the need to encourage the development of CMP and MSME businesses and particularly focus on MSME production based on raw materials available in the regions. He added that the development of the industrial sector will lead to the advancement of the service sector, concluding that the nation can achieve GDP growth primarily by basing its efforts on the agricultural sector.

**Enhancing the health sector**

Regarding health, he mentioned that the country is still in need of health workers. When the current government first took charge, the COVID-19 pandemic was ongoing, and they faced great difficulties due to health workers leaving their posts. A policy has now been set to require graduating doctors from medical universities to serve in public hospitals for a certain period. He stated that they're striving to improve the nation's health sector and have increased the benefits for health workers to a reasonable extent. Since the State provides free education for the public's healthcare services, he urged everyone to cooperate in enhancing the nation's health sector.

**Successfully holding the multi-party democracy general election**

Regarding the election, he stated that the election will be held on December 28th and will be organized into three phases. He emphasized the need to work towards successfully holding the election one hundred percent in the Yangon Region. For the successful holding of a free and fair multi-party democracy general election, it's crucial that all eligible voters can cast their ballots, and that efforts must be made to prevent electoral fraud, which occurred in the 2020 election, calling the fraud a severe incident for the country. He noted that since the current government took responsibility due to errors in the voter lists during the last election, the election they hold must be free from such errors; although one hundred percent accuracy won't be possible, they must strive for the highest possible level of accuracy. He stressed that they must ensure those included in the voter lists do not lose their right to vote; while casting or not casting a vote is the will of the constituents, ensuring they can vote is the government's duty. Since successfully holding the election is a matter of the nation's dignity, everyone needs to cooperate to ensure success in all polling locations. He stated that they're working to enable voting using the Myanmar Electronic Voting Machines (MEVMs), which prevent electoral fraud. He urged everyone to cooperate to make the election free, fair, and dignified. After the election is completed, the Hluttaw will be convened, and the State's responsibilities will be handed over to the new government that is formed. He concluded that the election is an essential task that must be successfully carried out in accordance with the democratic system and the 2008 Constitution, and therefore, officials from the Yangon Region Government need to cooperate to ensure its successful completion.

It's reported that after the meeting, the Senior General and the delegation cordially greeted the attendees.

100

# Farmers plant more than 1,000 acres of maize and sweet corns in Kalewa Township



A maize plantation.

**Kalewa December 11**

According to the statistics of Kalewa Township Agriculture Department, local farmers have planted more than 1,000 acres of maize and sweet corns in Kalewa Township of Sagaing Region.

During the 2025–2026 winter crop season, Kalewa Township planned to cultivate 544 acres of maize production and 1,610 acres of sweet corn, making a total of 2,154 acres. Since planting began in October, 395 acres of maize and 1,248 acres of sweet corn have been cultivated, totalling 1,643 acres completed as of today.

"During the winter crop season in Kalewa Township, over 2,000 acres of maize and sweet corn were planned for cultivation. As of today, more than 1,000 acres have been planted. We are providing farmers with technical guidance to ensure successful growth and to prevent pest and disease outbreaks," said U Myo Naing, head of the Kalewa Township Agriculture Department.

In Kalewa Township, farmers growing maize and sweet corn receive training from the township agriculture department, field demonstrations, early protection against stem borers, and guidance on integrated pest management using neem pesticides, as well as ginger and chilli pest control methods. Technical knowledge on cultivation practices is also provided.

Maize yields in the township average over 50 viss per acre, with cultivation costs of about K500,000 per acre. Sweet corn yields approximately 15,000 cobs per acre, with costs also exceeding K500,000 per acre. 206

# Kanbalu Township finishes cultivation of more than 5,000 acres of maize and sweet corns

**Kanbalu December 11**

Statistics from Kanbalu Township Agriculture Department stated that local farmers grew more than 5,000 acres of maize and sweet corns as cold season crops in Kanbalu Township of Sagaing Region this year.

During the 2025–2026 winter cropping season, Kanbalu Township planned to cultivate 3,565 acres of maize and 1,613 acres of sweet corn, totalling 5,178 acres. Planting began in October this year, and as of today, 3,532 acres of maize and 1,561 acres of sweet corn—5,093 acres in total—have already been cultivated.

“The plan for this year’s winter season is to grow 5,178 acres of maize and sweet corn in Kanbalu Township. As of today, 5,093 acres have been cultivated. Efforts are underway to meet the full target acreage. To ensure healthy crop growth, we are carrying out awareness activities, including guidance on preventing pest and disease outbreaks,” said U Myo Zaw, Head of the Kanbalu Township Department of Agriculture.

This year, the Township Department of Agriculture has been providing farmers who grow seed maize and sweet corn with training sessions, field demonstrations, early-stage pest prevention for fall armyworm, integrated crop protection measures, and proper use of pesticides and botanical sprays for pests such as stem borers, ginger pests, and chilli pests, along with other agricultural awareness activities.

In Kanbalu Township, maize typically yields more than 50 baskets per acre, with an estimated production cost of K500,000 per acre. Sweet corn typically produces around 15,000 ears per acre, with cultivation costs slightly above K500,000 per acre. 206

# More than 3,000 acres of vegetables grown in YeU Township

**YeU December 11**

YeU District Agriculture Department unveiled that local farmers have planted a total of 3,163 acres of vegetables in YeU Township of Sagaing Region this year.

During the 2025–2026 winter cropping season, YeU Township planned to cultivate 4,044 acres of assorted vegetables. Planting began in October this year, and as of today, 3,163 acres have been cultivated.

“This year, YeU Township planned to grow more than 4,000 acres of vegetables during the winter cropping season. As of today, over 3,000 acres have already been planted. The main crops include mustard greens, chilli, coriander, potatoes, cauliflower, eggplant, and cabbage. We are providing technical support for farmers to cultivate all vegetables under the GAP system. We are also guiding farmers to grow vegetables with minimal chemical residues to ensure they are safe and healthy for consumers,” said U Zaw Myint Tun, Head of the YeU District Department of Agriculture

This year, the Township Department of Agriculture has been providing vegetable farmers with GAP-focused technical training, guidance to ensure that harvested vegetables meet health and safety standards, and support to encourage farmers to expand vegetable cultivation.

YeU Township cultivates various seasonal vegetables every year. These crops have been growing successfully and contributing to household incomes. To support vegetable farmers, the Township Department of Agriculture continues to provide knowledge on proper cultivation practices, pest prevention, the use of natural fertilizers, and preparation and use of natural pesticides and repellents.

206



A vegetable plantation.

# Another 20 buildings used for online fraud and gambling demolished in KK Park area; additional online fraud and gambling perpetrators arrested in Myawady Town, Ward (3)



A 3-story illegal residential building in Section (3) of the KK Park area.

Before demolition. After demolition.

**Nay Pyi Taw December 11**

The Myanmar government is conducting clearance operations within the illegal structures in Shwe Kokko and KK Park areas, where online fraud and gambling activities are most concentrated. The operations, carried out by a joint task force comprising security force members, administrative bodies, and regional authorities, systematically destroy seized items used in online fraud and gambling operations and demolish illegal buildings.

In today's ongoing crackdown on online fraud and gambling, authorities demolished another 20 illegal buildings within Block (3) of the Myawady-Maehtawthalay (KK Park) area. These buildings were used for committing online fraud and gambling offenses. The demolished structures include two 3-story buildings, fifteen 2-story buildings, and three single-story warehouses. With this demolition, a total of 381 out of 635 illegal buildings within the KK Park area have now been systematically demolished.

Furthermore, regarding the illegal foreign nationals arrested in the Myawady, Shwe Kokko, and KK Park areas, efforts are ongoing to swiftly repatriate them to their respective countries based on humanitarian considerations and friendly relations between nations. Today, a total of 115 foreign nationals who had been detained from the Myawady-Shwe Kokko area—comprising 71 Filipinos, 42 Ethiopians, 1 Egyptian, and 1 Rwandan—were handed over to their respective countries via the Myanmar-Thai Friendship Bridge (No. 2), in accordance with legal procedures. It is learned that authorities continue to work on repatriating the remaining illegal foreign nationals and that they are being properly held in custody.

In addition, to prevent illegal foreign nationals from residing in buildings in and around Myawady Town, Kayin State, and to prevent them from conducting online fraud and gambling operations, a joint task force including security forces, administrative bodies, and regional authorities has been conducting search and clearance operations since December 8. Today, they were able to inspect an additional 48 buildings. From among these, in a building located on Shwe Taung (2) Street in Ward (3), Myawady Town, authorities uncovered and arrested four illegal Ethiopian males along with four gambling tables used for conducting online fraud and gambling.

Moreover, it is learned that items used for committing online fraud and gambling offenses within the KK Park and Shwe Kokko areas in Myawady Township were also systematically burned and destroyed today to prevent their reuse.

It is reported that the government, taking the fight against online fraud and gambling offenses as a national duty, will continue its operations to completely prevent their establishment within Myanmar, collaborating not only with domestic forces but also with the governments of neighbouring countries. 100



Clearing out buildings that could harbor illegal foreigners.



Burning and destroying equipment used by online fraud and gambling perpetrators within the Shwe Kokko area.

# More than 1,000 acres of chilli planted in Sagaing District

**Sagaing December 11**

According to the district Agriculture Department, local farmers planted more than 1,000 acres of chilli in Sagaing District of Sagaing Region this year.

During the 2025–2026 winter cropping season, Sagaing District planned to cultivate 2,373 acres of chilli. Planting began in October this year, and as of today, 656 acres have been cultivated in Sagaing Township, 340 acres in Myinmu Township, and 645 acres in Myaung Township, totaling 1,641 acres.

"This year, Sagaing District planned to grow more than 2,000 acres of chilli during the winter cropping season. As of today, over 1,000 acres have already been cultivated. Efforts are being made to meet the full target acreage. The chilli crops are in good condition, and we are also assisting farmers to grow chilli as a commercial crop," said Daw Myat Moe Win, Head of the Sagaing District Department of Agriculture.

For this winter season, the planned chilli acreage for each township in Sagaing District is 1,152 acres in Sagaing Township, 450 acres in Myinmu Township, and 771 acres in Myaung Township, totaling 2,373 acres.

To support farmers cultivating chilli, staff from the respective District and Township Departments of Agriculture are providing technical assistance on cultivation practices to improve yields and market access, guidance on pest prevention and control, and training to enhance soil nutrition and fertility.

Local farmers have to cost K1.5 million per acre of chilli on the own cropland or K2.5 million on the rented plots. Chilli can be harvested once every 15 days till six months. It yields some 100 viss of chilli per acre in the initial stage, and then, it yields 400-500 viss per acre. 206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သီရိမင်္ဂလာဈေးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။

**ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက် ချောင်းများ၊ ရေနုတ်မြောင်းများ စနစ်တကျဖြစ်ရန်လို . . .**

**အမှိုက်များကို သတ်မှတ်နေရာများ၌သာ စွန့်ပစ်စေရေးနှင့် မြောင်းများအတွင်းသို့စွန့်ပစ်မှုမရှိစေရေး ပြည်သူလူထုကို စည်းရုံးဆောင်ရွက်သွားရန်လို . . .**

**ရေကောင်းမွန်စွာစီးဆင်းမှုမရှိသည့် ချောင်းများ၊မြောင်းများအတွင်းမှ အနံ့အသက်ဆိုးများသည် ပြည်သူလူထု၏ ကျန်းမာရေးကိုလည်း ထိခိုက်စေမည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် ရေစီးရေလာကောင်းမွန်အောင် စနစ်တကျဆောင်ရွက်သွားရန်လို . . .**

**ရှေ့ဖုံးမှအဆက်**

ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

### ရန်ကုန်မြို့အတွင်းစီးဆင်းလျက်ရှိသည့် သမိုင်းချောင်းအပါအဝင် ချောင်းများ၊ မြောင်းများ ရေစီးရေလာကောင်းမွန်ရေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ သမိုင်းချောင်းတံတားနေရာနှင့် ဘုရင့်နောင်လမ်းမကြီးရှိ သမိုင်းချောင်းတံတားနေရာတို့သို့ရောက်ရှိစစ်ဆေးရာ မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် တာဝန်ရှိသူများက ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ရန်ကုန်မြို့သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်စေရေးအတွက်ချောင်းများ၊ ရေနုတ်မြောင်းများ စနစ်တကျဖြစ်ရန်လိုကြောင်း၊ **အမှိုက်များကိုသတ်မှတ်နေရာများ၌သာစွန့်ပစ်စေရေးနှင့် မြောင်းများအတွင်းသို့စွန့်ပစ်မှုမရှိစေရေး ပြည်သူလူထုကို စည်းရုံးဆောင်ရွက်သွားရန်** လိုကြောင်း၊ **ရေကောင်းမွန်စွာစီးဆင်းမှုမရှိသည့် ချောင်းများ၊ မြောင်းများအတွင်းမှ အနံ့အသက်ဆိုးများသည် ပြည်သူလူထု၏ကျန်းမာရေးကိုလည်း ထိခိုက်စေမည်ဖြစ်သဖြင့် တာဝန်ရှိသူများအနေဖြင့် ရေစီးရေလာကောင်းမွန်အောင် စနစ်တကျဆောင်ရွက်သွားရန်** လိုကြောင်း၊ **သမိုင်းချောင်းအပါအဝင် ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် ချောင်းများ၊ မြောင်းများမှစွန့်ထုတ်ရေများ ရေထွက်ပေါက်များမှတစ်ဆင့် သက်ဆိုင်ရာမြစ်များ၊ ချောင်းများအတွင်းသို့စီးဆင်းရာတွင် ပိတ်ဆို့မှုမရှိစေရေးခေတ်မီနည်းပညာများအသုံးပြု၍ ချောင်း၊ မြောင်းများတစ်လျှောက် ကြည့်ရှုစစ်ဆေးပြီး ပိတ်ဆို့နေသည့်နေရာများကို ရှင်းလင်းသွားရန်လိုကြောင်းနှင့်** အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ယခင်က ရန်ကုန်မြို့အတွင်း၌ မိုးရာသီကာလများတွင် ရေကြီးရေလျှံမှုများမကြာခဏဖြစ်ပေါ်လျက်ရှိသော်လည်း ယခုနောက်ပိုင်းနှစ်များတွင် ရန်ကုန်မြို့အတွင်း စီးဆင်းလျက်ရှိသည့် ချောင်းများ၊ မြောင်းများကို ရေစီးရေလာကောင်းမွန်စေရေး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက စနစ်တကျဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် ယခင်နှစ်များထက် ရေကြီးရေလျှံမှုများ များစွာလျော့နည်းလာသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ မရမ်းကုန်းမြို့နယ်ရှိ သမိုင်းချောင်းကို ပြုပြင်ထိန်းသိမ်းမှုများပြုလုပ်၍ရေစီးရေလာများကောင်းမွန်အောင် ဆောင်ရွက်သွားမည်ဆိုပါက မိုးရာသီကာလများတွင် မရမ်းကုန်းမြို့နယ်အတွင်း ရေကြီးရေလျှံမှုများကို များစွာလျှော့ချနိုင်မည့်အပြင် ချောင်းတစ်လျှောက် အနံ့အသက်ဆိုးများ လျော့ပါးသွားမည်ဖြစ်သဖြင့် သမိုင်းချောင်း ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။ အလားတူ မြို့နေပြည်သူလူထုများအနေဖြင့်လည်း ချောင်းများ၊ မြောင်းများတစ်လျှောက် ရေစီးရေလာကောင်းမွန်စေရန် စည်းကမ်းမဲ့အမှိုက်စွန့်ပစ်မှုများမရှိစေရေး ကိုယ်စီအသိစိတ်ဖြင့် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်သွားမည်ဆိုပါက ယခုထက်ပိုမိုသာယာလှပသည့်မြို့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါ၍ လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာဈေးနှင့် ရွှေပိတောက်ငါးဈေးတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

### သီရိမင်္ဂလာဈေး

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် သီရိမင်္ဂလာဈေးသို့ရောက်ရှိကြပြီး ဈေးအတွင်း ဈေးဆိုင်ခန်း

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီအစည်းအဝေး အမှတ်စဉ်(၃/၂၀၂၅) ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၁၁

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေးအမှတ်စဉ်(၃/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် ပြည်တွင်းအခွန်များဦးစီးဌာန ရုံးအမှတ်(၄၆)၌ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ကော်မတီအဖွဲ့ဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်က နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် သီးသန့်အစီအစဉ်အနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ တိုင်းဒေသကြီး၊ပြည်နယ်အစိုးရအဖွဲ့ ၁၄ ခုနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့ ခြောက်ခုသို့ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်ထိ ချေးငွေများထုတ်ချေးထားရှိမှု၊ ပြန်လည်ပေးဆပ်မှု၊ သဘာဝဘေးအန္တရာယ်များကြောင့် ချေးငွေအရင်း၊ အတိုးဆိုင်းငံ့ပေးခဲ့မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍများတွင် နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေထုတ်ချေးပေးနိုင်မှု၊ ချေးငွေများကိုဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီထုတ်ချေးပေးနေမှု၊ ချေးငွေစာရင်းဇယားများကို စနစ်တကျပြုစု၍ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်များ၏ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီများက ကြပ်မတ်ဆောင်ရွက်မှုနှင့် မှတ်တမ်းတင်ထားရှိမှု၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ စစ်ဆေးတွေ့ရှိချက်များအပေါ် လိုက်နာဆောင်ရွက်မှု၊ ပြီးစီးမှုအခြေအနေများနှင့် တွေ့ကြုံရသည့်အခက်အခဲများကို ဆွေးနွေးကြရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်က နွေစပါး၊ မိုးစပါးစီမံကိန်း၊ ဆောင်းဆီထွက်သီးနှံ(မြေပဲ၊ နှမ်း၊ နေကြာ) စီမံကိန်း၊ မွေးမြူရေးစီမံကိန်း၊ စိုက်ပျိုးရေရရှိရေးစီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနတို့ပူးပေါင်း၍ မိုးစပါးစီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက တိုင်းဒေသကြီး၊ ပြည်နယ်များသို့ MSME ဖွံ့ဖြိုးရေးချေးငွေထုတ်ချေးထားမှုအခြေအနေကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေက သက်ဆိုင်ရာဝန်ကြီးဌာနများမှ နိုင်ငံတော်အတွက် ဝင်ငွေရှာဖွေပေးနိုင်မှုအခြေအနေနှင့် လုပ်ငန်းလိုင်စင်ချပေးမှုအခြေအနေကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေထုတ်ချေးပေးမှုအခြေအနေနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၏ ကြွေးကျန်ကောက်ခံရရှိမှုအခြေအနေများကိုလည်းကောင်း ဆွေးနွေးပြောကြားကြသည်။

ယင်းနောက် ကော်မတီအတွင်းရေးမှူးက (၂/၂၀၂၅) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဒေသများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများထပ်မံထုတ်ချေးပေးရန် တင်ပြလာမှုကိစ္စရပ်များကို ကော်မတီအဖွဲ့ဝင်များနှင့် အစည်းအဝေးတက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေး၍ ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားသည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ဒေသစီမံအုပ်ချုပ်ရေးအဖွဲ့များနှင့် လက်တွဲပူးပေါင်းပြီး နိုင်ငံတော်က ထောက်ပံ့ပေးသော နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေကို အကျိုးရှိရှိအသုံးပြုကာ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်အနက် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့်စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူများ၏ လူမှုစီးပွားဘဝကိုစဉ်ဆက်မပြတ်မြှင့်တင်ရေး"ဟူသော ဦးတည်ချက် အောင်မြင်အောင်ဆောင်ရွက်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရွှေပိတောက်ငါးဈေးအတွင်း ကြည့်ရှုစစ်ဆေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း(ရန်ကုန်)အတွင်း ကြည့်ရှုစစ်ဆေးစဉ်။

များ၌ဈေးရောင်းချလျက်ရှိသည့် ပြည်သူများ၊ ကုန်များလာရောက်ပို့ဆောင်ကြသည့် ကုန်သည်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ကုန်များရရှိမှု၊ ဈေးကွက်ရရှိမှု၊ နေ့စဉ်ဈေးရောင်းချရာတွင် ကြုံတွေ့ရမှုများနှင့် သိရှိလိုသည်များကို မေးမြန်းဆွေးနွေးသည်။

ထို့နောက် သီရိမင်္ဂလာဈေးအတွင်း သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ရေဝင်ရေထွက်မြောင်းများစနစ်တကျဖြစ်စေရေးအပိုင်းလိုက်သတ်မှတ်၍ ရေဆေးခြင်းများ၊ သန့်ရှင်းရေးဆောင်ရွက်ခြင်းများကို စနစ်တကျကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ပျက်စီးနေသည့်အမိုးများကိုလည်း ပြန်လည်ပြုပြင်သွားရန်နှင့်လေဝင်လေထွက်စနစ်များကောင်းမွန်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လှိုင်မြစ်ကမ်းနံဘေး၌ ကုန်စိမ်းများလာရောက်ပို့ဆောင်ခြင်းများဆောင်ရွက်ရာတွင် စွန့်ပစ်အမှိုက်များကို မြစ်အတွင်းသို့ စွန့်ပစ်ခြင်းများမရှိစေရေးနှင့် စနစ်တကျဖြစ်စေရေးဆောင်ရွက်သွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ရွှေပိတောက်ငါးဈေး**

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေပိတောက်ငါးဈေးသို့ ရောက်ရှိကြပြီး ဈေးဆိုင်ခန်းများအလိုက် ဈေးရောင်းချနေသည့် ပြည်သူများကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ ဈေးရောင်းချရမှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားသည်။ ထို့နောက် လှိုင်မြစ်နံဘေးရှိ ရွှေပိတောက် ငါးဈေးဆိပ်ခံဇောတံတား၌ ခရီးသည်များနှင့် ငါးကုန်သည်များ၏ သင်္ဘောများ၊ လှေများဆိုက်ကပ်မှု၊ အသုံးပြုမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် တာဝန်ရှိသူများကို ရွှေပိတောက်ငါးဈေးအတွင်း ရေစီးရေလာကောင်းမွန်စေရေး၊ အမှိုက်စွန့်ပစ်မှုများစနစ်တကျဖြစ်စေရေး၊ပျက်စီးယိုယွင်းနေမှုများကို အမြန်ဆုံးပြန်လည်ပြင်ဆင်ပေးသွားနိုင်ရေးနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

**ဗဟိုကာကွယ်ဆေး သိုလှောင်အအေးခန်း(ရန်ကုန်)**

ထို့ပြင် နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌသည် အဖွဲ့ဝင်များလိုက်ပါပြီး မရမ်းကုန်းမြို့နယ် မင်းဓမ္မလမ်းရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း(ရန်ကုန်)သို့သွားရောက်၍ ကာကွယ်ဆေးသိုလှောင်ဖြန့်ဖြူးနိုင်မှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းနှင့် တာဝန်ရှိသူများက ဗဟိုကာကွယ်ဆေးသိုလှောင်အအေးခန်း(ရန်ကုန်)ရှိ အပူချိန်အပေါင်း ၂ ဒီဂရီစင်တီဂရိတ်မှ အပေါင်း ၈ ဒီဂရီစင်တီဂရိတ်အတွင်းထားရှိနိုင်သော အအေးခန်းများနှင့် အပူချိန်အနုတ် ၁၅ ဒီဂရီစင်တီဂရိတ်မှ အနုတ် ၂၅ ဒီဂရီစင်တီဂရိတ် ထားရှိနိုင်သော အအေးခန်းများအတွင်း ကာကွယ်ဆေးများကို အမျိုးအစားအလိုက် သိုလှောင်ထားရှိမှု၊ ဆေးထိုးအပ်များသိုလှောင်ထားရှိမှုအခြေအနေများကို လိုက်လံရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌက ဆေးဝါးများသိုလှောင်ရာတွင် လျှပ်စစ်မီးလိုအပ်ချက် ပြတ်တောက်မှုမရှိစေရေးနှင့် ဆိုလာစနစ်ဖြင့်လျှပ်စစ်မီးရရှိအောင်ဆောင်ရွက်သွားရန်၊ သိုလှောင်ခန်းများအတွင်း အခန်းတွင်းအပူချိန်ထိန်းညှိမှုစနစ်တကျဖြစ်စေရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(မဝ၁)

# လျှော်ဘေးသင့်ပြည်သူများအတွက် ကိုရီးယားသမ္မတနိုင်ငံက ဆန်တန်ချိန် ၃၀၀၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆန် ၂၇၅ တန် ထပ်မံလှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အာဆီယံအပေါင်းသုံးအရေးပေါ် ဆန်အရန်ရိက္ခာ (APTERR) အစီအစဉ်-၃ (၂၀၂၅)အရ လျှော်ဘေးသင့်ပြည်သူများအတွက် ထပ်မံလှူဒါန်းသည့်ကိုရီးယားသမ္မတနိုင်ငံက ဆန်တန်ချိန် ၃၀၀၀၊တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆန် ၂၇၅ တန်နှင့် ပုံမှန်အစီအစဉ်ဖြင့် လှူဒါန်းခြင်းအစီအစဉ်ဖြင့် ကိုရီးယားသမ္မတနိုင်ငံက ဆန်တန်ချိန် ၂၀၀၀၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဆန် ၃၇၅ တန်တို့နှင့်စပ်လျဉ်းသည့် သဘောတူညီမှုစာချွန်လွှာ(Memorandum of Agreement -MoA) လေးစောင်ကို ယနေ့လက်မှတ်ရေးထိုးသည်။

အဆိုပါသဘောတူညီမှုစာချွန်လွှာများကို နေပြည်တော်ရှိ ရုံးအမှတ်(၁၅)၌ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းနှင့်APTERRအတွင်းရေးမှူးချုပ်ရုံးမှ အထွေထွေမန်နေဂျာ Dr. Choomjet Karnjanakesorn တို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပြီး လက်မှတ်ရေးထိုးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စီမံကိန်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနနှင့် APTERR အတွင်းရေးမှူးချုပ်ရုံးမှ တာဝန်ရှိသူများလည်း တက်ရောက်ကြသည်။

လျှော်ကြီးအပြီး (APTERR)အစီအစဉ်-၃ အရ ကိုရီးယားသမ္မတနိုင်ငံက လှူဒါန်းသည့် ဆန်တန်ချိန် ၃၀၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ဆန်တန်ချိန် ၅၀၀ တို့ကို ဘေးသင့်ဒေသပြည်သူများထံ ဖြန့်ဝေပေးခဲ့ပြီးဖြစ်သည်။

ယခု ကိုရီးယားသမ္မတနိုင်ငံက ထပ်မံလှူဒါန်းသည့် ဆန်တန်ချိန် ၃၀၀၀ နှင့်တရုတ်ပြည်သူ့သမ္မတနိုင်ငံက ထပ်မံလှူဒါန်းသည့် ဆန် ၂၇၅ တန်တို့ကို လျှော်ဘေးသင့်ပြည်သူများထံ ဆက်လက်လှူဒါန်းသွားမည်ဖြစ်ပြီး (APTERR)အစီအစဉ်-၃ ၏ ပုံမှန်အစီအစဉ်အရ ကိုရီးယားသမ္မတနိုင်ငံက လှူဒါန်းသည့် ဆန်တန်ချိန် ၂၀၀၀ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံက လှူဒါန်းသည့် ဆန် ၃၇၅ တန်တို့ကို သဘာဝဘေးကြုံတွေ့လာရပါက ဖြန့်ဝေလှူဒါန်းသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




# စာဆိုဗိမာန်အဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် စာပေအနုသုခုမလက်ရာများနှင့်သက်ဆိုင်သည့်ပစ္စည်းများ လှူဒါန်းနိုင်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသောစာပေလောက၏ဂုဏ်ကိုညွှန်းဆိုနိုင်မည့် စာဆိုဗိမာန်တစ်ခုအောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေးအတွက် စာဆိုဗိမာန်သုံးထပ်(RC)အဆောက်အအုံတည်ဆောက်လျက်ရှိရာ မကြာခင်ကာလတွင် ပြီးစီးမည်ဖြစ်ပါသဖြင့် ယင်းအဆောက်အအုံတွင် အများပြည်သူလေ့လာသိရှိစေရန်နှင့် သမိုင်းမှတ်တမ်းထားရှိနိုင်ရန် ခေတ်ကာလအဆက်ဆက်စာဆိုတော်ကြီးတို့၏ စာပေအနုသုခုမလက်ရာများနှင့် ဒြပ်ရှိ၊ ဒြပ်မဲ့အသုံးအဆောင်ပစ္စည်းများခင်းကျင်းပြသနိုင်ရေးလျာထားဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ မြန်မာစာပေသမိုင်းတစ်လျှောက် ခေတ်အဆက်ဆက်အသုံးပြုခဲ့သော ပေ၊ ပုရပိုက်များနှင့် ဆက်စပ်ပစ္စည်းများ၊ ထင်ရှားကျော်ကြားခဲ့သော စာဆိုတော်ကြီးများနှင့် စာရေးဆရာကြီးတို့၏ ရုပ်တု၊ဓာတ်ပုံ၊လက်ရေးမူ၊ အတ္ထုပ္ပတ္တိ၊၎င်းတို့ရေးသားခဲ့ကြသည့် စာအုပ်စာစောင်များနှင့် ဆုရရှိခဲ့ကြသည့်စာအုပ်စာစောင်များ၊ ခေတ်ကာလအလိုက် ချီးမြှင့်ပေးခဲ့ကြသည့်စာပေနှင့်သက်ဆိုင်သည့် ဘွဲ့၊ ဆုတံဆိပ်များ၊ စာပေဆုပေးပွဲများ၏ သမိုင်းဝင်မှတ်တမ်းဓာတ်ပုံများ၊ စာပေဖွံ့ဖြိုးရေးဆောင်ရွက်ခဲ့မှု သမိုင်းဝင်ဓာတ်ပုံများ၊ မိမိတို့စုဆောင်းသိမ်းဆည်းထားသော စာပေနှင့်သက်ဆိုင်သည့်ရှေးဟောင်းအမွေအနှစ်ပစ္စည်းတို့ကိုလှူဒါန်းနိုင်ပြီး လှူဒါန်းသည့်အလှူရှင်များ၏ အမည်များကို မှတ်တမ်းကမ္ပည်းရေးထိုးပေးမည်ဖြစ်ကြောင်းနှင့် အောက်ဖော်ပြပါလိပ်စာများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

(က) **စာကြည့်တိုက်မှူး**

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(ရန်ကုန်)
အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့်
၃၇ လမ်းထောင့် ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး ဖုန်း ၀၁၈-၃၈၁၄၄၇

(ခ) **စာကြည့်တိုက်မှူး**

စာပေဗိမာန်ပြည်သူ့စာကြည့်တိုက်(မန္တလေး)
အမှတ်(၁၅၉) ၈၆ လမ်း ၂၁ -၂၂ လမ်းကြား ပုလဲငွေရောင်ရပ်ကွက်
မန္တလေးတိုင်းဒေသကြီး ဖုန်း ၀၉-၇၉၅၂၇၉၀၂၅

(ဂ) **စာတည်း**

စီမံရေးရာဌာနခွဲ
နေပြည်တော်ရုံးချုပ်
ရုံးအမှတ်(၇) နေပြည်တော် ဖုန်း ၀၉-၅၁၃၉၄၀၇၁

**(သတင်းစဉ်)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။

☆ ကျောဖုံးမှအဆက်

ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

### ဒေသဆိုင်ရာအချက်အလက်များနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြ

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှု၊ ရေလှောင်တမံများ၏ ရေသိုလှောင်နိုင်မှု၊ ဆိုလာရေတင်စနစ်များ၊ လျှပ်စစ်ရေတင်စနစ်များဖြင့် ရေတင်သိုလှောင် ဆောင်ရွက်လျက်ရှိမှု၊ ဆိုလာစနစ်ဖြင့် ကျေးရွာမီးလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချေးငွေများ ထုတ်ပေးထားရှိမှု၊ ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံမှုများ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိမှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိမှု၊ MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ပေးလျက်ရှိမှု၊ ပညာရေး၊ ကျန်းမာရေးနှင့် အားကစားကဏ္ဍ မြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး၊ မဲရုံများ စနစ်တကျဖြစ်စေရေး၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအားလုံး၏ အခွင့်အရေးများ မဆုံးရှုံးရစေရေး ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံရေးပါတီများအလိုက် တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲအကြိုလှုပ်ရှားမှုများ ဆောင်ရွက်လျက်ရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက ပြန်လည်ရှင်းလင်းဆွေးနွေး

ရှင်းလင်းတင်ပြမှုများနှင့် ပတ်သက်၍ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာသက်ခိုင်ဝင်း၊ ဒေါက်တာစိုးဝင်းတို့က ပြန်လည်ရှင်းလင်းပြောကြားရာတွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများသာမက အုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများကလည်း ဝိုင်းဝန်းကူညီဆောင်ရွက်သွားရန် လိုအပ်မှု၊ ကိုယ်ဝန်ဆောင်မိခင်အပါအဝင် ကလေးငယ်များကို ကာကွယ်ဆေးထိုးလုပ်ငန်းများသည် အရေးကြီးလုပ်ငန်းများဖြစ်သည့်အတွက် နိုင်ငံတော်ကအလေးထားဆောင်ရွက်ပေးလျက်ရှိမှု၊ သက်ကြီးကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများအတွက် ထောက်ပံ့ခြင်းများ ဆောင်ရွက်ပေးလျက်ရှိမှု၊ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်နိုင်ခြေလျှော့ချရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိမှုနှင့် သဘာဝဘေးဒဏ်ကို ကြံ့ကြံ့ခံနိုင်သည့် တိုင်းပြည်ဖြစ်စေရေး ဆောင်ရွက်လျက်ရှိမှုတို့နှင့် ပတ်သက်၍ ဆွေးနွေးပြောကြားကြသည်။

**အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လို...**

**နိုင်ငံတော်အစိုးရအနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုများသည် အနာဂတ်တိုင်းပြည်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်၊ မကြာမီရောက်ရှိတော့မည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲများ ဖြေဆိုတော့မည်ဖြစ်ပြီး ရာနှုန်းပြည့်ဖြေဆိုနိုင်ရေးနှင့် နောင်နှစ် တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးအတွက်လည်း လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လို...**

### မိမိတို့တိုင်းဒေသကြီး၏ အခြေခံအချက်အလက်များကို မှန်ကန်စွာသိရှိအောင် ဆောင်ရွက်ပြီး အကျိုးရှိရှိ အသုံးချသွားရန်လို

ရှင်းလင်းတင်ပြမှုများနှင့် စပ်လျဉ်း၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက လာမည့် ၂၈ ရက်တွင် မိမိတို့နိုင်ငံ၌ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၆ ခုနှစ် မတ်လကုန်တွင် အစိုးရအဖွဲ့ အပြောင်းအလဲများလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာကို ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ သန်းခေါင်စာရင်း ပြည်ထောင်စုအစီရင်ခံစာ ထုတ်ပြန်မှုသည် နိုင်ငံတော်အတွက် အဖိုးတန်သည့် စာရင်းအင်း၊ ကိန်းဂဏန်းအချက်အလက်များပင်ဖြစ်ကြောင်း၊ ကောက်ခံရရှိသည့် အချက်အလက်များသည် နိုင်ငံ၏လက်ရှိဖြစ်ပေါ်နေသည့် လူဦးရေပြောင်းလဲလာမှုနှင့် မြို့ပြ၊ ကျေးလက်အလိုက် လူဦးရေအခြေအနေ၊ နိုင်ငံသူနိုင်ငံသားများ၏ ပညာရေးအဆင့်အတန်း၊ လုပ်သားအင်အားအခြေအနေနှင့် အလုပ်လုပ်ကိုင်မှု၊ ရွှေ့ပြောင်းသွားလာမှုနှင့် ၎င်းတို့၏ နေထိုင်မှုပုံစံ စသည်တို့နှင့် မိမိတို့မြန်မာနိုင်ငံ၏အနာဂတ်ကို မီးမောင်းထိုးပြနေသည့် နေ့စဉ်လူနေမှုဘဝပုံစံများကို ထုတ်ဖော်ပြသခြင်းပင်ဖြစ်သဖြင့် မူဝါဒ၊ စီမံကိန်းများ ရေးဆွဲချမှတ်သူများ၊ အချက်အလက်အသုံးပြုသူများ အားလုံးအနေဖြင့် အကျိုးရှိရှိ အသုံးချသွားကြရန်လိုကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များကို အလေးထား၍ မိမိတို့တိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် အသုံးချသွားကြရန်လိုကြောင်း။

### ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုသည် အနာဂတ်တိုင်းပြည်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်

ကောက်ယူရရှိသည့် ကိန်းဂဏန်းအချက်အလက်များအရ မိမိတို့နိုင်ငံတွင် ပညာရေးနှင့်ပတ်သက်၍ အားနည်းမှုများရှိနေသည်ကို တွေ့မြင်နိုင်မည်ဖြစ်ပြီး မိမိတို့အစိုးရအနေဖြင့် ပညာရေးကဏ္ဍမြှင့်တင်ခြင်းလုပ်ငန်းများကို အလေးထားအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ပညာရေးတွင် ကျောင်းနေရာခိုင်နှုန်းမြင့်မားရေးနှင့် တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးကို ဆောင်ရွက်သွားရမည်ဖြစ်ပြီး အကြောင်းအမျိုးမျိုးကြောင့် တန်းစဉ်ကူးပြောင်းမှုများ အားနည်းမှုများဖြစ်ပေါ်နေသည်ကို တွေ့ရှိရကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အနေဖြင့်လည်း တန်းစဉ်ကူးပြောင်းမှုများ ယခုထက်ပိုမိုမြင့်မားစေရေး ကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း၊ ပညာရေးကဏ္ဍအားနည်းပါက ကျန်ရှိသည့်ကဏ္ဍများတွင်လည်း အားနည်းလာမည်ဖြစ်ကြောင်း၊ **အနာဂတ်တွင် ခေတ်မီနိုင်ငံတော်ကို တည်ဆောက်ရေးအတွက် အသိပညာ၊ အတတ်ပညာနှင့် ပြည့်စုံသည့် လူသားအရင်းအမြစ်ကောင်းများစွာကို မွေးထုတ်ပေးနိုင်ရန်လိုကြောင်း၊** ထို့ပြင် စည်းကမ်းစနစ်ကျနသည့် လူ့အဖွဲ့အစည်းတစ်ရပ်ကိုလည်း ပုံဖော်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ **"အမျိုးသားစည်းကမ်း အစ စာသင်ကျောင်းက"** ဆိုသည့်အတိုင်း အနာဂတ်၏ ကလေးငယ်များသည် ပညာသင်ကြားချိန်တွင် ဆရာ၊ ဆရာမများ၏ သွန်သင်ဆုံးမမှုများကို ခံယူခဲ့ကြရမည်ဖြစ်ကြောင်း၊ ကျောင်းလုံးဝမနေခဲ့ရသူများထက် ကျောင်းတက်ရောက်ခဲ့သည့် ကလေးငယ်များသည် စည်းကမ်းပိုမိုကောင်းမွန်သည်ကို တွေ့မြင်ရမည်ဖြစ်ပြီး တက်ရောက်ခဲ့ရသည့် အတန်းအလိုက် စိတ်ဓာတ်နှင့် စည်းကမ်းများ လိုက်နာမှု ကွာဟသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိဘဝကို တိုးတက်စေနိုင်မည့် အပြုအမူ၊ အနေအထိုင် အလေ့အကျင့်ကောင်းများကိုလည်း ရရှိစေနိုင်မည်ဖြစ်ပြီး မိမိနှင့် မိမိပတ်ဝန်းကျင်အတွက် အကျိုးမဖြစ်စေသည့် ဆေးလိပ်၊ အရက်၊ ကွမ်းတို့သုံးစွဲခြင်းများကို ရှောင်ကြဉ်ရန် အသိတရားများကိုလည်း ရရှိသွားစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျသင်ကြားပေးမည်ဆိုပါက စိတ်ဓာတ် စည်းကမ်း ကောင်းမွန်သည့် အဖိုးတန်မျိုးဆက်သစ်လူငယ်များကို မွေးထုတ်ပေးနိုင်မည်ဖြစ်ကြောင်း၊ **နိုင်ငံတော်အစိုးရ**အနေဖြင့် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို အလေးထားအားပေးမြှင့်တင်ဆောင်ရွက်လျက်ရှိပြီး ပညာရေးတွင် ရင်းနှီးမြှုပ်နှံမှုများသည် အနာဂတ်တိုင်းပြည်အတွက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်ကြောင်း၊ မကြာမီရောက်ရှိတော့မည့် ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလအတွင်း အခြေခံပညာအဆင့် အတန်းတင်စာမေးပွဲများ ဖြေဆိုတော့မည်ဖြစ်ပြီး ရာနှုန်းပြည့်ဖြေဆိုနိုင်ရေးနှင့် နောင်နှစ် တန်းစဉ်ကူးပြောင်းမှု မြင့်မားရေးအတွက်လည်း လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း။

### စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများကို အားပေးဆောင်ရွက်


စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ၏ ဝမ်းစာဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်လိုကြောင်း၊ မြို့ပေါ်နေပြည်သူများအတွက် လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာ ထုတ်လုပ်ရောင်းချပေးနိုင်မှသာ ထိုက်သင့်သည့် စားသောက်ကုန် ဈေးနှုန်းများဖြစ်လာမည်ဖြစ်ကြောင်း၊ စာမျက်နှာ ၁၉ သို့

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ် ၃၀ ပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အက်ရှ်ဂါဘတ်မြို့ရှိ တာ့ခ်မင်နစ္စတန်နိုင်ငံ သမ္မတနှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၁၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် ယနေ့နံနက်ပိုင်းတွင် တာ့ခ်မင်နစ္စတန်နိုင်ငံ အက်ရှ်ဂါဘတ်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိကြရာ တာ့ခ်မင်နစ္စတန်နိုင်ငံမှ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အက်ရှဂါဘတ်မြို့ရှိ Monument of Neutrality ၌ကျင်းပသည့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ် ၃၀ ပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ ဖိတ်ကြားထားသည့် နိုင်ငံတကာမှ ခေါင်းဆောင်များ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်ခေါင်းဆောင်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ ဂုဏ်ပြုပါဝင်တက်ရောက်သည်။



တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ H. E. Mr. Serdar Berdimuhamedov က နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အခမ်းအနားတွင် တာ့ခ်မင်နစ္စတန် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလံတင်အခမ်းအနားကို ဆောင်ရွက်ကြကာ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများသည် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြပြီး အခမ်းအနားအစီအစဉ်များအလိုက် ဆောင်ရွက်ကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် တာ့ခ်မင်နစ္စတန် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၌ ကျင်းပသည့် တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ် ၃၀ ပြည့် အထိမ်းအမှတ်ပြပွဲသို့ တက်ရောက်၍ တာ့ခ်မင်နစ္စတန်နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြခန်းများ၊ ရိုးရာလက်မှုပညာပစ္စည်းများ၊ ဒစ်ဂျစ်တယ်စနစ်နှင့် Ai နည်းပညာသုံးပြခန်းများ၊ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှုမှတ်တမ်းပြခန်းများနှင့် အက်ရှ်ဂါဘတ်မြင်းမျိုးများ၊ ဒေသရှိ သိုး၊ ဆိတ်၊ နွားမျိုးစိတ်များ ထားရှိရာနေရာနှင့် တာ့ခ်မင်နစ္စတန်အမျိုးသားပြတိုက်သို့ သွားရောက်လေ့လာကြည့်ရှုကြသည်။

ညနေပိုင်းတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောသည် တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတ H. E. Mr. Serdar Berdimuham-edov နှင့် တွေ့ဆုံ၍ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံရေး ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ကဏ္ဍပေါင်းစုံတို့၌ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးကိစ္စရပ်များ၊ နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အရှိန်မြှင့်တင် ဆောင်ရွက်သွားမည့်အခြေအနေများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

---

**စာမျက်နှာ ၁၈ မှအဆက်**

စားသုံးမှုနှင့် ထုတ်လုပ်မှုများ မျှတမည်ဆိုပါက ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိုက်သင့်သလောက် ထိန်းသိမ်းနိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်မြို့တွင်ရှိသည့် မြေလွတ်မြေရိုင်းများကို စိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများအတွက် အသုံးချသွားရန်လိုကြောင်း၊ ဒေသတွင်း စားသောက်မှုဖူလုံရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လူတန်းစားမရွေး စားနိုင်၊ သောက်နိုင်ရေး စားရေရိက္ခာဖူလုံအောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ယခင်အစိုးရများ အဆက်ဆက်တွင် ကုန်သွယ်မှုလိုငွေများ ရှိခဲ့ပြီး လိုအပ်သည့်နိုင်ငံခြားငွေများကို Non-Trade မှရရှိသည့်ငွေများ၊ ထောက်ပံ့ငွေများဖြင့် သုံးစွဲခဲ့ကြသည်ကို တွေ့ရှိရကြောင်း၊ ကုန်ထုတ်လုပ်မှုများ အားနည်းခြင်းကြောင့် ကုန်သွယ်မှုလိုငွေများဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုများရှိမှသာလျှင် ပြည်ပပို့ကုန်များရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုပိုငွေများ ရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ယူဆောင်ရွက်ချိန်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးခဲ့ခြင်းဖြစ်ကြောင်း၊ သို့သော်လည်း အပြည့်အဝ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခြင်း မရှိသဖြင့် ဝင်ငွေများရရှိသင့်သလောက် မရရှိခဲ့ကြောင်း၊ ပန်းတိုင်ရည်မှန်းချက် အတိုင်းထွက်ရှိအောင် ဆောင်ရွက်နိုင်မည်ဆိုပါက စိုက်ပျိုးရေးကိုအခြေခံသည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးဆိုင်ရာပညာရှင်များ များစွာရှိသဖြင့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေး အဆိုပါပညာရှင်များကို အကျိုးရှိရှိအသုံးချနိုင်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၌ ခေတ်အဆက်ဆက်တွင် လယ်ယာထွက်ကုန်ပစ္စည်းများထွက်ရှိမှုမှာ ကိန်းဂဏန်းအချက်အလက်များအရ ကွာခြားချက်များရှိနေကြောင်း၊ ကိန်းဂဏန်းအချက်အလက်များ၊ စာရင်းဇယားများ မှန်ကန်စွာသိရှိနိုင်မှသာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုလေ့လာ ဆန်းစစ်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းဆောင်ရွက်သူများအနေဖြင့် ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီစေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် စာရင်းဇယားကောက်ယူသူများအနေဖြင့်လည်း မှန်ကန်သည့်စာရင်းဇယားများရရှိနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ အဓိကအားဖြင့် မိမိတို့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့အားလုံး အမှန်တကယ် အလုပ်လုပ်ကြရမည်ဖြစ်ပြီး အလုပ်လုပ်နိုင်ရေးအတွက်လည်း လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက တောင်သူများ၏ လူမှုစီးပွားဘဝများသည်လည်း တိုးတက်လာမည်ဖြစ်ကာ ဒေသတွင်းလည်ပတ်ရင်းနှီးငွေများ များပြားလာခြင်းမှတစ်ဆင့် ဒေသတွင်းဖွံ့ဖြိုးတိုးတက်မှုကိုလည်း ဖြစ်ပေါ်လာစေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍ၊ ဝန်ဆောင်မှုကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ CMP လုပ်ငန်းများ၊ MSME လုပ်ငန်းများဖွံ့ဖြိုးတိုးတက်အောင် အားပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဒေသမှ ထွက်ရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် MSME ကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စက်မှုကဏ္ဍများ တိုးတက်ခြင်းဖြင့် ဝန်ဆောင်မှုကဏ္ဍများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် လယ်ယာကဏ္ဍကို အခြေခံပြီး နိုင်ငံ့ GDP တိုးတက်အောင် ဆောင်ရွက်နိုင်ကြောင်း။

**ရန်ကုန်တိုင်းဒေသကြီးအတွင်း နေထိုင်သည့် ပြည်သူများ၏ ဝမ်းစာဖူလုံမှုရှိစေရေးအတွက် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်လို၊ မြို့ပေါ်နေပြည်သူများအတွက် လိုအပ်သည့် အသား၊ ငါးနှင့် ဥများကို လုံလောက်စွာ ထုတ်လုပ်ရောင်းချပေးနိုင်မှသာ ထိုက်သင့်သည့် စားသောက်ကုန်ဈေးနှုန်းများ ဖြစ်လာမည်ဖြစ်...**

## ကျန်းမာရေးကဏ္ဍမြှင့်တင်ဆောင်ရွက်

ကျန်းမာရေးနှင့်ပတ်သက်၍ မိမိတို့နိုင်ငံတွင် ကျန်းမာရေးဝန်ထမ်းများ လိုအပ်နေဆဲဖြစ်ကြောင်း၊ မိမိတို့အစိုးရ စတင်တာဝန်ယူဆောင်ရွက်ခဲ့ချိန်တွင် ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပေါ်လျက်ရှိသည့်အချိန်ဖြစ်ပြီး လုပ်ငန်းခွင်စွန့်ခွာသွားကြသည့် ကျန်းမာရေးဝန်ထမ်းများကြောင့် အခက်အခဲများစွာဖြင့် ဖြတ်ကျော်ခဲ့ကြရကြောင်း၊ ယခုအခါ ဆေးတက္ကသိုလ်များမှ ကျောင်းဆင်းသည့်ဆရာဝန်များကိုပြည်သူ့ဆေးရုံများ၌ သက်တမ်းတစ်ခုအထိ တာဝန်ထမ်းဆောင်ရန် မူဝါဒချမှတ်ထားကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံ၏ကျန်းမာရေးကဏ္ဍမြှင့်တင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ကျန်းမာရေးဝန်ထမ်းများ၏ အကျိုးခံစားခွင့်များကိုလည်း ထိုက်သင့်သလောက် တိုးမြှင့်ဆောင်ရွက်ပေးထားပြီးဖြစ်ကြောင်း၊ ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် နိုင်ငံတော်က အခမဲ့ပညာသင်ကြားပေးထားခြင်းဖြစ်သဖြင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍ မြှင့်တင်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

## ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

ရွေးကောက်ပွဲနှင့်ပတ်သက်၍ ယခု ဒီဇင်ဘာ ၂၈ ရက်တွင် ရွေးကောက်ပွဲကို ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး အပိုင်း သုံးပိုင်းခွဲ၍ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲ ရာနှုန်းပြည့်အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူအားလုံး မဲပေးနိုင်ရန် အရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများမဖြစ်ပေါ်စေရေး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မဲမသမာမှုများဖြစ်ပေါ်ခဲ့ခြင်းသည် မိမိတို့နိုင်ငံအတွက် ဆိုးရွားသည့် ဖြစ်ရပ်တစ်ခုပင်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ရွေးကောက်ပွဲတွင် မဲစာရင်းများမှားယွင်းမှုများကြောင့် တာဝန်ယူခဲ့သည့် အစိုးရဖြစ်သဖြင့် မိမိတို့ကျင်းပသည့် ရွေးကောက်ပွဲသည် မဲစာရင်းမှားယွင်းမှု မရှိရန်လိုကြောင်း၊ ရာနှုန်းပြည့်မှန်ကန်နိုင်မည်မဟုတ်သော်လည်း အတတ်နိုင်ဆုံး မှန်ကန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ မဲစာရင်းတွင် ပါဝင်သူများ မဲပေးခွင့် မဆုံးရှုံးစေရေး ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ **ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်၍ ရွေးကောက်ပွဲကျင်းပမည့်နေရာများအားလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊** ရွေးကောက်ပွဲ ကျင်းပရာတွင် မဲမသမာမှုများပြုလုပ်၍မရနိုင်သည့် မြန်မာ အီလက်ထရောနစ်မဲပေးစက် (MEVM)များဖြင့် မဲပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ၊ သိက္ခာရှိသည့်ရွေးကောက်ပွဲဖြစ်စေရေး အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ရွေးကောက်ပွဲ ကျင်းပပြီးစီးချိန်တွင် လွှတ်တော်ကိုခေါ်ယူ၍ အသစ်ဖွဲ့စည်းမည့်အစိုးရကို နိုင်ငံတော်၏တာဝန်များကို လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် ဒီမိုကရေစီနိုင်ငံစနစ်အရ၊ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)အရ မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်သွားရမည့် လုပ်ငန်းရပ်ဖြစ်ကြောင်း၊ ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူများအနေဖြင့်လည်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

**ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏ဆန္ဒဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏တာဝန်ပင်ဖြစ်၊ ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးသည် နိုင်ငံ၏ ဂုဏ်သိက္ခာဖြစ်၍ ရွေးကောက်ပွဲကျင်းပမည့်နေရာများအားလုံးတွင် အောင်မြင်စွာကျင်းပနိုင်ရေး အတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လို...**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

# ပြင်ဦးလွင်မြို့၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့်စီမံကိန်းမြေနေရာများကို ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦး ကြည့်ရှုစစ်ဆေး





**ပြင်ဦးလွင် ဒီဇင်ဘာ ၁၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြထွန်းဦးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ ပြင်ဦးလွင်ဘူတာအနီး မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးဝယ်စင်တာ တည်ဆောက်မည့် မြေနေရာ၊ ဘောလုံးကွင်း တည်ဆောက်မည့်မြေနေရာ၊ ရတနာပုံမြို့သစ်စီမံကိန်းရှိ ရတနာပုံ Cyber City စီမံကိန်းအဆောက်အအုံများနှင့် အိမ်ရာစီမံကိန်းနေရာများ၊ ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး(၈)နှင့် ရပ်ကွက်ကြီး(၁၀)တို့ရှိ လမ်းများတိုးချဲ့၊ ပြုပြင်ခြင်းလုပ်ငန်းဆောင်ရွက်မည့် အခြေအနေနှင့် ပန်းပွဲတော်ကျင်းပလျက်ရှိသည့် အမျိုးသားကန်တော်ကြီးဥယျာဉ်တို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ၏ လမ်းညွှန်ချက်အရ စီမံဆောင်ရွက်လျက်ရှိသည့် ပြင်ဦးလွင်ဘူတာအနီး 3 Star အဆင့်ရှိ မီးရထားဟိုတယ်နှင့် အဆင့်မြင့်ဈေးဝယ်စင်တာတည်ဆောက်မည့် နေရာသို့ ရောက်ရှိရာ တာဝန်ရှိသူများက တည်ဆောက်မည့် အဆောက်အအုံနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြကြသည်။

တင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက တည်ဆောက်မည့် အဆောက်အအုံသည် အဆင့်မြင့်လေးထပ်အဆောက်အအုံဖြစ်သဖြင့် ငလျင်ဒဏ်ခံနိုင်အောင် Pile Foundation ဖြင့် တည်ဆောက်သွားရန်ဖြစ်ကြောင်း၊ အဆောက်အအုံကို သဘာဝအလင်းရောင်နှင့်လေဝင်လေထွက်ကောင်းမွန်သော၊ လက်ရှိ ရှေးဟောင်းအဆောင်အအုံဖြစ်သည့် ပြင်ဦးလွင်ဘူတာ၏ Design ပုံစံနှင့် လိုက်လျောညီထွေရှိစေမည့် ဗိသုကာဒီဇိုင်းပုံစံဖြင့် Conceptual Plan ပုံစံအား ရေးဆွဲတင်ပြသွားရန်ဖြစ်ကြောင်း၊ Landscaping နှင့် Drainage System မှအစ စနစ်တကျတွက်ချက်ရေးဆွဲရန်ဖြစ်ကြောင်း၊ 3 Stars အဆင့်ရှိသည့် ဟိုတယ်ဖြစ်သဖြင့် ဟိုတယ်အခန်းများသည် အဆင့်နှင့်လျော်ညီသော အကျယ်အဝန်းနှင့် Facility ရှိသည့် Design ပုံစံရှိရန် လိုအပ်ကြောင်း၊ အဆင့်မြင့်ဈေးကိုပါ ထည့်သွင်းတည်ဆောက်ရမည့် Design ပုံစံဖြစ်သဖြင့် ဟိုတယ်တွင် လာရောက်တည်းခိုမည့် ဧည့်သည်များနှင့် ဈေးဝယ်လာရောက်ကြမည့် ဧည့်သည်များအတွက် စံနှုန်းနှင့် ကိုက်ညီသော Facility ရှိရန်လိုကြောင်း မှာကြားပြီး စီမံကိန်းမြေနေရာများကို လိုက်လံကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ယာယီသမ္မတ၏လမ်းညွှန်ချက်အရ တည်ဆောက်ရန်လျာထားသည့် ပြင်ဦးလွင် မီးရထားရိပ်သာနှင့် စက်ခေါင်းစက်ရုံအကြား ဘောလုံးကွင်းအသစ်တည်ဆောက်မည့်မြေနေရာသို့ လည်းကောင်း၊ ရတနာပုံမြို့သစ်စီမံကိန်း၏ ရတနာပုံ Cyber City အဆောက်အအုံများ၊ အိမ်ရာအဆောက်အအုံများ၊ လမ်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ယင်းနောက် ပြင်ဦးလွင်မြို့ ပဒေသာမြို့သစ် ရပ်ကွက်ကြီး(၈)သို့ ရောက်ရှိရာ တာဝန်ရှိသူများ၏ ရပ်ကွက်ကြီး(၈)နှင့် ရပ်ကွက်ကြီး(၁၀)တို့ရှိ အဓိကလမ်းမကြီးများကို လမ်းတိုးချဲ့ရန်၊ လမ်းပြုပြင်ရန်နှင့် နိုင်လွန်ကတ္တရာခင်းရန်လျာထားသည့် လုပ်ငန်းများအား ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားပြီး နဝရတ်လမ်း၊ သိင်္ဂီလမ်း၊ ရတနာလမ်းနှင့် ပြည်သာယာလမ်းများတစ်လျှောက် ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၆)ရှိ အမျိုးသားကန်တော်ကြီးဥယျာဉ်အဝင်လမ်းတစ်လျှောက် ခြံစည်းရိုးနှင့်ကားလမ်းမဘေး လူသွားစင်္ကြံလမ်းနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ ခြံစည်းရိုးများအား ဆေးသုတ်ခြင်းနှင့် ချိန်းလင့်သံဆန်ခါထိပ်ပိုင်းများ၌ သံပြားများ ဖြည့်စွက်တပ်ဆင် ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမျိုးသားကန်တော်ကြီးဥယျာဉ်သို့ နိုင်ငံတော်ယာယီသမ္မတ လာရောက်စစ်ဆေးခဲ့စဉ် လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပန်းပွဲတော်သို့ လာရောက်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ကျင်းပသော "လူတိုင်းအကျုံးဝင်ပညာရေး၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများဆိုင်ရာ" အဆင့်မြင့်အရာရှိကြီးများ နိုင်ငံတကာညီလာခံသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် တက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့၌ ဒီဇင်ဘာ ၁၀ ရက်မှ ၁၃ရက်ထိ ယူနက်စကိုအဖွဲ့ကကြီးမှူးကျင်းပသည့် "လူတိုင်းအကျုံးဝင်ပညာရေး၏ လက်ရှိဖြစ်ပေါ်နေသောအခြေအနေများဆိုင်ရာ" အဆင့်မြင့်အရာရှိကြီးများ နိုင်ငံတကာညီလာခံသို့ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။

အဆိုပါညီလာခံ၏ မျက်နှာစုံညီအစည်းအဝေးကို ယနေ့ ဒေသစံတော်ချိန် နံနက် ၉ နာရီတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ရှိ Miklukho-Maklaya St.,6. (RUDN University main building)၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် RUDN University ၏ President ဖြစ်သူ Filippov Vladimir Milhailovich က သဘာပတိအဖြစ်ဆောင်ရွက်ပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံအဖွဲ့အစည်းများမှ အဆင့်မြင့်အရာရှိကြီးများက ပါဝင်ဆွေးနွေးကြသည်။

ထို့နောက် Plenary session အား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက "Building and Inclusive Education System: Myanmar's Efforts" ခေါင်းစဉ်ဖြင့် ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံအနေဖြင့် လူတိုင်းအကျုံးဝင်ပညာရေး (Inclusive Education)ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အမျိုးသားပညာရေးဥပဒေများတွင် အခမဲ့အခြေခံပညာသင်ကြားပေးခြင်း၊ ခွဲခြားမှုမရှိဘဲ ပညာသင်ကြားပေးခြင်း စသည့် အချက်များ ပြဋ္ဌာန်းထားရှိပါကြောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (NESP-2021-2030)တွင်လည်း ဝေးလံခေါင်ဖျားဒေသရှိသူများအပါအဝင် တိုင်းရင်းသားလူမျိုးများ၊ မသန်စွမ်းသူများ အားလုံး ပညာသင်ကြားခွင့်ရရှိရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း။




အခြေခံပညာ ကျောင်းများအပြင် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများ၊ ကျောင်းပြင်ပ ပညာရေးဆောင်ရွက်မှုများ၊ ရှေးဦးကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့်ဖွံ့ဖြိုးရေး(ECCD)အတွက် ဆောင်ရွက်မှုများ၊ သက်မွေးပညာသင်ကြားပေးခြင်းဆိုင်ရာဆောင်ရွက်မှုများ စသည်တို့ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မိခင်ဘာသာစကားအခြေပြုပညာရေးစနစ်ကို ဖော်ဆောင်လျက်ရှိပါကြောင်း၊ ဆရာ၊ ဆရာမများကို လူတိုင်းပါဝင်လာနိုင်မည့် ပညာရေးစနစ်ပေါ်ထွန်းလာစေရန် သင်ကြားမှုနည်းစနစ်များကို ပံ့ပိုးပေးလျက်ရှိပါကြောင်း၊ အနာဂတ်ကာလတွင် မြန်မာတစ်နိုင်ငံလုံးအနေဖြင့် လူတိုင်းအကျုံးဝင်ပညာရေးစနစ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ Plenary session တွင် ဟန်ဂေရီ၊ဇင်ဘာဘွေ၊ကမ္ဘောဒီးယား၊အီရန်၊ကာဇက်စတန်၊တာ့ဂျစ်ကစ္စတန်၊ဥဇဘက်ကစ္စတန်၊ ဗဟိုအာဖရိကသမ္မတနိုင်ငံများ၏ ပညာရေးဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများလည်း ပါဝင်ဆွေးနွေးကြသည်။

ညနေပိုင်းတွင် Development meeting of International Cooperation to Ensure Access to Quality Education ခေါင်းစဉ်ဖြင့် Closed meeting ကျင်းပရာ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ UNESCO အမျိုးသားကော်မရှင်များမှ အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အဆိုပါအစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ပညာရေးကဏ္ဍတွင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ တက္ကသိုလ်များ၊ ကျောင်းများနှင့် နိုင်ငံတကာ MoU, MoA များ၊ AUN- AUA ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်မှုများ၊ AUN-QA Accreditation နှင့် ပတ်သက်သည့် ဆောင်ရွက်မှုများ၊ မြန်မာနိုင်ငံ UNESCO အမျိုးသားကော်မရှင်၏ ဆောင်ရွက်နေမှုများ၊ နိုင်ငံတကာနှင့် ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ပိုမိုမြှင့်တင်ရေးဆိုင်ရာများကို ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး(၁ / ၂၀၂၅) ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီ အစည်းအဝေး (၁/၂၀၂၅) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပရာ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် တွဲဖက်အတွင်းရေးမှူးများ တက်ရောက်ကြပြီး ဗဟိုကော်မတီအဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ဝန်ကြီးချုပ်များနှင့် တိုင်းစစ်ဌာနချုပ် တိုင်းမှူးများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို နယ်စပ်ဒေသများတွင် အမြစ်ပြတ်ရှင်းလင်းရန်၊ ထိုမှတစ်ဆင့် ပြည်တွင်းထိ ပျံ့နှံ့ရောက်ရှိ မလာစေရန်၊ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကို နိုင်ငံတော်အကြီးအကဲ၏ မူဝါဒနှင့်အညီ ထိထိရောက်ရောက် အမြစ်ပြတ်နှိမ်နင်းရန်အတွက် အဓိက Focal ဆောင်ရွက်မည့် ကြီးကြပ်ရေးအဖွဲ့လိုအပ်သဖြင့် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများတိုက်ဖျက်ရေး ကြီးကြပ်မှုဗဟိုကော်မတီကို အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၅၂/၂၀၂၅ ဖြင့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်တွင် ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ထောင်စုနယ်မြေ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကော်မတီများကို ဆက်လက်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ၌ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း National Anti-Scam Centre တည်ထောင်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ဆိုက်ဘာလုံခြုံရေးဥပဒေကို ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ပြဋ္ဌာန်းခဲ့ပြီး ဇူလိုင် ၃၀ ရက်မှစတင်၍ အာဏာတည်ခဲ့ပြီးဖြစ်ကြောင်း၊ ယခုအခါ အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှုများ တိုက်ဖျက်ရေးကြီးကြပ်မှုဗဟိုကော်မတီကို ဖွဲ့စည်းပြီးဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့် ပြည့်စုံသော အဖွဲ့အစည်းတစ်ရပ်အဖြစ် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် အဆင်သင့်ရှိပြီဖြစ်ကြောင်း။

ဗဟိုကော်မတီ၏ အဓိကလုပ်ငန်းတာဝန်များအနေဖြင့် နိုင်ငံတော်အဆင့် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေး မဟာဗျူဟာများ၊ မူဝါဒများနှင့်လုပ်ထုံးလုပ်နည်းများကို ရေးဆွဲချမှတ်ခြင်း၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဗဟိုဘဏ်၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် အခြားသက်ဆိုင်ရာ အဖွဲ့အစည်းများအကြား လုပ်ငန်းများ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်စေခြင်း၊ လိမ်လည်မှု တိုက်ဖျက်ရေးလုပ်ငန်းများအတွက် လိုအပ်သော လူအင်အား၊ နည်းပညာနှင့် ဘဏ္ဍာငွေများကို စနစ်တကျခွဲဝေချထားခြင်းနှင့် စီမံခန့်ခွဲခြင်း၊ နိုင်ငံတကာနှင့် ပြည်တွင်းရှိ အွန်လိုင်းလိမ်လည်မှုကွန်ရက်များ၏ သတင်းအချက်အလက်များကို စုဆောင်း၊ စိစစ်၊ လေ့လာဆန်းစစ်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းများသို့ ဖြန့်ဝေပေးခြင်း၊ လိမ်လည်မှုကျူးလွန်သူများ၊ Scam Centre များကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ တရားစွဲဆိုနိုင်ရေး ဦးဆောင်လုပ်ကိုင်ခြင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမှ တာဝန်ရှိအဖွဲ့အစည်းများဖြစ်သည့် INTERPOL၊ ASEANAPOL စသည်တို့နှင့်ပူးပေါင်း၍ နယ်စပ်ဖြတ်ကျော် လိမ်လည်မှုများကို တိုက်ဖျက်ခြင်း၊ လိမ်လည်မှုမှရရှိသော ငွေကြေးများနှင့်ပိုင်ဆိုင်မှုများကို ခြေရာခံ၍ သိမ်းဆည်းထိန်းချုပ်နိုင်ရေး ဆောင်ရွက်ခြင်း၊ ပြည်သူလူထုကို အွန်လိုင်းလိမ်လည်မှုပုံစံအမျိုးမျိုး၊ အန္တရာယ်များနှင့် ကာကွယ်နိုင်မည့်နည်းလမ်းများကို အချိန်နှင့်တစ်ပြေးညီ အသိပညာပေးခြင်း၊ လိမ်လည်ခံရသူများ၏ တိုင်ကြားချက်များကိုလက်ခံ၍ သက်ဆိုင်ရာဌာနများမှ တစ်ဆင့် အကူအညီများပေးနိုင်ရန် ညွှန်ကြားဆောင်ရွက်ခြင်း၊ မိုဘိုင်းအော်ပရေတာများ၊ အင်တာနက်ဝန်ဆောင်မှုပေးသူများနှင့်ပူးပေါင်း၍ လိမ်လည်ရန် အသုံးပြုသော တယ်လီဖုန်းနံပါတ်များ၊ ဝက်ဘ်ဆိုက်များနှင့် အကောင့်များကို ပိတ်ဆို့တားဆီးခြင်း၊ Scam Centre များတွင် အဓမ္မခိုင်းစေခံရသော၊ ပိတ်မိနေသော နိုင်ငံသားများနှင့် နိုင်ငံခြားသားများကို ကယ်ဆယ်ရန် အစီအစဉ်များချမှတ်၍ ညှိနှိုင်းဆောင်ရွက်ခြင်း၊ ကယ်ဆယ်ရရှိသူများကို သက်ဆိုင်ရာနိုင်ငံများသို့ လုံခြုံစွာပြန်လည်ပို့ဆောင်နိုင်ရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများ၊ သံရုံးများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ လူကုန်ကူးမှု၊ အတင်းအဓမ္မခိုင်းစေမှုများ ကျူးလွန်သည့် လိမ်လည်မှုခေါင်းဆောင်များကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဦးဆောင်ခြင်းစသည့် လုပ်ငန်းစဉ်များကို လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်နေသူများအပါအဝင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်းလောင်းကစားမှု လုပ်ငန်းလုပ်ကိုင်သည့် နေရာများကို ဖော်ထုတ်အရေးယူ ဆောင်ရွက်ခဲ့ရာ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့၌ ၂၀၂၃ ခုနှစ် အောက်တိုဘာ ၅ ရက်မှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၀ ရက်ထိ နိုင်ငံခြားသား ၇၀၀၁၆ ဦး ကို စိစစ်တွေ့ရှိခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးနိုင်ခဲ့ကြောင်း။

ကရင်ပြည်နယ်အတွင်း ကူညီကယ်တင်နိုင်ခဲ့သည့် နိုင်ငံခြားသားများ၏ ထွက်ဆိုချက်များအရ ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ဝင်ရောက်၍ ဗန်ကောက်မြို့မှ မဲဆောက်မြို့သို့ မော်တော်ယာဉ်၊ လေယာဉ်တို့ဖြင့် သွားရောက်ခြင်း၊ မဲဆောက်မြို့မှတစ်ဆင့် သောင်ရင်းမြစ်ကို တရားမဝင်ဖြတ်ကူး၍ ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့သွားရောက်ခြင်း၊ တရားဝင်ဗီဇာဖြင့် မြန်မာနိုင်ငံ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိပြီး မော်တော်ယာဉ်ဖြင့် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ကုမ္ပဏီများသို့ သွားရောက်ခြင်းတို့ဖြစ်သည်ကို သိရှိရကြောင်း၊ ရာခိုင်နှုန်းအားဖြင့် မဲဆောက် ဘက်မှ ကူးလာသူ ၉၉ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး ပြည်တွင်းလမ်းကြောင်းမှ သွားရောက်သူ သုည ဒသမ ၄ ရာခိုင်နှုန်းဖြစ်ကြောင်း၊ သက်ဆိုင်ရာသံရုံးများအနေဖြင့် ၎င်းတို့နိုင်ငံသားများကို လူကုန်ကူးခံရသူများဖြစ်သည်ဟု ဖော်ပြ၍ အကူအညီတောင်းခံကြသော်လည်း စိစစ်တွေ့ရှိချက်အရ အချို့သည် လူကုန်ကူးခံရသူများ မဟုတ်ကြောင်း၊ ၎င်းတို့၏ ကိုယ်ကျိုးစီးပွားအတွက် လာရောက် အလုပ်လုပ်ကိုင်ကြသူများဖြစ်ကြောင်း။

ယင်းရာဇဝတ်မှုများသည် မြန်မာနိုင်ငံ၏နယ်မြေအတွင်း တည်ရှိနေခြင်းထက် ကွင်းဆက်များစွာဖြင့် လည်ပတ်နေသော စီးပွားရေးလုပ်ငန်းအဖြစ် ရှုမြင်ရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် Scam Centre တည်နေရာဖြစ်သော်လည်း ယင်းရာဇဝတ်မှု၏ အရင်းအမြစ်နှင့် အဓိက အကျိုးအမြတ်ရရှိသူမဟုတ်ကြောင်း၊ ၎င်းလုပ်ငန်းအတွက် လူကုန်ကူးခံရသူအားလုံးသည် မြန်မာနိုင်ငံသားများ မဟုတ်သကဲ့သို့ လိမ်လည်မှုမှရရှိသော ငွေကြေးအားလုံးသည်လည်း မြန်မာနိုင်ငံ၏ဘဏ်စနစ်အတွင်း ရောက်ရှိလာခြင်းမရှိကြောင်း၊ နိုင်ငံဖြတ်ကျော်ရာဇဝတ်မှုတိုက်ဖျက်ရေးဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအရ နိုင်ငံတိုင်းသည် မိမိတို့နှင့်သက်ဆိုင်သော အစိတ်အပိုင်းအားလုံးကို တိုက်ဖျက်ရန် တာဝန်ရှိကြောင်း၊ အဆိုပါပြဿနာကို ဖြေရှင်းနိုင်ရန်အတွက် နိုင်ငံတကာရာဇဝတ်မှုတိုက်ဖျက်ရေး စံနှုန်းများနှင့်အညီ နိုင်ငံတိုင်းသည် မိမိတို့၏ တာဝန်ကျရာကဏ္ဍကို အပြည့်အဝထမ်းဆောင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ပဋိပက္ခဒေသများမှ လူကုန်ကူးခံရသူများကို ရှာဖွေကယ်ဆယ်နိုင်ခဲ့ပြီး ၎င်းတို့ကို လုံခြုံစိတ်ချစွာ ဇာတိနိုင်ငံသို့ ပြန်လည်ပို့ဆောင်ရေးအတွက် သက်ဆိုင်ရာသံရုံးများ၊ အဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်အနေဖြင့် နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုနှင့် အွန်လိုင်း လောင်းကစားလုပ်ငန်းများ ပြန်လည်အခြေမချနိုင်ရန်အတွက် ယင်းနေရာများရှိ အဆောက်အအုံများကို ၁၀၀ ရာခိုင်နှုန်း ဖျက်ဆီးပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ အဆိုပါနေရာများ၌ တည်ဆောက်ထားသည့် အဆောက်အအုံများအတွက် လိုအပ်သောအိမ်ဆောက်ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ လျှပ်စစ်မီး၊ စက်သုံးဆီ၊ အင်တာနက် စသည်တို့ကိုလည်း တစ်ဖက်နိုင်ငံမှတစ်ဆင့် ရယူအသုံးပြုဆောင်ရွက်ခြင်းဖြစ်သည်ကို တွေ့ရှိရကြောင်း။

Scam Center များ လည်ပတ်ရန်အတွက် လိုအပ်သည့်ဝန်ထမ်းအင်အားကို တရားမဝင် နယ်စပ်လမ်းကြောင်းများမှ တစ်ဆင့် လူကုန်ကူးခြင်းဖြင့် ရရှိနေခြင်းဖြစ်ကြောင်း၊ တရားမဝင်နယ်စပ်ကုန်သွယ်ရေးသည် Scam Center များအတွက် ငွေကြေးခဝါချရန်လမ်းကြောင်းများ ဖန်တီးပေးနေခြင်းဖြစ်ကြောင်း၊ လူကုန်ကူးခံရသူများအား သယ်ယူပို့ဆောင်ရန်လမ်းကြောင်းများကို ပံ့ပိုးပေးနေခြင်းဖြစ်ကြောင်း၊ ယင်းသို့ဆက်စပ်မှုများကို ဖြတ်တောက်ရန်အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး၊ နယ်စပ်ဒေသလုံခြုံရေးနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးတို့ကို ပေါင်းစပ်ဆောင်ရွက်ရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁) နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အွန်လိုင်းအသုံးပြုလိမ်လည်မှုနှင့် လောင်းကစားမှုတိုက်ဖျက်ရေးသည် အမျိုးသားရေးကိစ္စဖြစ်ပြီး မြန်မာနိုင်ငံနယ်စပ်တွင် ပေါ်ပေါက်လာသော အွန်လိုင်းငွေကြေးလိမ်လည်မှုလုပ်ငန်းသည် နိုင်ငံတကာရာဇဝတ်မှုများ ကျူးလွန်နေခြင်းဖြစ်သကဲ့သို့ ပြည်တွင်းလက်နက်ကိုင် သောင်းကျန်းမှုများ၏ အရင်းအမြစ်တစ်ခုဖြစ်သဖြင့် ပြတ်ပြတ်သားသားချေမှုန်းဆောင်ရွက်နေကြောင်း၊ မြန်မာနိုင်ငံ၏ နယ်စပ်ဒေသအချို့ရှိ တရားဥပဒေစိုးမိုးနိုင်မှု ကင်းလွတ်နေသောနေရာများတွင် နိုင်ငံတကာရာဇဝတ်ဂိုဏ်းများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်ပြီး မြန်မာနိုင်ငံ၏ ပုံရိပ်ကို ထိခိုက်စေနိုင်သဖြင့် ပြတ်ပြတ်သားသား နှိမ်နင်းလျက်ရှိကြောင်း၊ ၎င်းလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသည့် နိုင်ငံ ၅၄ နိုင်ငံမှ နိုင်ငံခြားသားဦးရေ ၇၀၀၀၀ ကျော်ကို ရှာဖွေကယ်တင်ခြင်း၊ ဖမ်းဆီးခြင်း၊ သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးခြင်းမှာ ကမ္ဘာ့အများဆုံး တရားခံလွှဲပြောင်းပေးမှုဖြစ်ကြောင်း၊ အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှုနှင့် ဆက်စပ်ဖြစ်ပွားသော မှုခင်းများသည် နိုင်ငံတကာ ရာဇဝတ်မှုခင်းများဖြစ်၍ နိုင်ငံတကာနှင့်အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အွန်လိုင်းလိမ်လည်မှု၊ အွန်လိုင်းလောင်းကစားမှု၊ ယင်းတို့နှင့် ဆက်စပ်ဖြစ်ပွားသည့် ရာဇဝတ်မှုများကို တားဆီးနှိမ်နင်းရေး လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဒုတိယဥက္ကဋ္ဌ(၁)နှင့် ဗဟိုကော်မတီဝင်များက တင်ပြဆွေးနွေးကြပြီး ဗဟိုကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကိုဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

| | | | | |
|---|---|---|---|---|
| ၁။ ကာကွယ်ရေးဝန်ကြီးဌာန | ၂။ ဥပဒေရေးရာဝန်ကြီးဌာန | ၃။ ပြန်ကြားရေးဝန်ကြီးဌာန | ၄။ Myawady Webportal | ၅။ Myanmar National Portal |
| (https://www.mod.gov.mm) | (https://www.mlis.gov.mm) | (https://www.moi.gov.mm) | (https://myawady.net.mm) | (https://myanmar.gov.mm) |

# တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှုတိုက်ဖျက်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ရုရှားတပ်မတော်ကြီးတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ မြန်မာနိုင်ငံရှိ အထင်ကရနေရာများကို သွားရောက်လေ့လာ




ရုရှားတပ်မတော်ကြီးတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များ နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်တို့သို့ သွားရောက်ဖူးမြော်လေ့လာစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တတိယအကြိမ် မြန်မာ-ရုရှား ပူးတွဲအကြမ်းဖက်မှု တိုက်ဖျက်ရေးကော်မတီအစည်းအဝေးသို့ တက်ရောက်ခဲ့သည့် ရုရှားတပ်မတော်ကြီးတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် သူရဲကောင်းဗိမာန် (နေပြည်တော်)သို့ သွားရောက်၍ သူရဲကောင်းဗိမာန်အတွင်းရှိ အထိမ်းအမှတ်ကျောက်တိုင်ရှေ့၌ ဂုဏ်ပြုပန်းခြင်းများဖြင့် နိုင်ငံတော်နှင့်တပ်မတော်အတွက် တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့ကြသည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များကို အလေးပြုကြပြီး ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။ ယင်းနောက် တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြရာ ပြတိုက်တာဝန်ခံက ပြတိုက်သမိုင်း၊ ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် ပြတိုက်အတွင်း ကဏ္ဍအလိုက် ပြခန်း၊ ပြကွက်များ ပြသထားမှုတို့ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ စစ်သမိုင်းပြတိုက်နှင့် တပ်မတော်မော်ကွန်းတိုက်မှူးရုံး ပြခန်းအတွင်း စိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး သိရှိလိုသည်များကို ပြခန်းတာဝန်ရှိသူများထံ မေးမြန်းကြသည်။ ၎င်းနောက် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ရုရှားတပ်မတော် ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်ဈေးသို့သွားရောက်ကြပြီး ဈေးအတွင်း ခင်းကျင်းပြသ ရောင်းချလျက်ရှိသည့် လက်ဝတ်ရတနာများ၊ ရိုးရာအဝတ်အထည်များ၊ ရွှေချည်ထိုး၊ ငွေချည်ထိုး၊ ပန်းချီ၊ ပန်းပု စသည့် လက်မှုအနုပညာပစ္စည်းများကို ကြည့်ရှုလေ့လာ ဝယ်ယူအားပေးခဲ့ကြသည်။ ဆက်လက်၍ ရန်ကုန်မြို့ရှိ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ဆက်ကပ်ပူဇော်ကာ သာသနိကအဆောက်အအုံများကို လေ့လာကြည့်ရှုကြသည်။

အဆိုပါ ရုရှားတပ်မတော်ကြည်းတပ်ဖွဲ့၏ ငြိမ်းချမ်းရေးထိန်းသိမ်းမှုဆိုင်ရာ ဒုတိယကြည်းတပ်ဦးစီးချုပ် Colonel General Aleksandr Anatolyevich Matovnikov ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဒီဇင်ဘာ ၉ ရက် ညနေပိုင်းတွင်လည်း ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ဦးစွာ မော်ကွန်းတိုက်အတွင်း၌ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဗုဒ္ဓဥယျာဉ်ငယ်ပုံစံငယ်များ၊ မြန်မာ့ရိုးရာပန်းဆယ်မျိုး လက်ရာပုံစံငယ်များ၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားပူဇော်မှုမှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ကာ သဒ္ဓါမိပတိ ခေါင်းလောင်းတော်ထိုး၍ ကုသိုလ်ပြုကြသည်။ ထို့နောက် အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကြပြီး ကျောက်စာရုံစေတီများနှင့် သာသနိကအဆောက်အအုံများကို လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဖျာပုံမြို့နယ်သို့ ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့် အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ဖျာပုံမြို့နယ်သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါနယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဖျာပုံမြို့နယ်ရှိ ရွှေစင်လမင်းဆီဆိုင်ဝင်းအတွင်း၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၉၄ ဦး၊ ခွဲစိတ်ရောဂါ ၁၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၁၀ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးရောဂါ ၈၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၂၅ ဦး၊ မျက်စိရောဂါ ၈၄ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၃၁ ဦး စုစုပေါင်း ဒေသခံပြည်သူ ၃၆၈ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၃ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေး လူနာ ၁၃ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၁ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၂၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ရောက်ရှိနေခြင်းဖြစ်ပြီး ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -





“ကျွန်မက ဆရာမဒေါ်စန်းပါ။ အထက-၁ ဖျာပုံကနေ အငြိမ်းစားယူထားတဲ့ဆရာမပါ။ ကျွန်မအရိုးအကြောလာပြတာပါ။ အရိုးအကြောကတော့ ဖြစ်တာ ပင်စင်ယူပြီးကတည်းက ၁၀ နှစ်လောက်ရှိပြီ အဲ့ဒီလိုပဲပြပြနေရတာ။ သဘော်ကြီးလာတယ်ဆိုတော့ ဝမ်းသာအားရနဲ့ ပိုပြီးတော့ သဘောကျပြီးလာပြတာပါ။ ဒီလက်က ဆေးထိုးမယ်ပြောတော့ ကြောက်ပြီးတော့မထိုးတာ အပြင်ဆေးခန်းတွေမှာပြတာ၊ အခုဆရာကြီးက ဆေးလဲထိုးပေးလိုက်တယ်။ အခုဒီကိုရောက်တယ်ကြားတော့ အရမ်းဝမ်းသာတာ၊ ဝမ်းသာပီတိလဲဖြစ်မိပါတယ်။ အဲ့ဒီတော့နောက်တစ်ခေါက်လာတဲ့ အခါကျရင်လဲ ကြိုဆိုပါတယ်။ ကျန်တဲ့သူတွေကိုလဲ ကျွန်မလက်ဆင့်ကမ်းပြီးတော့ ပြောပြပါအုံးမယ်။ အားလုံးကိုလဲ ကျေးဇူးတင်ပါတယ်။ တာဝန်ရှိတဲ့ လူကြီးမင်းများအားလုံးနဲ့ နိုင်ငံတော်အစိုးရရောပေါ့၊ အကုန်လုံးဒီတာဝန်တွေ ဒီတာဝန်တွေ ပေးထားတဲ့အခါကျတော့ အကုန်လုံးကို ကျေးဇူးတင်ပါတယ်။ ကြွရောက်လာတဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့ အားလုံးကိုလဲ ဝမ်းမြောက်ဝမ်းသာနဲ့ကျေးဇူးတင်ပါတယ်။ ဒီမှာဝိုင်းဝန်းပြီးတော့ ကူညီလုပ်ဆောင်ပေးတဲ့ နယ်မြေခံပြည်သူလူထုနဲ့ ဝန်ထမ်းအားလုံးကိုလဲ ကျေးဇူးတင်ပါတယ်” ဟု ပြောသည်။



တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ဖျာပုံမြို့နယ်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

“ကျွန်မက ဒေါ်ရီပါ။ အသက် ၆၆ နှစ်ရှိပါပြီ ဒီအဖွဲ့ကို မျှော်နေတာလဲကြာပါပြီ၊ တပ်မတော် နယ်လှည့်ဆေးကုသရေးအဖွဲ့ လာတိုင်း ကျွန်မလာပြပါတယ်။ ဒီတစ်ခေါက်ကတော့ ထူးထူးခြားခြား ကျွန်မကျောက်ကပ်ထဲမှာ ကျောက်တည်တယ်ဆိုလို့လာပြတာ တော်တော်လေး အဆင်ပြေသွားပါတယ်။ ဆရာကြီးတွေ၊ ဆရာမကြီးတွေကလဲ အကုန်လုံးကို နွေးနွေးထွေးထွေးနဲ့ လှိုက်လှိုက်လှဲလှဲ ကြိုဆိုပါတယ်။ တစ်လ သောက်ရမယ့်ဆေး၊ နှစ်လ သောက်ရမယ့်ဆေး ဒီဆေးလေးနဲ့အဆင်ပြေသွားလို့ရှိရင် နောက်ထပ်မခွဲရတော့ဘူးဆိုတော့ ကျွန်မတော်တော်လေးလဲဝမ်းသာပါတယ်။ ဆေးကုသရေးအဖွဲ့မှာပါတဲ့ဝန်ထမ်းတွေအားလုံး ကျန်းမာချမ်းသာကြပါစေ။ အန္တရာယ်ကင်းဘေးရှင်းပြီးတော့ လိုရာဆန္ဒတွေရောက်ကြပါစေ။ ဖျာပုံမြို့သူမြို့သားတွေကလည်း အကုန်လုံးလှိုက်လှိုက်လှဲလှဲ ဝမ်းပန်းတသာနဲ့ကြိုဆိုနေပါတယ်” ဟုပြောသည်။ (၅၀၁)

# မြစ်ကြီးနားမြို့၌ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်



နေပြည်တော် ဒီဇင်ဘာ ၁၁

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က အဆိုပါမြို့ရှိ ခရမ်းကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

**သံဃာတော်များအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေး အဖွဲ့က ခရမ်းကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။**

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော်အပါး ၃၀ အား ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အာရုံကြောအားနည်းရောဂါ၊အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်ပေးခြင်းနှင့် ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သည့် သံဃာတော်များအား နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်ထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဝ၁)

# Basel Institute on Governance ၏ Basel AML Index 2025 အရ မြန်မာနိုင်ငံအား အဆင့်သတ်မှတ်ဖော်ပြချက်အပေါ် ကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်

၁။ ဆွစ်ဇာလန်နိုင်ငံအခြေစိုက် International Non-profit Organization တစ်ခုဖြစ်သည့် Basel Institute on Governance က ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအတွင်း ထုတ်ပြန်ခဲ့သည့် Basel AML Index 2025 အရ မြန်မာနိုင်ငံသည်နိုင်ငံနှင့် ဒေသပေါင်း ၁၇၇ နိုင်ငံအနက် ဆုံးရှုံးနိုင်ခြေမြင့်မားသောနိုင်ငံစာရင်းတွင် နံပါတ် (၁) နိုင်ငံအဖြစ် သတ်မှတ်ဖော်ပြခဲ့ပါသည်။

၂။ ငွေကြေးခဝါချမှုတိုက်ဖျက်ရေး (Anti-Money Laundering – AML)၊ အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး(Countering the Financing of Terrorism – CFT)၊ လူအများအပြား သေကျေစေသည့် လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး (Countering the Proliferation of Financing of Weapon of Mass Destruction – CPF) လုပ်ငန်းများကို ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်အဖွဲ့အစည်းအနေဖြင့် ဆောင်ရွက်လျက်ရှိသည့်အဖွဲ့အစည်းမှာ စက်မှုထိပ်သီး ခုနစ်နိုင်ငံအပါအဝင် နိုင်ငံနှင့် အဖွဲ့အစည်းပေါင်း ၄၀ တို့မှ ဝန်ကြီးများဖြင့် ဖွဲ့စည်းထားသည့် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force – FATF) ဖြစ်ပါသည်။

၃။ FATF နှင့် FATF ကဲ့သို့ ပုံစံတူဖွဲ့စည်းထားသည့် ဒေသတွင်းအဖွဲ့အစည်းများမှ အဖွဲ့ဝင်နိုင်ငံများသည် FATF မှထုတ်ပြန်ထားသည့် Methodology ပါ စံနှုန်းသတ်မှတ်ချက်များကို လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန်လိုအပ်ပါသည်။ လိုက်နာဆောင်ရွက်နေမှုများကို အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ခြင်း (Mutual Evaluation–ME) လုပ်ငန်းစဉ်ဆောင်ရွက်ပြီး FATF ၏ အကြံပြုချက် ၄၀ ပါ စံနှုန်းသတ်မှတ်ချက်ဖြင့် အကဲဖြတ်ခြင်းများ ဆောင်ရွက်ပါသည်။ မြန်မာနိုင်ငံ၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း အပြန်အလှန်အကဲဖြတ်ချက် အစီရင်ခံစာပါ အကြံပြုချက် ၄၀ အနက် ၂၀၂၅ ခုနှစ်ထိ ၂၆ ချက်သည် စံနှုန်းသတ်မှတ်ချက်တိုးမြှင့်ကောင်းမွန်ရရှိခဲ့ပါသည်။ အခြားဒေသတွင်းနိုင်ငံများထက် စံနှုန်းသတ်မှတ်ချက်ပိုမိုတိုးတက်ကောင်းမွန်ခဲ့ပါသည်။

၄။ မြန်မာနိုင်ငံအနေဖြင့် FATF မှထုတ်ပြန်ထားသည့် Methodology ပါ စံနှုန်းသတ်မှတ်ချက်များကို လိုက်နာ၍ AML/CFT/ CPF ဆိုင်ရာလုပ်ငန်းများကို စဉ်ဆက်မပြတ်အကောင်အထည်ဖော်လိုက်နာဆောင်ရွက်လျက်ရှိသော်လည်း အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိသည့် အစီအမံ (Action Plan) များကို ကိုဗစ် – ၁၉ ကူးစက်ရောဂါဖြစ်ပွားမှုနှင့် အခြားဆက်စပ်အခြေအနေများကြောင့် သတ်မှတ်ကာလအတွင်း ပြီးမြောက်အောင်ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် အလေးထားစိစစ်မှုများပြုလုပ်ရန်နှင့် တိုးမြှင့်အရေးယူဆောင်ရွက်မှုမပြုလုပ်ရန် တောင်းဆိုခြင်းခံရသည့် နိုင်ငံနှင့် ဒေသများ (enhanced due diligence (EDD) – and not countermeasures) စာရင်းသို့ပြောင်းလဲထည့်သွင်းခြင်းခံခဲ့ရပါသည်။ မြန်မာနိုင်ငံသည် မြောက်ကိုရီးယားနှင့် အီရန်နိုင်ငံတို့ကဲ့သို့ Countermeasure (Black List) စာရင်းတွင် ပါဝင်ခြင်းမဟုတ်ဘဲ EDD ကို ပိုမိုဆောင်ရွက်ရန်သာ စာရင်းတွင်ထည့်သွင်းခံခဲ့ရပါသည်။

၅။ ထို့နောက် မြန်မာနိုင်ငံအနေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်ကျန်ရှိသည့် အစီအမံ (Action Plan) များကို သတ်မှတ်ကာလအတွင်း ပြီးစီးစေရန် အာရှပစိဖိတ်ပူးတွဲအဖွဲ့ (Asia Pacific Joint Group–APJG) သို့ လေးလတစ်ကြိမ် တိုးတက်မှုအစီရင်ခံစာများ ရေးသားပေးပို့တင်ပြခြင်း၊ မျက်နှာချင်းဆိုင်အစည်းအဝေးများသို့ တက်ရောက်ရှင်းလင်းဆွေးနွေးခြင်းနှင့် FATF မျက်နှာစုံညီအစည်းအဝေးများ တက်ရောက်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်ခဲ့ပါသည်။

၆။ ယင်းကဲ့သို့ မြန်မာနိုင်ငံအနေဖြင့် FATF ၏ အကြံပြုချက်များအပေါ် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ချက်များနှင့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဆုံးရှုံးနိုင်ခြေ (ML/TF Risk) များကိုနားလည်ပြီး ဖော်ထုတ်နိုင်ခဲ့ခြင်း၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေကို ပြင်ဆင်ခြင်း၊ ယုံမှတ်အပ်နှံမှုဥပဒေကို ပြင်ဆင်ခြင်း၊ သက်သေခံပစ္စည်းများစီမံရေး၊ ထိန်းသိမ်းရေးနှင့်စီမံခန့်ခွဲရေးဥပဒေကို အသစ်ပြင်ဆင်ပြဋ္ဌာန်းခြင်းတို့အပါအဝင် သိသာထင်ရှားသော တိုးတက်မှုများဆောင်ရွက်ခဲ့ခြင်းကြောင့် FATF မှ အသိအမှတ်ပြု၍ ၂၀၂၅ ခုနှစ် အောက်တိုဘာလတွင် ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပခဲ့သည့် FATF မျက်နှာစုံညီအစည်းအဝေးအပြီး ထုတ်ပြန်ချက် (Statement)တွင် မြန်မာနိုင်ငံသည် လိုက်နာအကောင်အထည်ဖော်ဆောင်ရွက်ရန် အကြံပြုချက် ယခင် ရှစ်ချက်ရှိရာမှ လေးချက်သာ ကျန်ရှိခဲ့ပြီး အလေးထားစိစစ်မှုများတိုးမြှင့်ဆောင်ရွက်ရန် (Enhanced Due Diligence)စာရင်းတွင်သာ ဆက်လက်ထားရှိခဲ့ပါသည်။ မြန်မာနိုင်ငံအနေဖြင့် ဆက်လက်အကောင်အထည်ဖော်ရန်ကျန်ရှိနေသေးသည့် အချက်လေးချက်ကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများက Timeline များချမှတ်ပြီး အထူးအလေးထား ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်း၍ အားသွန်ခွန်စိုက် ထိထိရောက်ရောက် ဆောင်ရွက်လျက်ရှိပါသည်။

၇။ Basel Institute on Governance က ထုတ်ပြန်သည့် Basel AML Index 2025 အရ နိုင်ငံနှင့် ဒေသပေါင်း ၁၇၇ နိုင်ငံအနက် လာအိုအား အမှတ်စဉ် (၇)တွင်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအား အမှတ်စဉ်(၁၉) တွင်လည်းကောင်း၊ နီပေါနိုင်ငံအား အမှတ်စဉ် (၄၉) တွင်လည်းကောင်း ဖော်ပြထားသော်လည်း ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံနှင့် အီရန်နိုင်ငံတို့ ပါဝင်ခြင်းမရှိသည်ကို တွေ့ရှိရပါသည်။ ၎င်းအပြင် FATF ကဲ့သို့ ခိုင်မာသည့် နိုင်ငံတကာလိုက်နာဆောင်ရွက်ရန်လိုအပ်သော စံနှုန်းသတ်မှတ်ချက်များနှင့် Methodology များချမှတ်ပြီး အကဲဖြတ်ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၈။ သို့ပါ၍ Basel Institute on Governance က Basel AML Index 2025 ထုတ်ပြန်ချက်သည် ကမ္ဘာပေါ်ရှိ နိုင်ငံနှင့် ဒေသများအားလုံးအပေါ် လွှမ်းခြုံခြင်းမရှိသည့်အပြင် နိုင်ငံနှင့် ဒေသများအားလုံးပါဝင်ခြင်းမရှိသည်ကိုလည်း တွေ့ရှိရကြောင်းနှင့် FATF, APG တို့ကဲ့သို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးကို ရှေ့တန်းမှ စံနှုန်းချမှတ်လေ့လာသုံးသပ်နေသည့် အဖွဲ့အစည်းများ၏ အကဲဖြတ်ချက်များကို အခြေမခံဘဲ နိုင်ငံရေးနှင့် စီးပွားရေးတည်ငြိမ်မှုရရှိစေရန် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ယခုကဲ့သို့ထုတ်ပြန်ခြင်းသည် မြန်မာနိုင်ငံ၏တိုးတက်ဆောင်ရွက်မှုများကို မျက်ကွယ်ပြု၍ FATF နှင့် မြန်မာနိုင်ငံအကြား အနီးကပ်ပူးပေါင်းဆောင်ရွက်နေမှုများကို သေချာစွာသုံးသပ်ခြင်းမရှိဘဲ ထိခိုက်အောင် ရေးသားထုတ်ပြန်နေမှုကို ကန့်ကွက်ပါကြောင်း အများပြည်သူသိရှိစေရန် အသိပေးထုတ်ပြန်အပ်ပါသည်။

**ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို**
**ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့**
၁၁-၁၂-၂၀၂၅

# ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှု ထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏ မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိ လျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏ မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

မြန်မာ့သမဝါယမစတင်ခြင်း ၁၂၁ နှစ်မြောက် နှစ်ပတ်လည်နေ့
အထိမ်းအမှတ်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ(၁၈)ရက်
"လူမှုစီးပွားဘဝမြင့်တင်ဖို့ သမဝါယမကဏ္ဍမှ ပူးပေါင်းပါဝင်ဆောင်ရွက်စို့"

(၂၅)ကြိမ်မြောက်
မြန်မာ့တိုင်းရင်းဆေးသမားတော်များညီလာခံ နှင့်
မြန်မာ့တိုင်းရင်းဆေးပညာနှီးနှောဖလှယ်ပွဲ
၂၀၂၅ ခုနှစ် ဒီဇင်ဘာလ (၁၅၊ ၁၆၊ ၁၇) နေပြည်တော်

# တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိသည့် ထိုင်းနိုင်ငံမှ မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး သုံးဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သူ တစ်ဦးတို့ကို ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်




တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးအမှုဖြင့် အလိုရှိတရားခံပြေး သုံးဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သူ တစ်ဦးတို့ကို ထိုင်းနိုင်ငံသို့ လွှဲပြောင်းပေးအပ်မှုမှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံ တာချီလိတ်နှင့် မိုင်းတုံမြို့နယ်တို့တွင် ဖမ်းဆီးရမိခဲ့သည့် ထိုင်းနိုင်ငံမှ မူးယစ်အမှုဖြင့် အလိုရှိတရားခံပြေး သုံးဦးနှင့် တရားမဝင် ဝင်ရောက်နေထိုင်သည့် ထိုင်းနိုင်ငံသား တစ်ဦးတို့ကို ထိုင်းနိုင်ငံသို့ ပြန်လည်လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)သည် မြန်မာနိုင်ငံ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့(CCDAC)ထံသို့ ထိုင်းနိုင်ငံအတွင်း မူးယစ်ပြစ်မှုများကျူးလွန်ပြီး မြန်မာနိုင်ငံဘက်သို့ ထွက်ပြေးတိမ်းရှောင်နေသည့် Mr. Phonchana Phongthong(ခ)Toon၊ Mrs.Thanida Puangngern(ခ)Ningနှင့် Mr. Wi Rat Taou Dom တို့ သုံးဦးကို ကူညီစုံစမ်းဖော်ထုတ်ဖမ်းဆီးပေးရန် သတင်းဖလှယ်ပေးပို့ချက်အရ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့နှင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် အဆိုပါ အလိုရှိတရားခံပြေး သုံးဦးကို စုံစမ်းဖော်ထုတ်ဖမ်းဆီးခဲ့ရာ နိုဝင်ဘာ ၁၃ရက်တွင် Mr. Phonchana Phongthong(ခ) Toon၊Mrs.Thanida Puangngern(ခ)Ning တို့ကို တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌လည်းကောင်း၊ နိုဝင်ဘာ ၁၄ရက်တွင် Mr. Wi Rat Taou Dom အား မိုင်းတုံမြို့နယ် နားကောင်းမူကျေးရွာ၌လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း။

မြန်မာ-ထိုင်း နှစ်နိုင်ငံ မူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာအရ အဆိုပါအလိုရှိတရားခံပြေး သုံးဦးနှင့်အတူ အောက်တိုဘာ ၁၆ရက်တွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်တွင် ဖမ်းဆီးရမိခဲ့သည့် တရားမဝင် ဝင်ရောက်နေထိုင်ခဲ့သူ ထိုင်းနိုင်ငံသား Mr. Chairit Phucharoen တို့ကို နှစ်နိုင်ငံတည်ဆဲဥပဒေ လုပ်ထုံးလုပ်နည်းများနှင့်အညီ မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ အမှတ်(၇)မူးယစ်တပ်ဖွဲ့ခွဲ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးကျော်စိန်ဝင်း ဦးဆောင်သည့်အဖွဲ့က ထိုင်းနိုင်ငံ မူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB)၊ အတွင်းရေးမှူးချုပ် Police Major Suriya Singhakamol ဦးဆောင်သည့်အဖွဲ့ထံသို့ ယနေ့ နံနက် ၁၁ နာရီတွင် မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား(၂)၌ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း၊ နှစ်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေးအစီအစဉ်အရ မူးယစ်ဆေးဝါးပြစ်မှုကျူးလွန်ပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ကာ နယ်စပ်ဖြတ်ကျော်မူးယစ်မှုခင်းများ ထပ်မံကျူးလွန်နေသည့် တရားခံပြေးများကို အပြန်အလှန် ဖော်ထုတ်ဖမ်းဆီးလွှဲပြောင်းပေးခြင်းဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့်သတ်မှတ်၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပြီး ဒေသတွင်းနိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများနှင့် ပိုမိုတိုးမြှင့်ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သတင်းရရှိသည်။ (၅၀၁)

# စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ၆၁၁၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီကဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေးစားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဒီဇင်ဘာ ၁၂ ရက်မှ ၁၈ ရက်ထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ၆၁၁၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့် လုပ်ဆောင်မှုများ ပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website:www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## ၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁၁ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ ကျပ်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဒီဇင်ဘာ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "KaungMyat" Facebook အကောင့်၊ "EiEiKhaing" Facebook အကောင့်နှင့် "မြင့်မြတ်" Facebook အကောင့်များ၏ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ နန်းတော်ရာရပ်ကွက်နေ မြင့်မြတ်ကို(ခ)မြင့်မြတ်အား ည ၈ နာရီခွဲတွင် ပဲခူးမြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ အလုံး ၂၀ ထပ်မံဖြိုချဖျက်ဆီး၊ မြဝတီမြို့ အမှတ်(၃)ရပ်ကွက်တွင် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများ ထပ်မံဖမ်းဆီးရမိ




**နေပြည်တော် ဒီဇင်ဘာ ၁၁**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ အများဆုံးအခြေချ လုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင် အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေး လုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ ကျူးလွန်ရာတွင်အသုံးပြုခဲ့သည့် အပိုင်း(၃) နယ်မြေအတွင်းရှိ တရားမဝင်သုံးထပ်အဆောက်အအုံ နှစ်လုံး၊ နှစ်ထပ်အဆောက်အအုံ ၁၅ လုံးနှင့် တစ်ထပ်ဂိုဒေါင်အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံအလုံး ၂၀ ကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၃၈၁ လုံးကို စနစ်တကျဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

ထို့ပြင် မြဝတီမြို့ ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်ပြည်ပနိုင်ငံသားများကို လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကို ရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံး ပြန်လည်လွှဲပြောင်းပေးနိုင်ရေးအတွက် ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-ရွှေကုက္ကိုလ်နယ်မြေမှ ဖမ်းဆီးထိန်းသိမ်းခဲ့သည့် ဖိလစ်ပိုင်နိုင်ငံသား ၇၁ ဦး၊ အီသီယိုးပီးယားနိုင်ငံသား ၄၂ ဦး၊အီဂျစ်နိုင်ငံသား တစ်ဦးနှင့် ရဝမ်ဒါနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ၁၁၅ ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးအပ်ခဲ့ကြောင်းနှင့် ကျန်ရှိသည့် တရားမဝင်ပြည်ပနိုင်ငံသားများကိုလည်း သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိပြီး ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီမြို့နှင့် ပတ်ဝန်းကျင်ဒေသတစ်ဝိုက်ရှိ အဆောက်အအုံများ၌ တရားမဝင်ပြည်ပနိုင်ငံသားများ ဝင်ရောက်နေထိုင်ခြင်းနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ဆောင်ရွက်ခြင်း မရှိစေရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်းတာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် ဒီဇင်ဘာ ၈ ရက်မှစတင်၍ ရှာဖွေရှင်းလင်းဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း အဆောက်အအုံ ၄၈ လုံး ထပ်မံစစ်ဆေးနိုင်ခဲ့ပြီး အဆိုပါအဆောက်အအုံများအနက်မှ မြဝတီမြို့ အမှတ်(၃) ရပ်ကွက် ရွှေတောင်(၂)လမ်းရှိ အဆောက်အအုံ တစ်လုံးအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုပြုလုပ်ရာတွင် အသုံးပြုသည့် လောင်းကစားခုံ လေးလုံးနှင့်အတူ တရားမဝင်အီသီယိုးပီးယားနိုင်ငံသား အမျိုးသားလေးဦးတို့ကို ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

၎င်းအပြင် မြဝတီမြို့နယ်အတွင်းရှိ KK Park နယ်မြေနှင့် ရွှေကုက္ကိုလ်နယ်မြေတို့၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့်ပစ္စည်းများအား ထပ်မံ၍အသုံးပြုနိုင်ခြင်းမရှိစေရန်အတွက် ယနေ့တွင်လည်း စနစ်တကျမီးရှို့ဖျက်ဆီးခဲ့ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)




KK Park နယ်မြေ အပိုင်း(၃)တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်တိုက် လူနေအဆောက်အအုံ မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။




မြဝတီမြို့တွင် ဖော်ထုတ်ဖမ်းဆီးရမိသည့် တရားမဝင် အီသီယိုးပီးယားနိုင်ငံသားများနှင့် လောင်းကစားမှုတွင် အသုံးပြုသည့်ပစ္စည်းများကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် အဆောက်အအုံများအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုများတွင် အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများ မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

# ရှင်းသန့်သော လူငယ်

ဆူးသစ်

ကျွန်တော်တို့မြန်မာလူမျိုးများ ကိုရီးယားရုပ်ရှင်ဇာတ်လမ်းတွဲများကို ညစဉ်ညတိုင်း ရုပ်မြင်သံကြားတွင် အားပေးကြသည်။ ယခင်တုန်းက ဂျပန်ကားများ၊ တရုတ်ကားများကြည့်ခဲ့ရာမှ ယခုပြောင်းလဲလာခဲ့ကြသည်။ အခြားသူများကတော့မသိ။ ကျွန်တော်ကတော့ ဇာတ်လမ်းတွဲများကြည့်ရင်း ထိုဇာတ်လမ်းတွဲများထဲက ဇာတ်ကောင်အများစု၏ရှင်းသန့်သောရုပ်ပုံများကို သတိထားမိခဲ့သည်။

ကျွန်တော်တို့မြန်မာများ ကိုရီးယားဇာတ်လမ်းတွဲများနှင့် စတင်ရင်းနှီးခွင့်ရခဲ့သော "ဆောင်းဦးရွက်ကြွေ ချစ်သက်သေ" ထဲက ပွန်စောနှင့် ထယ်စောက်တို့ကိုကြည့်ပါ။ ဆံပင်တိုတိုရှင်းရှင်းနှင့် သန့်ပြန့်ပြီး တော်တော်လေးကြည့်ကောင်းသည်။ ဇာတ်လမ်းကြောင့် ထိုနှစ်ယောက်အောင်မြင်သကဲ့သို့ သူတို့၏ ရုပ်ရည်သန့်ပြန့်မှုကလည်း အောင်မြင်မှုတွင် ရာခိုင်နှုန်းတော်တော်များများ ပါဝင်ခဲ့ပါလိမ့်မည်။

ကျွန်တော့်ကဲ့သို့ပင် တော်တော်များများလည်း ဇာတ်ကောင်များ၏ ရှင်းသန့်မှုကို သဘောတွေ့ခဲ့ကြပါလိမ့်မည်။ နောက်ပိုင်း ဇာတ်လမ်းများတွင်လည်း အချို့သော ဇာတ်ကောင်စရိုက်များမှလွဲ၍ ရှင်းသန့်သောရုပ်ပုံကို ပုံဖော်ထားတတ်ကြသည်ကို တွေ့ရှိရသည်။

ဤနေရာ၌ ရှင်းသန့်သည်ဆိုသော သဘောကို ကျွန်တော်နားလည်သကဲ့သို့ ရှင်းပြမည်။ မင်းသမီးများကတော့ ပြင်တတ်လျှင် ပြင်တတ်သကဲ့သို့ ရုပ်ထွက်၍ထည့်မပြောလိုပေ။ မင်းသားများကိုသာ ပြောလိုခြင်းပင်။ ကိုရီးယားမင်းသားအားလုံး ချောသည်ဟုတော့ ကျွန်တော်မထင်ပေ။ ထို့သို့ မချောသော်လည်း သူတို့ကိုအမျိုးသမီးပရိသတ်က သဘောကျကြသည်။ မြန်မာပရိသတ်ကို ဆိုလိုခြင်းပင်။ ကျွန်တော်တို့လို ယောကျ်ားကလေးများလည်း သူတို့၏ ဇာတ်ကောင်စရိုက်နှင့် ပုံစံတော်တော်များများကို သဘောကျကြသည်။

သူတို့သည် များသောအားဖြင့် သပ်သပ်ရပ်ရပ်ဖြစ်အောင်နေတတ်ကြသည်ကများသည်။ သူဌေးခန်းမဟုတ် ဆင်းရဲသားခန်း၊ တေပေလေလွင့်ခန်းများ၌ပင် သူတို့ရုပ်ရည် ရှင်းရှင်းလင်းလင်းနှင့် သပ်သပ်ရပ်ရပ်ဖြစ်ကာ သန့်ရှင်းနေသည့်မျိုးတွေ့ရပါသေးသည်။ ဆိုလိုသည်မှာ ဆံပင်ရှည်၊ ရှုပ်ပွ၊ လမ်းသရဲမဆန်ခြင်းမျိုးဖြစ်ပြီး ကိုရီးယားမင်းသားထဲမှ ဆံပင်ရှည်သည့်ဟု ယူဆရသော ဒါရိုက်တာရင်ပင်လျှင် ပင်ကိုရုပ်ဖြောင့်ခြင်းထက် ရှင်းသန့်သောစရိုက်ပိုပေါ်နေတတ်ခြင်းကြောင့် ယောကျ်ား၊ မိန်းမ ပရိသတ်က လက်ခံအားပေးကြသည်ဟု ကျွန်တော်ထင်ပါသည်။

သူတို့သည် သူတို့၏ဇာတ်ကောင်စရိုက်ကို ကိုက်ညီအောင်လုပ်ဆောင်နိုင်သည်။ မနိုင်သည် အပထား။ သေချာသည်ကတော့ သူတို့အားလုံး၏ ရှင်းသန့်မှုကို ထိန်းသည့်နေရာ၌ တူညီနေသည်။ ဤသည်ကို အခြားနိုင်ငံက ရုပ်ရှင်ကားများနှင့် နှိုင်းယှဉ်လျှင် ပိုတွေ့နိုင်သည်။ ကျွန်တော်တို့ မြန်မာများ ရင်းနှီးပြီးသား တရုတ်ကား၊ ဂျပန်ကားများမှ မင်းသားများကိုကြည့်လျှင် တစ်ခါတစ်ရံ၌ စိတ်ပင်ရှုပ်သွားပါသေးသည်။

တရုတ်သိုင်းကားများဆိုလျှင် ဇာတ်လိုက်များသည် ဆံပင်ရှည်ချည်းသာများ၍ သေသေချာချာ စည်းနှောင်ထားသော မင်းသားနှင့်ရုပ်ရည်တော်တော်သန့်ပြန့်သော မင်းသားတို့မှလွဲလျှင် အကြည့်ရဆိုးတတ်သည်။

ကျွန်တော်က ဘာကြောင့် ရှင်းသန့်မှုဆိုသော

❖ရှင်းသန့်သည့်ရုပ်ပုံများနှင့် ရှုပ်ရှုပ်ပွပွရုပ်ပုံများကို မြင်ရသောအခါ ခံစားရသည့်ကျွန်တော်တို့ခံစားမှုသည် အမှုမဲ့အမှတ်မဲ့နေ၍သာ မသိချင်မသိဘဲရှိမည်။ အမှန်စစ်စစ်ပေါက်ပေါက် လေ့လာလိုက်လျှင်တော့ ရှင်းသန့်သောရုပ်ပုံများမှာ ကြည်နူးမိသလောက် ရှုပ်ပွသော ရုပ်ပုံများမှာ စိတ်ညစ်ညူးသွားတတ်သည်ကို တွေ့ရပေလိမ့်မည်။ သေချာသည်ကတော့ ရှုပ်ပွနေသောရုပ်ပုံများကိုမြင်၍ ပြောင်းလဲသော ခံစားမှုမျိုးရချင်မှရနိုင်မည်ဖြစ်သော်လည်း ရှင်းသန့်သောရုပ်ပုံများကို တွေ့ရသောအခါတွင်ကား မိမိကိုပါဓာတ်ကူးကာ စိတ်ထဲတွင် ညစ်ညူးနေသမျှရှင်းသွားပြီး ကြည်နူးမှုကို ရရှိစေမည်မှာ အမှန်ပင်။❖

စကားလုံးကို သည်လောက်ဖွင့်ဆိုနေရပါသနည်း။ ရုပ်ရှင်များနှင့် ဘာကြောင့် ခိုင်းနှိုင်းနေရပါသနည်း။

သည်ရုပ်ရှင်များကနေ အမြင်ကို ဦးစွာဖွင့်ချပြပါမည်။ ရှင်းသန့်သည့်ရုပ်ပုံများနှင့် ရှုပ်ရှုပ်ပွပွရုပ်ပုံများကို မြင်ရသောအခါ ခံစားရသည့် ကျွန်တော်တို့ ခံစားမှုသည် အမှုမဲ့အမှတ်မဲ့နေ၍သာ မသိချင်မသိဘဲရှိမည်။ အမှန်စစ်စစ်ပေါက်ပေါက်လေ့လာလိုက်လျှင်တော့ ရှင်းသန့်သော ရုပ်ပုံများမှာ ကြည်နူးမိသလောက် ရှုပ်ပွသောရုပ်ပုံများမှာ စိတ်ညစ်ညူးသွားတတ်သည်ကို တွေ့ရပေလိမ့်မည်။ သေချာသည်ကတော့ ရှုပ်ပွနေသော ရုပ်ပုံများကို မြင်၍ ပြောင်းလဲသော ခံစားမှုမျိုးရချင်မှရနိုင်မည်ဖြစ်သော်လည်း ရှင်းသန့်သော ရုပ်ပုံများကို တွေ့ရသောအခါတွင်ကား မိမိကိုပါဓာတ်ကူးကာ စိတ်ထဲတွင် ညစ်ညူးနေသမျှရှင်းသွားပြီး ကြည်နူးမှုကို ရရှိစေမည်မှာ အမှန်ပင်။

ဤသည်က ဘာကိုပြသလဲဆိုလျှင် လူတစ်ဦး၏ ပုံရိပ်ကို ရိုက်ခတ်နိုင်သည်ဆိုသောအချက်ကို ဖွင့်ဟနေခြင်းပင်။ တီဗီဖန်သားပြင်တွင်ကြည့်၍ တစ်ဆင့်ခံစားနိုင်လျှင် ပြင်ပ၌ကျွန်တော်တို့ဆုံတွေ့နေကျ လူသားများကြားမှာလည်း သည်လိုခံစားမှုမျိုးရှိနေသည်ကို နားလည်နိုင်သည်။

ရန်ကုန်စက်မှုတက္ကသိုလ် ဒုတိယနှစ်ကျောင်းသားဘဝတွင် ကျွန်တော်အဆောင် နေဖူးသည်။ စာများခြင်းနှင့် အဆောင်တွင်တစ်ယောက်တည်းနေရခြင်းတို့ကြောင့် ဆံပင်လည်းမညှပ်မိ။ ထိုဆံပင်က စာမေးပွဲနီးသည်ထိထားမိရာ ကုပ်ထောက်လာ၏။ လူက ဘယ်အချိန်ကြည့်ကြည့် စိတ်ရှုပ်နေသလိုလို၊ တစ်ခုခုကို အလိုမကျသလိုလိုဖြစ်ကာ ရွယ်တူသူငယ်ချင်းများကပင် ပိုင်းပြီးပြောဆိုရသည်ထိ ဖြစ်ခဲ့သည်။ အိမ်ကို ခဏပြန်တော့လည်း ရပ်ကွက်ထဲတွင် တွေ့သောသူတိုင်းကရယ်ကြသည်။ ကျွန်တော်ကလည်း ကျွန်တော်ပင် ဆံပင်ရှည်ကို ရုံဖန်ရံခါ စည်းပင်စည်းလိုက်မိသည်။

သည်နောက်မှာတော့ စာမေးပွဲနီး၍ ခေါင်းရှုပ်ချိန်တွင် ဆံပင်မရှုပ်ချင်သော ကျွန်တော်က ဆံပင်ညှပ်လိုက်သောအခါ သူငယ်ချင်းများ၏ ဝမ်းသာအားရကြိုဆိုမှုကိုကြုံရ၍ လူတစ်ယောက်၏ ပုံပန်းသွင်ပြင်ရှင်းသန့်မှုသည် ပတ်ဝန်းကျင်ကို ရိုက်ခတ်နိုင်ကြောင်း သိခဲ့ရဖူးသည်။

ထိုအရာမှာ တကယ်လည်း အမှန်ပင်ဖြစ်သည်။ သွားရင်းလာရင်း ရုပ်ရည်သန့်ပြန့်သော လူငယ်များကိုတွေ့လျှင် တော်တော်များများ ချီးမွမ်းကြသည်။ စိတ်လည်းချမ်းသာသည်မဟုတ်လား။ ကလေးကချေ ပုံနှင့် ပေါက်ကရလုပ်ထားသည်ကို တွေ့လျှင်တော့ မချီးမွမ်းသည့်အပြင် ဘာမျှမပြောလျှင် ကံကောင်းသည်ဟုဆိုရမည်။ ကဲ့ရဲ့ပင် ခံရနိုင်သည်မဟုတ်လား။

ထိုအချက်ကို ထောက်ချင့်ပြန်လျှင် ကျွန်တော်တို့ကိုယ်တိုင်က ရှင်းသန့်နေမှ ပတ်ဝန်းကျင်က ကျွန်တော်တို့ကို သဘောကျကာ ကျွန်တော်တို့အတွက် စိတ်ချမ်းသာမှုပေးနိုင်၍ ကြည်နူးရမည်ဖြစ်သည်။ ထို့သို့မဟုတ်ဘဲ ဆန့်ကျင်ဘက်တွင်နေပါက ဆန့်ကျင်ဘက်ရလဒ်သာရရှိမည်ဖြစ်သည်။

ဤနေရာ၌ အဓိကစဉ်းစားရမည့်အချက်မှာ ကျွန်တော်တို့ကိုယ်တိုင်က ရှင်းသန့်နေမှဖြစ်မည်ဆိုသော အချက်ပင်။ ထိုအချက်သည် ကျွန်တော်တို့ကိုယ်တိုင်အတွက် အကျိုးရှိသည်။ ကျွန်တော်တို့ကို မြင်သူတိုင်းအတွက် အကျိုးရှိသည်။

ကိုယ့်ကိုတစ်ယောက်ယောက်ကမြင်၍ စိတ်ကြည်နူးရသည်မှာ ဖြစ်ထိုက်သောကိစ္စပင်။ ကိုယ့်ကြောင့် သူတစ်ပါးစိတ်ရှုပ်ရသည်ဆိုသည်မှာ သူရှုပ်သကဲ့သို့ ကိုယ်လည်းရှုပ်သည်။ မလုပ်သင့်၊ မဖြစ်သင့်သောကိစ္စပင်။

မြန်မာရုပ်ရှင်မင်းသားတစ်ဦး၏ ပုံစံနှင့်ဥပမာပြမည်။ ထိုမင်းသားသည် ပေါ်စက ဆံပင်ပုံတိုတိုကြောင့် လူငယ်ထုကြား သူ၏ရုပ်ရည်သန့်ပြန့်မှုနှင့်စတိုင်က တော်တော်ခေတ်စားသည်။ တစ်ခါတွင်တော့ သူဘာစိတ်ကူးပေါက်သည်မသိ။ မုတ်ဆိတ်၊ နှုတ်ခမ်းမွေးများထားကာ ရှုပ်ပွနေသော မျက်နှာနှင့်ကြော်ငြာများ၊ ရုပ်ရှင်များ ရိုက်ကူးလာသည်။ ပထမထားသော ဆံပင်တိုကို လူတော်တော်များများ အတုယူလိုက်လုပ်သော်လည်း ထိုသို့ရှုပ်ပွနေသော ပုံကိုတော့ မည်သူမျှ အတုမခိုးတော့ပေ။ ဤသည်က လူတော်တော်များများသည် ရှုပ်ပွခြင်းကို မကြိုက်ဘဲ သန့်ပြန့်ခြင်းကို ကြိုက်သည်ဟု အလိုလိုအဖြေထွက်သည်။ ဆိုလိုသည်မှာ မလုပ်သင့်၊ မဖြစ်သင့်သော ကိစ္စမို့လူတိုင်းလက်မခံပါဆိုသည့် သဘောပင်။

ဤနေရာ၌ ရှင်းသန့်ခြင်းသည် ရုပ်ချော၊ ရုပ်လှခြင်းနှင့်မဆိုင်ပါဟု နားလည်ရမည်။ မိမိတွင် ရှိနေသော ရုပ်ကိုပင်သန့်ရှင်းမှုရှိအောင်၊ အမြင်ရှင်းအောင် ပြုပြင်နေထိုင်ခြင်း တစ်မျိုးသာဖြစ်သည်။ ရှင်းသန့်ခြင်းသည် ဆင်းရဲ၊ ချမ်းသာနှင့်လည်း မဆိုင်ပေ။ မိမိစိတ်၏ ပြဋ္ဌာန်းမှုနှင့်သာဆိုင်သည်။ ရှိသည်နှင့် ရှင်းသန့်အောင်နေတတ်သူများ တစ်ပုံကြီးပင်။

ကိုရီးယားကားများကြည့်၍ လူငယ်သန့်သန့်လေးများနှင့် စကားပြောခန်းများမြင်ရလျှင် အင်မတန်သဘောကျသူများ ရှိတတ်သည်။ နောက်ခံရှုခင်းလည်းကောင်း၊ ထိုရှုခင်းထဲတွင် ချစ်သူနှစ်ဦးသို့မဟုတ် ကောင်ကလေး၊ ကောင်မကလေးများက ကြည့်လိုက်သည်နှင့် ရှင်းသန့်နေခြင်းမျိုးတွေ့ရလျှင် ကျွန်တော်တို့ရင်ကို စွဲငြိစေသည်။

ထိုအခါ၌ အထက်ကဆိုခဲ့သော ရှင်းသန့်သည့်ကိစ္စအပြင် နောက်ကိစ္စတစ်ခုပါတွဲပါလာသည်ကို သတိထားမိသည်။ ထိုမြင်ကွင်းထဲတွင် ရှိနေသည်က သက်ကြီးရွယ်ကြီး၊ အဘိုးကြီးအဘွားကြီး မဟုတ်ခြင်းဆိုသောကိစ္စပင်။

ကျွန်တော်တို့ကြည့်ရသော အချစ်ဇာတ်လမ်းတွဲတွင်ပါသည်က ငယ်ရွယ်သောလူငယ်များ အဟုတ်လား။ သည်လူငယ်များက နုပျိုပြီးရှင်းသန့်နေသောအခါ သူတို့ပါဝင်သော အချစ်ဇာတ်လမ်းများက အဘိုးကြီး၊ အဘွားကြီးများ၏ အချစ်ဇာတ်လမ်းထက် ပိုမိုစွဲငြိနိုင်သည်ကတော့ အမှန်ပင်။

သည်တော့ လူငယ်များကို ကျွန်တော်တို့ရှီးရှင်းစွာဆိုပါမည်။ ကျွန်တော်တို့သည် ငယ်ရွယ်နုပျိုခြင်းကို ယခုအခါမှာ ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားကြဆဲရှိပါသေးသည်။ ထိုငယ်ရွယ်နုပျိုခြင်းသည် အချိန်နှင့်အတူ တင်တယ်သည်။ အချိန်ကပေးသော နုပျိုခြင်းတွင် အခွင့်အရေးရတုန်း ရှင်းသန့်မှုနှင့် တန်ဆာဆင်ရမည်မှာ ကျွန်တော်တို့တာဝန်ပင်ဖြစ်သည်။

ကိုယ့်မှာအခွင့်အရေးရှိပါလျက် ကိုယ့်ကိုယ်ကိုယ် ရှုပ်ပွနေသော ဇာတ်သို့ မသွင်းချင်ပါနှင့်။ ဆံပင်ရှည်ရှည်၊ ရှုပ်ရှုပ်ပွပွ၊ ဆေးဆိုးချင်ဆိုး၊ နားကွင်းတပ်ချင်တပ်၊ ရံဖန်ရံခါနှာခေါင်းတွင် ကွင်းတပ်ချင်တပ်သည်မျိုးက မလုပ်သင့်ပေ။ ရုပ်လှသည်ဖြစ်စေ၊ မလှသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ဆင်းရဲသည်ဖြစ်စေ ရှင်းသန့်ခြင်းက မိမိဘာဖြစ်ကြောင်း လူများကို ပြဆိုမည်ဖြစ်သကဲ့သို့ ထိုသို့ခန္ဓာကိုယ်ရှင်းသန့်ခြင်းမှ စိတ်ဓာတ်ရှင်းသန့်ခြင်းသို့ရောက်လျက် ဘဝတွင်အောင်မြင်သော လူငယ်များအဖြစ် ရောက်ရှိနိုင်ပါလိမ့်မည်။

ထိုအခါ၌ မိမိကိုယ်ကို ရှင်းသန့်ခြင်းဖြင့် တန်ဆာဆင်သောသူသည် ရှင်းသန့်သည့်အကျိုးကို ခံစားရ၍ ထိုအကျိုးကျေးဇူးကို သိနားလည်မည်ဖြစ်ကာ ခန္ဓာကိုယ်ကို ဖြစ်သလိုတန်ဆာဆင်သူကတော့ အကျိုးမသိ အဆိုးထိကာ လူ့မှုလောက၏ပြင်ပသို့ အလိုလိုရောက်သွားနိုင်မည်ဖြစ်ကြောင်း နောင်တနှင့်အတူ သိလာပါလိမ့်မည်။

ရုပ်မြင်သံကြားက ဇာတ်လမ်းတွဲများ ကြည့်၍ ဇာတ်လမ်းထဲတွင် မျောပါတတ်သေးလျှင် ထိုဇာတ်ကောင်များထဲမှ ဇာတ်ကောင်စရိုက်များ ကူးစက်ခံရကာမျောပါနိုင်သည်။ ထိုအခါ ကောင်းသည်ကို မျော၍ မကောင်းသည်ကိုရှောင်လိုက်ပါမှ ကျွန်တော်တို့တစ်တွေ သည်ဇာတ်လမ်းတွဲများကို အချိန်ကုန်ခံကြည့်ရင်း အပန်းဖြေနိုင်သကဲ့သို့ အကျိုးကျေးဇူးလည်းရပါလိမ့်မည်။ ထို့သို့ရသော အကျိုးကျေးဇူးများတွင် ဇာတ်ကောင်များ၏ ပင်ကိုရှင်းသန့်မှုကို ရအောင်ကူးစက်ယူတတ်ပြီဆိုလျှင်ဖြင့် **ရှင်းသန့်သော လူငယ်များကို** ကျွန်တော်တို့၏ လူမှုလောကပတ်ဝန်းကျင်သစ်တွင် မြင်တွေ့နိုင်မည်ဖြစ်ပြီး ထိုလူငယ်များကပေးသော ပုံပန်းသွင်ပြင်ဖြင့် ကြည်နူးစရာကောင်းသော ရှင်းသန့်သည့် ခံစားမှုများကို ရရှိလာနိုင်လိမ့်မည်ဟု ယုံကြည်မိပါသည်။

# တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၆၀၁၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်



**တမူး ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါး ၁၆၀၁၅ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

တမူးခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီ၌ စပါး ၄၈၈၂ ကေထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော စပါးစိုက်ခင်းများကို နိုဝင်ဘာလ ပထမပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ မြို့သစ်မြို့နယ်တွင် ဧက ၄၅၁၀၊ တမူးမြို့နယ်တွင် ဧက ၄၉၄၀၊ ခါမ်းပါတ်မြို့တွင် ၆၅၆၅ ဧက စုစုပေါင်း ၁၆၀၁၅ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၇၈ ဒသမ ၉၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီက တမူးခရိုင်မှာ စပါး ၄၈၈၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ စပါးခင်းတွေ အခုလက်ရှိမှာ ရိတ်သိမ်းနေပါတယ်။ ဒီနေ့ထိ ဧက ၁၆၀၀၀ ကျော် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့နည်းပညာတွေ၊ မျိုးတွေဆောင်ရွက်ပေးခဲ့ပါတယ်။ တောင်သူတွေအနေနဲ့ မိုးစပါးတွေ အချိန်မီ စိုက်ပျိုးနိုင်ဖို့ ကွင်းဆင်းဆောင်ရွက်ပေးခဲ့ပါတယ်"ဟု တမူးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြသည်။

တမူးခရိုင်တွင် မိုးစပါးစိုက်ပျိုးရာ၌ အခက်အခဲမရှိ စနစ်တကျ စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့်ဒေသခံတောင်သူများ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးလှမြင့်က ပြောပြ၍ သိရသည်။ (၂၀၆)

# ရေကြည်မြို့နယ် ကျားချောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရေကြည် ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင် ရေကြည်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကျားချောင်ကျေးရွာ၌ ၁၂ ကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျုံပျော်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးတင်မောင်ဌေးက မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေများ တိုးပွားလာကာ ဆင်းရဲမှုလျော့ကျစေရန် ရည်ရွယ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ကျေးရွာသူ၊ ကျေးရွာသားများအနေဖြင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ထိရောက်အောင်မြင်အောင် ဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ရေကြည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သန်းသန်းဆွေက စီမံကိန်း စက်ဝန်းကာလ သတ်မှတ်ချက်များ၊ အတိုးနှုန်းသတ်မှတ်ချက်များ၊ စီမံကိန်းအကြောင်းအရာများ၊ အကျိုးကျေးဇူးများ ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးနှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၃ ဒသမ ၄ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ကျားချောင်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၃၃ ဦးကို ရန်ပုံငွေကျပ် ၅၃ ဒသမ ၄ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။ **သံသာ**

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးဖယ်ပိသာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**မော်လမြိုင်ကျွန်း ဒီဇင်ဘာ ၁၁**

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ နိုဝင်ဘာလအတွင်း ငါးဖယ်ပိသာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးဖယ်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိရာ အောက်တိုဘာလအတွင်း ငါးဖယ်ပိသာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး နိုဝင်ဘာလအတွင်း ငါးဖယ်ပိသာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ပြီးခဲ့တဲ့နိုဝင်ဘာလ ပထမပတ်လောက်ကတည်းက ရန်ကုန်ဈေးကွက်ကို ငါးဖယ်တွေ တင်ပို့အားကောင်းခဲ့ပါတယ်။ နိုဝင်ဘာလအတွင်း ရန်ကုန်ဈေးကွက်ကို



ငါးဖယ်ပိသာချိန် ၈၀၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်ကို တင်ပို့ခဲ့တဲ့ငါးဖယ်တွေဟာ အရည်အသွေးကောင်းတာကြောင့် အခုလထဲမှာပါ မှာယူတာများနေပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ရေထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးအေးက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဒေသထွက်ငါးဖယ် တစ်ပိသာလျှင် လတ်ဆတ်မှုနှင့် အရွယ်အစားပေါ်မူတည်ပြီး ငွေကျပ် ၁၇၅၀၀ မှ ၂၁၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဒေသမှ ရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်များ ပိုမိုတင်ပို့ရောင်းချနေရခြင်းကြောင့် ရေထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ရေလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အဆင်ပြေနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# မိုင်းရှူးမြို့နယ် ဖက်ကီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**မိုင်းရှူး ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းရှူးခရိုင် မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝမ်ဆော့ကျေးရွာအုပ်စု ဖက်ကီးကျေးရွာရှိ တောင်သူများ၏ လယ်ယာများမှ ထွက်ရှိသည့် စိုက်ပျိုးသီးနှံများ ဈေးကွက်အတွင်းသို့ ကုန်ကျစရိတ်သက်သာစွာ သယ်ယူပို့ဆောင်နိုင်ရန် ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းရှူးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာမင်း၊ မိုင်းရှူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းဦးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက ဖက်ကီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာရှိ ကုန်ထုတ်လမ်း ဖြစ်မြောက်ရေး ကော်မတီဝင်များ၊ တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လမ်းကို သတ်မှတ် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဖက်ကီးကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းအရှည် တစ် မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ မြေသားလမ်းခင်းခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၃၁ ဒသမ ၈၂၆၃ သန်းအသုံးပြု၍ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် တင်ဒါအောင်မြင်သောမြေရွှေစင်ကုမ္ပဏီက ယခုနှစ် ဩဂုတ်လပထမပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မောင်ခိုင်**

# ဇီးကုန်းမြို့နယ် ကံညီကိုကျေးရွာ၌ ကွန်ကရစ်လမ်းခင်းနေမှု စစ်ဆေး

**ဇီးကုန်း ဒီဇင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကံညီကိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နတ်တလင်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုး၊ ဇီးကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်နှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကံညီကိုကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အတိုးရငွေဖြင့် ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးဌေးလွင်စိုးက ကွန်ကရစ်လမ်းကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထား ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ကံညီကိုကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၅၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်ခင်းခြင်း လုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေကျပ် ၁၅ ဒသမ ၂ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများ ကိုယ်တိုင် နိုဝင်ဘာလပထမပတ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း ဇီးကုန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။ **ချိုလေး**




ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Rheinmetall ကုမ္ပဏီက Skyranger လေကြောင်းရန်ကာကွယ်ရေးစနစ်ထုတ်လုပ်မှု နိုင်ငံသုံးနိုင်ငံထိ တိုးချဲ့ထုတ်လုပ်ရန်စီစဉ်နေ



ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီသည် ကမ္ဘာလုံးဆိုင်ရာ ဝယ်လိုအားမြင့်တက်လာမှုအတွက် ပြင်ဆင်သည့်အနေဖြင့် ၎င်း၏ Skyranger လေကြောင်းရန်ကာကွယ်ရေးစနစ်ထုတ်လုပ်မှုကို နိုင်ငံသုံးနိုင်ငံထိ တိုးချဲ့ထုတ်လုပ်ရန် စီစဉ်နေကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

လက်ရှိတွင် ဤလက်နက်စနစ်ကို Rheinmetall Air Defence (ယခင် Oerlikon)မှ ဆွစ်ဇာလန်နိုင်ငံတွင် တည်ဆောက်လျက်ရှိသော်လည်း လက်ရှိစွမ်းဆောင်ရည်သည် တိုးပွားလာနေသည့် လိုအပ်ချက်များကို ဖြည့်ဆည်းရန် မလုံလောက်တော့ပေ။

ဂျာမနီနိုင်ငံသည် ယခင်က မှာယူထားသည့် Skyranger လေကြောင်းရန်ကာကွယ်ရေးစနစ် တပ်ဆင်ထားသည့် တိုက်ယာဉ် ၁၉ စီးအပြင် Skyranger စနစ်ရာပေါင်းများစွာအတွက် ယူရိုဘီလီယံနှင့်ချီ တန်ဖိုးရှိသည့် မှာယူမှုအသစ်တစ်ရပ်ကို ပြင်ဆင်နေကြောင်း သိရသည်။

ထို့ပြင် ဩစတြီးယားနိုင်ငံက တိုက်ယာဉ် ၃၆ စီး၊ ဒိန်းမတ်နိုင်ငံက ၁၆ စီး မှာယူထားပြီး နယ်သာလန်နိုင်ငံကလည်း ၂၂ စီးမှာယူရန် စီစဉ်ထားသည်။

အဆိုပါမှာယူမှုအတွက် ထုတ်လုပ်မှုများကို ဂျာမနီနိုင်ငံ နျူးစ်မြို့တွင် ပြုလုပ်ရန်ရည်ရွယ်ပြီး ထုတ်လုပ်ရေးစက်ရုံများကို ဟန်ဂေရီနှင့် အီတလီနိုင်ငံတို့တွင် ထပ်မံဖွင့်လှစ်သွားနိုင်ရန် စီစဉ်ထားကြောင်း Defense Network သတင်းရင်းမြစ်အရ သိရသည်။

ဂျာမနီနိုင်ငံသည် ၎င်း၏ ပထမဆုံး Skyranger လက်နက်စနစ်ကို လာမည့် ၂၀၂၇ ခုနှစ်နှောင်းပိုင်း သို့မဟုတ် ၂၀၂၈ ခုနှစ်တွင် လက်ခံရရှိရန် မျှော်မှန်းထားကြောင်း သိရသည်။

ဤလက်နက်စနစ်၏ အစိတ်အပိုင်းလိုက်ချိတ်ဆက်နိုင်သော ဆုံလည်စနစ်တွင် အဆင့်မြင့်အာရုံခံကိရိယာစနစ်များ၊ ၃၀ မီလီမီတာ Revolver အမြောက်နှင့် Mistral ကဲ့သို့သော ပဲ့ထိန်းဒုံးကျည်စနစ်တို့ကို ပေါင်းစပ်ထည့်သွင်းထားသည်။

ဂျာမနီသည် MBDA ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုပြီး ၎င်း၏ DefendAir ဒရုန်းတိုက်ဖျက်ရေးပဲ့ထိန်းဒုံးကျည်ဖြင့် Skyranger လက်နက်စနစ်တွင် တပ်ဆင်ရန် စီစဉ်ထားသည်။ ဤဒုံးကျည်သည် ၁၅၀ ကီလိုဂရမ်ထိ အလေးချိန်ရှိသော အုပ်စု (၁) မောင်းသူမဲ့လေယာဉ်များကို တန်ပြန်ရန် ဒီဇိုင်းထုတ်ထားခြင်းဖြစ်သည်။

အကောင်းဆုံးဖြစ်အောင် ပြုပြင်ထားသော ခြေရာခံထိန်းကျောင်းစနစ်နှင့် အထူးပြုလုပ်ထားသော ထိပ်ဖူးတပ်ဆင်ထားသည့် DefendAir ဒုံးကျည်၏ တိုက်ခိုက်နိုင်သည့်အကွာအဝေးမှာ ခြောက်ကီလိုမီတာထိရှိပြီး ချိန်ညှိမှုပေါ်မူတည်၍ ဒုံးကျည်ပစ်လွှတ်စင်တစ်ခုစီတွင် ဒုံးကျည် ၉ စင်းမှ ၁၂ စင်းထိ တင်ဆောင်နိုင်သည်။

အလိုအလျောက် လေယာဉ်ပစ်အမြောက်သည် တစ်မိနစ်လျှင် ကျည် ၁၂၅၀ နှုန်းဖြင့် ပစ်ခတ်နိုင်ပြီး ၎င်း၏ ထိရောက်သောအကွာအဝေးမှာ သုံးကီလိုမီတာခန့်ဖြစ်သည်။

၎င်းသည် ပစ်မှတ်ကို တိုက်ရိုက်ထိမှန်ရန်မလိုအပ်ဘဲ ကြိုတင်သတ်မှတ်ထားသောနေရာ၌ ဒြပ်စင်အစများကို လေထဲတွင်ဖြန့်ကြဲပေးသည့် ပရိုဂရမ်ထည့်သွင်းနိုင်သော လေကွဲကျည်များ ထည့်သွင်းပစ်ခတ်နိုင်သည်။

ဤလေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ဒေသတွင်းလေကြောင်းအခြေအနေပုံတစ်ပုံကို ထုတ်ပေးပြီး ခြိမ်းခြောက်မှုကို လျင်မြန်စွာအကဲဖြတ်ခြင်းကို အထောက်အကူပြု စီမံခန့်ခွဲနိုင်သည့် ကွပ်ကဲမှုစနစ်ပါဝင်သည်။

ခေတ်သစ်စစ်မြေပြင် လိုအပ်ချက်များအတွက် ဒီဇိုင်းထုတ်ထားသည့် Skyranger လက်နက်စနစ်သည် ဒရုန်းများ၊ ပန်ကာတပ်လေယာဉ်များ၊ ရဟတ်ယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် ပစ်မှတ် အပေါ်ပျံဝဲတိုက်ခိုက်သော အသေခံတိုက်ခိုက်ရေးဒရုန်းများကို တန်ပြန်နိုင်စွမ်းရှိသည်။

၃၀ မီလီမီတာ လေယာဉ်ပစ်အမြောက်နှင့် ဒုံးကျည်များပေါင်းစပ်ပါဝင်မှုကြောင့် Skyranger လေကြောင်းရန်ကာကွယ်ရေးစနစ်တပ်ဆင်ထားသော တိုက်ယာဉ်တစ်စီးတည်းဖြင့် တိုက်ခိုက်မှုတွင် ဒရုန်းအစင်း ၃၀ ထိ တိုက်ခိုက်ဖျက်ဆီးနိုင်သည်ဟု သတင်းများက ရေးသားဖော်ပြခဲ့ကြောင်း သိရသည်။

**Rheinmetall Plans Major Skyranger Production Expansion ကို ဘာသာပြန်ဆိုထားပါသည်။**

## မရိန်းတပ်ဖွဲ့က Rogue 1 တိုက်ခိုက်ရေးဒရုန်း အစင်း ၆၀၀ ကျော်ဝယ်ယူရန် Teledyne FLIR Defense ကုမ္ပဏီနှင့် စာချုပ်ချုပ်ဆိုခဲ့



အမေရိကန် မရိန်းတပ်ဖွဲ့သည် Organic Precision Fires-Light (OPF-L) အစီအစဉ်အတွက် Rogue 1 တိုက်ခိုက်ရေးဒရုန်းအစင်း ၆၀၀ ကျော် ဝယ်ယူအသုံးပြုရန် Teledyne FLIR Defense ကုမ္ပဏီနှင့် အမေရိကန်ဒေါ်လာ ၄၂ ဒသမ ၅ သန်းတန်ဖိုးရှိ ဝယ်ယူရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဒီဇင်ဘာ ၈ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ထောက်ပံ့ရေးအစီအစဉ်တွင် မြေပြင်ထိန်းချုပ်ရေးစခန်းများနှင့် လေ့ကျင့်ရေးကိရိယာများပါဝင်ပြီး ယခုနွေရာသီမှစ၍ တပ်ဖြန့်ချထားနိုင်ရန် စီစဉ်ထားသည်။ ကုမ္ပဏီသည် စမ်းသပ်ခြင်းနှင့် အကဲဖြတ်ခြင်းလုပ်ငန်းများအတွက် Rogue 1 တိုက်ခိုက်ရေးဒရုန်းစနစ် ၁၂၇ ခုအတွက် အမေရိကန်ဒေါ်လာ ၁၂ သန်း တန်ဖိုးရှိ ကနဦးသဘောတူစာချုပ်ကို အောင်မြင်စွာ ချုပ်ဆိုနိုင်ခဲ့ပြီးလည်းဖြစ်ကြောင်း သိရသည်။

OPF-L အစီအစဉ်သည် ခြေလျင်အဖွဲ့ငယ်များနှင့် တပ်စုများကို လက်နက်တပ်ဆင်ထားနိုင်သော၊ ပျံဝဲနေနိုင်သော၊ မျက်မှောက်မြင်ကွင်းကို ကျော်လွန်တိုက်ခိုက်နိုင်သော တိကျသည့်တိုက်ခိုက်ရေးစွမ်းရည်များပိုင်ဆိုင်ထားနိုင်ရန် ရည်ရွယ်သည်။ ၎င်းစွမ်းရည်သည် ရန်သူ၏ တိုက်ရိုက်ပစ်ခတ်မှုလက်နက်များထက် ပိုမိုဝေးကွာစွာတိုက်ခိုက်နိုင်ပြီး မလိုလားအပ်သောပျက်စီးဆုံးရှုံးမှုကို လျှော့ချကာ ရန်သူ့ပစ်ခတ်မှုအောက်တွင် ရှိနေရသည့် အခြေအနေကိုပါ လျှော့ချပေးနိုင်လိမ့်မည်ဖြစ်သည်။

ဒေါင်လိုက် ပျံတက်၊ ပျံဆင်းစနစ်ဖြစ်သော Rogue 1 တိုက်ခိုက်ရေးဒရုန်းသည် ပေါက်ကွဲအားပြင်း ပုံသွင်းခဲယမ်းများ၊ အစိတ်စိတ်အမွှာမွှာ ပေါက်ကွဲတိုက်ခိုက်နိုင်သောထိပ်ဖူးများနှင့် လေ့ကျင့်ရေးခဲယမ်းများအပါအဝင် ပစ်မှတ်အမျိုးအစားအလိုက် စိတ်ကြိုက်ပြင်ဆင်နိုင်သော မစ်ရှင်အလိုက်ချိန်ညှိနိုင်သည့် ထိပ်ဖူးမျိုးစုံ တပ်ဆင်အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

၎င်းတွင် အဆင့်မြင့်ဖျူးစ်စနစ်ပါဝင်သည့်အတွက် ပစ်မှတ်ကို တိုက်ခိုက်ရန်မရှိတော့ခြင်း သို့မဟုတ် ရည်မှန်းချက်တာဝန်ပယ်ဖျက်ပါက ဒရုန်းကို ဘေးကင်းစွာပြန်လည်ဆယ်ယူအသုံးပြုနိုင်ပြီး မရိန်းတပ်ဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်ကို လျှော့ချပေးနိုင်ကာ နည်းဗျူဟာမြောက်လိုက်လျောညီထွေဖြစ်စွာ အသုံးပြုနိုင်စေမည်ဖြစ်သည်။ Rogue 1 တွင် နေ့၊ ညအချိန်ကြာမြင့်စွာ ထောက်လှမ်းရေးနှင့် စောင့်ကြည့်ရေး လုပ်ငန်းများအတွက် အဆင့်မြင့် Electro-optical အာရုံခံကိရိယာများနှင့် FLIR Boson 640+ အပူပေးကင်မရာများလည်း ပါဝင်သည်။ ကင်မရာများနှင့် Payload ထိပ်ဖူးများကို ချိန်ညှိရွှေ့ပြောင်းနိုင်သော ဆုံလည်အစိတ်အပိုင်းတွင် ချိတ်ဆက်ထားခြင်းကြောင့် ပစ်မှတ်များကို တိကျစွာရှာဖွေထောက်လှမ်းနိုင်စေမည်ဖြစ်သည်။

Rogue 1 သည် ပစ်မှတ်ကို ရှာဖွေ၊ စောင့်ကြည့်၊ လိုအပ်မှ တိုက်ခိုက်နိုင်သည့် စွမ်းရည်ကိုယူဆောင်လာပြီး သမားရိုးကျမြင်ကွင်းအတွင်းတိုက်ခိုက်မှုကို ကျော်လွန်လုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။ ၎င်းသည် ရုရှား-ယူကရိန်း ပဋိပက္ခမှ သက်သေပြခဲ့သည့်အတိုင်း ခေတ်သစ်ပဋိပက္ခများတွင် ခြေလျင်စစ်သည်များကို ၎င်းတို့၏ ရန်သူများထက် ပစ်ခတ်မှုနယ်ပယ် ပိုမိုကျယ်ပြန့်စေခြင်းနှင့် ထောက်လှမ်းရေးမှ တိုက်ခိုက်ရေးသို့ကူးပြောင်းချိန် မြန်ဆန်စေခြင်းတို့ကို ရရှိစေနိုင်သည်။

Rogue 1 သည် မရိန်းတပ်ဖွဲ့၏ ရိုင်ဖယ်တပ်စုများကို အနီးကပ်ထောက်ပံ့မှုပေးနိုင်သည့် အဆင့်မြင့်တိကျပြီး ကိုယ်တိုင်သယ်ဆောင်နိုင်သော မောင်းသူမဲ့စနစ်များဖြင့် ခေတ်မီတိုက်ပွဲဝင်ရန် ပြင်ဆင်နေကြောင်း ထင်ရှားစွာဖော်ပြနေသည်ဟု သုံးသပ်ရသည်။

**Teledyne Secures USMC Contract for Rogue 1 Loitering Munition Fielding ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လာမဲ့စနေ့နေ့ညမှာ ယှဉ်ပြိုင်ကစားမဲ့ အမှတ်ပေးပွဲစဉ်တွေထဲက အကောင်းဆုံးဖြစ်လာမဲ့ လီဗာပူး၊ အတ္တလန္တာ၊ ဝုဖ်ဘတ်အသင်းတို့ကို အားပေးရမှာပါ

M L




ပြီးခဲ့တဲ့စနေ၊ တနင်္ဂနွေနေ့ညမှာ ယှဉ်ပြိုင်ကစားခဲ့တဲ့ အမှတ်ပေးပွဲစဉ်အချို့အနေနဲ့ ပွဲဆက်တွေများလာတာနဲ့အမျှ မထင်မှတ်တဲ့ရလဒ်အချို့ ထွက်ပေါ်ခဲ့တာကို တွေ့ရပါတယ်။ ပြိုင်ဆိုင်မှုပြင်းထန်ပြီး ပရိသတ်အားပေးမှုအမြင့်ဆုံးဖြစ်တဲ့ ပရီးမီးယားလိဂ်ပွဲစဉ်(၁၅)မှာဆိုရင် အဆင့်(၁)နေရာက အာဆင်နယ်အသင်းအနေနဲ့ အေဗီလာအသင်းကို ရှုံးနိမ့်ခဲ့ပြီး နိုင်ပွဲရယူခဲ့တဲ့ အဆင့်(၂)နေရာက မန်စီးတီးအသင်းနဲ့ ရမှတ်တစ်မှတ်သာကွာဟတော့တဲ့အနေအထားကို ရောက်ရှိလာခဲ့ပါပြီ။ ဒ့ါပြင် ချဲလ်ဆီးအသင်းကလဲ ဘုန်းမောက်အသင်းကို ဂိုးမရှိသရေ၊ လီဗာပူးအသင်းကလဲ လိဒ်အသင်းကို သုံးဂိုးစီသရေနဲ့သာ ကစားနိုင်ခဲ့တာကြောင့် အမှတ်ပေးဇယားရပ်တည်မှု အပြောင်းအလဲဖြစ်ပေါ်လာတာကိုလဲ တွေ့ရပါတယ်။ စပိန်လာလီဂါမှာဆိုရင် ဘာစီလိုနာအသင်း နိုင်ပွဲရယူနိုင်ခဲ့ပြီး အမှတ်ပေးဇယားအဆင့်(၁)နေရာမှာဆက်လက်ရပ်တည်နိုင်ခဲ့ပေမဲ့ ရီးရဲလ်မက်ဒရစ်အသင်းကတော့ ဆဲလ်တာဗီဂိုအသင်းကို နှစ်ဂိုး ဂိုးမရှိနဲ့အံ့အားသင့်ဖွယ်ရှုံးနိမ့်ခဲ့တဲ့အပြင် အေတီကိုအသင်းကပါ ဘီလ်ဘာအိုအသင်းကို အဝေးကွင်းမှာ တစ်ဂိုး ဂိုးမရှိနဲ့ရှုံးနိမ့်ခဲ့ပါတယ်။ ပြင်သစ်လီဂူး(၁)ပြိုင်ပွဲမှာလဲ လန့်အသင်းက လက်ရှိဘောလုံးရာသီမှာ အကောင်းဆုံးစွမ်းဆောင်ထားနိုင်ပြီး အဆင့်(၁)နေရာမှာ ရပ်တည်နေကာ ထိပ်သီးကလပ် ပီအက်စ်ဂျီအသင်းကတော့ ရမှတ်တစ်မှတ်အကွာနဲ့ အဆင့်(၂)နေရာမှာ ရပ်တည်နေပါတယ်။ စီးရီးအေပြိုင်ပွဲမှာလဲ အေစီမီလန်၊ နာပိုလီ၊ အင်တာမီလန်အသင်းတို့ အစဉ်လိုက် ရပ်တည်နေကြသလို ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲမှာ ဘိုင်ယန်မြူးနစ်၊ လိုက်ပ်ဇစ်၊ ဒေ့ါမွန်အသင်းတို့ နိုင်ပွဲဆက်မှုနဲ့အတူ အစဉ်လိုက်ရပ်တည်နေပါတယ်။ ဒ့ါကြောင့် အခုတစ်ပတ်ပွဲစဉ်မှာ အကောင်းဆုံးဖြစ်လာနိုင်တဲ့ အသင်းတချို့ကို ရွေးချယ်တင်ပြလိုက်ရပါတယ်။

### လီဗာပူးအသင်း နိုင်ပွဲရသွားမှာပါ

လီဗာပူးအသင်းအနေနဲ့ အိမ်ကွင်းမှာ ဘရိုက်တန်အသင်းကို ပရီးမီးယားလိဂ်ပွဲစဉ်(၁၆)အဖြစ် ဧည့်ခံယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်(၁၅)မှာ အမှတ်ပေးဇယားအောက်ဆုံးနားက လိဒ်အသင်းကို ဦးဆောင်ဂိုးတွေ သွင်းယူပြီးကာမှ ခံစစ်ပိုင်းစွမ်းဆောင်ရည်အားနည်းချက်ကြောင့် သုံးဂိုးစီသရေရလဒ်နဲ့သာ ပြီးဆုံးခဲ့ရပါတယ်။ လီဗာပူးအသင်းဟာ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘူးလို့ ဆိုရမှာဖြစ်ပြီး အဓိကကစားသမား ဆာလာဟ် ရုန်းကန်နေရတာကိုတွေ့ရပါတယ်။ ဒ့ါကြောင့် သူတို့အသင်းဟာ ပရီးမီးယားလိဂ်ပွဲစဉ်(၁၅)ပွဲကစားပြီးချိန်မှာ ခုနစ်ပွဲနိုင် နှစ်ပွဲသရေ ခြောက်ပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၁၀)နေရာမှာ ရပ်တည်နေတာကြောင့် နည်းပြအာနေးဆလော့တ်နဲ့ အသင်းကစားသမားတွေအနေနဲ့ ဖိအားတွေအောက်ကျရောက်နေပါတယ်။

ဘရိုက်တန်အသင်းကတော့ လက်ရှိဘောလုံးရာသီမှာ ခြေစွမ်းပိုင်းတည်ငြိမ်မှုမရှိဘူးဆိုပေမဲ့ ပရီးမီးယားလိဂ်ပွဲစဉ် ၁၅ ပွဲယှဉ်ပြိုင်ကစားထားအပြီးမှာ ခြောက်ပွဲနိုင်၊ ငါးပွဲသရေ၊ လေးပွဲရှုံးရလဒ်နဲ့ အမှတ်ပေးဇယားအဆင့်(၈)နေရာမှာ ရပ်တည်နေတဲ့အသင်းပါ။ သူတို့အသင်းအနေနဲ့ပြီးခဲ့တဲ့ပွဲစဉ်မှာ ဝက်စ်ဟမ်းအသင်းကို တစ်ဂိုးစီသရေကျခဲ့ပေမဲ့အသင်းရဲ့စွမ်းဆောင်ရည်ကတော့ အကောင်းဆုံးပုံစံမှာရှိနေခဲ့ပြီး တန်းဆင်းဇုန်အတွင်း ရပ်တည်နေတဲ့ ဝက်စ်ဟမ်းအသင်းရဲ့ ရုန်းအားကြောင့်သာ သရေရလဒ်ရရှိခဲ့တာဖြစ်ပါတယ်။ ဘရိုက်တန်အသင်းအနေနဲ့ ပရီးမီးယားလိဂ်နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ခြင်းဖြစ်ကာ လက်ရှိဘောလုံးရာသီမှာတော့ တိုက်စစ်ပိုင်းက ၂၅ ဂိုး သွင်းယူထားနိုင်တဲ့ထိ ထက်မြက်မှုရှိတာကို တွေ့ရပါတယ်။ ဒါပေမဲ့ သူတို့အသင်းဟာ အဝေးကွင်းပွဲစဉ်ခုနစ်ပွဲယှဉ်ပြိုင်ကစားအပြီးမှာ နှစ်ပွဲသာအနိုင်ရရှိခဲ့တာကြောင့် အခုလိုနိုင်ပွဲလိုအပ်နေပြီး ဖိအားအောက်ကျရောက်နေတဲ့ လီဗာပူးအသင်းရဲ့အိမ်ကွင်းပွဲစဉ်မှာတော့ ရလဒ်ကောင်းပ့ါမလားဆိုတာ သတိထားလာရမှာပါ။ ဒ့ါကြောင့် အခုပွဲစဉ်မှာ လီဗာပူးအသင်းပဲ နိုင်ပွဲရသွားမှာပါ။

**လီဗာပူးအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| လီဗာပူး | ၁ | - | ၄ | ပီအက်စ်ဗွီ |
| ဝက်စ်ဟမ်း | ၀ | - | ၂ | လီဗာပူး |
| လီဗာပူး | ၁ | - | ၁ | ဆန်းဒါးလန်း |
| လိဒ် | ၃ | - | ၃ | လီဗာပူး |
| အင်တာမီလန် | ၀ | - | ၁ | လီဗာပူး |

**ဘရိုက်တန်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ပဲလေ့စ် | ၀ | - | ၀ | ဘရိုက်တန် |
| ဘရိုက်တန် | ၂ | - | ၁ | ဘရန့်ဖို့ဒ် |
| နော့တင်ဟမ် | ၀ | - | ၂ | ဘရိုက်တန် |
| ဘရိုက်တန် | ၃ | - | ၄ | အေဗီလာ |
| ဘရိုက်တန် | ၁ | - | ၁ | ဝက်စ်ဟမ်း |

### အတ္တလန္တာအသင်းကိုပဲ အားပေးရမှာပါ

နောက်ထပ်ပွဲစဉ်ကတော့ အတ္တလန္တာအသင်းနဲ့ ကယ်ဂလီယာရီအသင်းတို့ရဲ့ စီးရီးအေပြိုင်ပွဲ ပွဲစဉ်(၁၅)အဖြစ် ယှဉ်ပြိုင်ကစားကြမှာပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်တွေမှာ နိုင်ပွဲအသီးသီးရရှိခဲ့ကြပြီး အတ္တလန္တာအသင်းက ချန်ပီယံလိဂ်ပြိုင်ပွဲမှာ ချဲလ်ဆီးအသင်းကို နှစ်ဂိုး တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီး ကယ်ဂလီယာရီအသင်းကတော့ ရိုးမားအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရရှိထားပါတယ်။ အတ္တလန္တာအသင်းဟာ စီးရီးအေပွဲစဉ် ၁၄ ပွဲကစားထားအပြီးမှာ သုံးပွဲနိုင် ခုနစ်ပွဲသရေ လေးပွဲရှုံးရလဒ်နဲ့ ရမှတ် ၁၆ မှတ်သာရရှိထားပြီး အဆင့်(၁၂)နေရာမှာ ရပ်တည်နေပါတယ်။ ဒါဟာ သူတို့အသင်းအတွက် ပွဲစဉ် ၁၄ ပွဲကစားအပြီးမှာ ဆိုးရွားတဲ့ရပ်တည်မှုအဖြစ် ဆိုရမှာဖြစ်သလို လက်ရှိခြေစွမ်းပိုင်းအနေနဲ့လဲ သာမန်သာရှိနေတာကို တွေ့ရပါတယ်။ ချန်ပီယံလိဂ်၊ ကိုပါအီတာလီယာတို့လို ပြိုင်ပွဲတွေမှာ သူတို့အသင်း ရလဒ်ပိုင်းတွေကောင်းမွန်နေပေမဲ့ စီးရီးအေပွဲစဉ်မှာတော့ ရုန်းကန်ကစားနေရတာကို နည်းပြပယ်လာဒီနိုအနေနဲ့ အကောင်းဆုံးပြင်ဆင်ကစားနိုင်တာကြောင့် အခုပွဲစဉ်မှာ ကယ်ဂလီယာရီအသင်းကို အဘက်ဘက်က ဖိအားပေးကစားနိုင်ဖို့ ကြိုးစားလာပါလိမ့်မယ်။

ကယ်ဂလီယာရီအသင်းကတော့ စီးရီးအေပွဲစဉ် ၁၄ ပွဲကစားအပြီးမှာ သုံးပွဲနိုင် ငါးပွဲသရေ ခြောက်ပွဲရှုံးရလဒ်နဲ့ အတ္တလန္တာအသင်းအောက် အဆင့်(၁၃)နေရာမှာ ရပ်တည်နေပါတယ်။ သူတို့အသင်းအနေနဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲစဉ်မှာ ရိုးမားလိုအသင်းကို တစ်ဂိုး ဂိုးမရှိနဲ့အနိုင်ရခဲ့တယ်ဆိုပေမဲ့ ပြိုင်ပွဲစုံနောက်ဆုံး ၁၀ပွဲဆက်နိုင်ပွဲပျောက်ဆုံးထားခဲ့ပြီး ခြေစွမ်းပိုင်းကျဆင်းနေတယ်လို့ ဆိုရမှာပါ။ နိုင်ပွဲရခဲ့တဲ့ပွဲစဉ်မှာဆိုရင်တော့ ပွဲချိန် ၅၂ မိနစ်မှာ အနီကတ်ပြစ်ဒဏ်နဲ့ တစ်ယောက်လျော့ခဲ့ရတဲ့ ရိုးမားအသင်းကို ဖိအားပေးကစားနိုင်ခဲ့ခြင်းသာဖြစ်ပြီးအနိုင်ဂိုးကိုလဲ ပွဲချိန် ၈၂ မိနစ်မှသာ သွင်းယူနိုင်ခဲ့တာပါ။ ဒ့ါကြောင့် သူတို့အသင်းအနေနဲ့ အသင်းလိုက်စွမ်းဆောင်ရည်ပိုင်းက သာမန်သာရှိတယ်လို့ဆိုရမှာဖြစ်ပြီး အက်စ်ပိုစီတို၊ ဘိုရယ်လီတို့လို အဓိကတိုက်စစ်ကစားသမားတွေအနေနဲ့လဲခြေစွမ်းပိုင်းကျဆင်းနေတယ်လို့ဆိုရမှာပါ။အခုပွဲစဉ်မှာ ကယ်ဂလီယာရီအသင်းအနေနဲ့ အဝေးကွင်းမှာ အနည်းဆုံးသရေရလဒ်ရရှိအောင် ထိန်းချုပ်ကစားနိုင်တယ်ဆိုပေမဲ့ အတ္တလန္တာအသင်းကလဲ အဆင့်ရပ်တည်မှုနဲ့ အသင်းရဲ့ရလဒ်ပိုင်းအတွက် အိမ်ကွင်းမှာ အကောင်းဆုံးဖိအားပေးကစားလာပါလိမ့်မယ်။ ဒ့ါပြင် လက်ရှိခြေစွမ်းပိုင်းမှာလဲ အတ္တလန္တာအသင်း အသာရနေတာကြောင့် ကယ်ဂလီယာရီအသင်း ရလဒ်မကောင်းနိုင်လို့ အတ္တလန္တာအသင်းကိုပဲ အားပေးရမှာပါ။

**အတ္တလန္တာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဖရန့်ဖတ် | ၀ | - | ၃ | အတ္တလန္တာ |
| အတ္တလန္တာ | ၂ | - | ၀ | ဖီအိုရင်တီးနား |
| အတ္တလန္တာ | ၄ | - | ၀ | ဂျီနိုအာ |
| ဗီရိုနာ | ၃ | - | ၁ | အတ္တလန္တာ |
| အတ္တလန္တာ | ၂ | - | ၁ | ချဲလ်ဆီး |

**ကယ်ဂလီယာရီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ကိုမို | ၀ | - | ၀ | ကယ်ဂလီယာရီ |
| ကယ်ဂလီယာရီ | ၃ | - | ၃ | ဂျီနိုအာ |
| ဂျူဗင်တပ် | ၂ | - | ၁ | ကယ်ဂလီယာရီ |
| နာပိုလီ | ၁ | - | ၁ | ကယ်ဂလီယာရီ |
| ကယ်ဂလီယာရီ | ၁ | - | ၀ | ရိုးမား |

### ဝုဖ်ဘတ်အသင်းကို အကြိုက်တွေ့မိပါတယ်

နောက်ထပ်စိတ်ဝင်စားစရာပွဲစဉ်ကတော့ ဂလာဘတ်အသင်းနဲ့ ဝုဖ်ဘတ်အသင်းတို့ရဲ့ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၄)အဖြစ် ယှဉ်ပြိုင်ကစားကြမှာဖြစ်ပြီး လက်ရှိမှာတော့ ဂလာဘတ်အသင်းက အဆင့်(၁၀)နဲ့ ဝုဖ်ဘတ်အသင်းကတော့ တန်းဆင်းဇုန်အထက် အဆင့်(၁၅)နေရာမှာ ရပ်တည်နေပါတယ်။ ဂလာဘတ်အသင်းအနေနဲ့ ပြီးခဲ့တဲ့ပွဲစဉ်(၁၃)မှာ မိန့်ဇ်အသင်းကို တစ်ဂိုး ဂိုးမရှိနဲ့ အနိုင်ရရှိခဲ့ကာ ပြိုင်ပွဲစုံနောက်ဆုံးခုနစ်ပွဲမှာဆိုရင် တစ်ပွဲသာရှုံးနိမ့်ထားတဲ့ထိ ခြေစွမ်းပိုင်းထက်မြက်နေတယ်လို့ ဆိုရမှာပါ။ အဲဒီပွဲစဉ်တွေထဲက လိုက်ပ်ဇစ်အသင်းကို ဂိုးမရှိသရေ၊ စိန့်ပေါ်လီ၊ ကိုလုံး၊ ဟိုက်ဒမ်ဟိန်းအသင်းတို့ကို ဂိုးပြတ်အနိုင်ကစားခဲ့တာကြောင့် သူတို့အသင်းရဲ့ လက်ရှိဘောလုံးရာသီ တိုက်စစ်ပိုင်းဟာ အကောင်းဆုံးရှိနေတယ်လို့ ဆိုရမှာပါ။ ဒါပေမဲ့ သူတို့အသင်းအနေနဲ့ အိမ်ကွင်းပွဲစဉ်ခုနစ်ပွဲမှာတော့ တစ်ပွဲပဲ အနိုင်ရရှိထားပြီး သုံးပွဲသရေ သုံးပွဲရှုံးရလဒ်ကြောင့် အိမ်ကွင်းစွမ်းဆောင်ရည်ပိုင်းကိုတော့ သတိထားရအုံးမှာပါ။ အဝေးကွင်းပွဲစဉ်သုံးပွဲဆက်အနိုင်ရထားပေမဲ့ တစ်ပွဲသာအနိုင်ရထားတဲ့အိမ်ကွင်းခြေစွမ်းပိုင်းမှာတော့ ဝုဖ်ဘတ်အသင်းကို ဖိအားပေးကစားနိုင်ပ့ါမလားဆိုတာ စောင့်ကြည့်ရမှာပါ။

ဝုဖ်ဘတ်အသင်းကတော့ နောက်ဆုံးငါးပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ကာ ပြီးခဲ့တဲ့နောက်ဆုံးပွဲစဉ်မှာတော့ စိန့်ပေါ်လီအသင်းကို သုံးဂိုး တစ်ဂိုးနဲ့ နိုင်ပွဲပြန်လည်ရရှိခဲ့တာပဲဖြစ်ပါတယ်။ သူတို့အသင်းအနေနဲ့ လက်ရှိဘောလုံးရာသီမှာ ပွဲစဉ် ၁၃ ပွဲယှဉ်ပြိုင်ကစားထားပြီး သုံးပွဲနိုင်၊ သုံးပွဲသရေ၊ခုနစ်ပွဲထိရှုံးနိမ့်ထားပြီး တန်းဆင်းဇုန်အသင်းနဲ့လဲ ရမှတ်ကွာဟမှုကျဉ်းမြောင်းနေတာကြောင့် နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်ကောင်းဖို့ ထိန်းချုပ်ကစားလာနိုင်ခဲ့တာကို တွေ့ရပါတယ်။ဒ့ါကြောင့် ပွဲစဉ်(၁၂)မှာ ဖရန့်ဖတ်အသင်းကို တစ်ဂိုးစီသရေ၊ ပွဲစဉ်(၁၃)မှာ ယူနီယံဘာလင်အသင်းကို သုံးဂိုး တစ်ဂိုးတို့နဲ့ အနိုင်ရရှိခဲ့ပြီး ရလဒ်ပိုင်းပြန်လည်ကောင်းမွန်လာတာပဲဖြစ်ပါတယ်။ ဒီနှစ်သင်းရဲ့ ပြီးခဲ့တဲ့ရာသီတွေ့ဆုံမှုနှစ်ကြိမ်မှာတော့ ဝုဖ်ဘတ်အသင်းက နှစ်ကြိမ်စလုံးအနိုင်ရထားတဲ့အပြင် လက်ရှိမှာလဲ ရလဒ်ကောင်းဖို့ ထိန်းချုပ်ကစားလာမဲ့ ဝုဖ်ဘတ်အသင်းကို အကြိုက်တွေ့မိပါတယ်။

**ဂလာဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဂလာဘတ် | ၃ | - | ၁ | ကိုလုံး |
| ဟိုက်ဒမ်ဟိန်း | ၀ | - | ၃ | ဂလာဘတ် |
| ဂလာဘတ် | ၀ | - | ၀ | လိုက်ပ်ဇစ် |
| ဂလာဘတ် | ၁ | - | ၂ | စိန့်ပေါ်လီ |
| မိန့်ဇ် | ၀ | - | ၁ | ဂလာဘတ် |

**ဝုဖ်ဘတ်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်**

| | | | | |
|---|---|---|---|---|
| ဝုဖ်ဘတ် | ၂ | - | ၃ | ဟော့ဖန်ဟိမ်း |
| ဝါဒါဘရီမင် | ၂ | - | ၁ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၁ | - | ၃ | လေဗာကူဆင် |
| ဖရန့်ဖတ် | ၁ | - | ၁ | ဝုဖ်ဘတ် |
| ဝုဖ်ဘတ် | ၃ | - | ၁ | ယူနီယံဘာလင် |

# ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၂၇၅ ဧကထိ စိုက်ပျိုးပြီးစီး



**ဟုမ္မလင်း ဒီဇင်ဘာ ၁၁**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၂၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဟုမ္မလင်းခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၀၅၂ ဧက စိုက်ပျိုးရန် လျာထားပြီး အဆိုပါမြေပဲစိုက်ပျိုးမှုကို ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ဟုမ္မလင်းမြို့နယ်တွင် ဧက ၂၂၄၀ နှင့် မိုပိုင်းလွတ်မြို့တွင် ၃၅ ဧက စုစုပေါင်း ၂၂၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ဟုမ္မလင်းခရိုင်မှာ မြေပဲ ၂၀၅၂ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၂၂၇၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဟုမ္မလင်းခရိုင်တွင် မြေပဲစိုက်ပျိုးရန် လျာထားမှုအနေဖြင့် ဟုမ္မလင်းမြို့နယ်တွင် ၂၀၂၂ ဧကနှင့် မိုပိုင်းလွတ်မြို့တွင် ဧက ၃၀ စုစုပေါင်း၂၀၅၂ ဧကတို့ဖြစ်ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ဟုမ္မလင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စုစုထွေးက ပြောပြ၍ သိရသည်။ (၂၀၆)

# မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းယန်း ဒီဇင်ဘာ ၁၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းခရိုင် မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မိုင်းလွေကျေးရွာအုပ်စု မိုင်းလွေကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းဖြင့် အသက်မွေးဝမ်းကျောင်းအဖွဲ့လေးဖွဲ့၏ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဒီဇင်ဘာ ၁၀ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မိုင်းလွေကျေးရွာ၌ ဒေသကျွဲနှင့်နွားမွေးမြူထားရှိ ဆောင်ရွက်နေမှု အခြေအနေများနှင့် လအလိုက် ဖြည့်သွင်းရမည့် စာရင်းပုံစံများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးခဲ့ပြီး ခရိုင်ဦးစီးမှူး ဦးရန်ကျော်က ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း (RBF) စီမံကိန်းနှင့်ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကျေးရွာ၌ (RBF) စီမံကိန်း ရန်ပုံငွေကျပ် သိန်း ၃၀၀၊ အစုအဖွဲ့များ ထည့်ဝင်ငွေကျပ်သိန်း ၁၀၀ တို့ဖြင့် စံပြအဖွဲ့၊ အနာဂတ်ဖွံ့ဖြိုးရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့နှင့် ရွှေနမ့်လွေအဖွဲ့ လေးဖွဲ့တို့မှ ဒေသကျွဲနှင့်နွားမွေးမြူခြင်းများဖြင့် မိသားစုဝင်ငွေ တိုးပွားလာစေရန် မွေးမြူရေး လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။ **အောင်ရဲကျော်**

## မဲဆန္ဒရှင်တစ်ဦးရှောင်ရန်အချက်များ(အီလက်ထရောနစ်မဲပေးစက်ဖြင့် ဆန္ဒမဲပေးခြင်း)

- မဲရုံအတွင်းသို့ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အမျိုးသားမှတ်ပုံတင်ကတ်ပြား၊ ဧည့်နိုင်ငံသား သို့မဟုတ် နိုင်ငံသားပြုခွင့်ရလက်မှတ်မှအပ မသက်ဆိုင်သည့်ပစ္စည်းများ ယူဆောင်မလာရ၊
- ဆန္ဒပြုစက်ပေါ်ရှိ မိမိမဲပေးလိုသော လွှတ်တော်ကိုယ်စားလှယ်လောင်း၏ အမည်နှင့် သင်္ကေတအမှတ်အသား တည့်တည့်တွင်ရှိသော ဆန္ဒပြုခလုတ်ကို တစ်ကြိမ်သာနှိပ်၍ ဆန္ဒပြု ရမည်၊ တစ်ကြိမ်ထက်ပို၍ မနှိပ်ရ။ ခလုတ်တစ်ခုထက်ပို၍ ခလုတ်နှစ်ခု၊ သုံးခု တစ်ပြိုင်တည်း မနှိပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို မဲပေးခြင်းနှင့်မသက်ဆိုင် သော ဆောင်ရွက်မှုတစ်ခုခု မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ မဲပေးစက်၏ စက်အစိတ်အပိုင်းတစ်ခုခုကို တစ်နည်းနည်းဖြင့် အနှောင့် အယှက်ပြုခြင်း မပြုလုပ်ရ၊
- ဆန္ဒပြုခန်းအတွင်း၌ အချိန်ကြာမြင့်စွာ ဆောင်ရွက်ခြင်းမပြုလုပ်ရ၊
- ရွေးကောက်ပွဲတစ်ခုခုတွင် လွှတ်တော်မဲဆန္ဒနယ် တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ အတွက် ဆန္ဒမဲမပေးရ၊ မိမိဆန္ဒမဲပေးပိုင်ခွင့်ရှိသော လွှတ်တော်မဲဆန္ဒနယ်အတွက် တစ်ကြိမ် ထက်ပို၍ ဆန္ဒမဲပေးခြင်း မပြုရ၊
- သူတစ်ပါးအယောင်ဆောင်၍ ဆန္ဒမဲပေးခြင်းမပြုရ၊
- ကိုယ်စားလှယ်စေလွှတ်၍ ဆန္ဒမဲမပေးရ၊
- သူတစ်ပါးကိုယ်စားမဲမပေးရ။

**“ပြည်သူများလိုလားသည့် ဒီမိုကရေစီနိုင်ငံတော်ကို ရွေးကောက်ပွဲဖြင့်သာ ဖော်ဆောင်နိုင်မည်”**
**“လွတ်လပ်မျှတ၊ မဲပေးကြ”**

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတင်းအချက်အလက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရ ဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm




**Myanmar Mobile Money(MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။**

ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊
Internet Bill ပေးဆောင်ခြင်း ၊ E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာ Bill များပေးဆောင်ခြင်း ၊ ပြည်ပငွေလွှဲ (ထိုင်း)

အငြိမ်းစားလစာအပါအဝင်ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကိုဘဏ်ကိုသွားရန်မလိုဘဲမိုဘိုင်းဖုန်းဖြင့်ထုတ်ယူနိုင်ပါပြီ။

ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄




နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းပုံစံဖြင့် သေသပ်လှပစွာ အထူးစီမံ ထုတ်လုပ်ထားပါသည်။

အရည်အသွေးမြင့်မား တာယာ မှာ TRISTAR

TBB,TBR,PCR
တာယာအရွယ်အစားမျိုးစုံအပြင် ဆိုင်ကယ်တာယာများကိုပါ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၂၅၄၂၃၈၄၃၊ ၀၉ ၅၅၃၂၈၅၅၅
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၀၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

A,B,C က,ခ,ဂ
Z,RA,LA ယ,ရ,လ
F,G,H စ,ဆ,ဇ
U,V,Y ဝ,ဗ,ဖ
TH,HA သ,ဟ
AH အ
P,Q,T ဓ,ထ,န

5 Digits
အောင်ဘာလေ အွန်လိုင်းထီ

**(၂၈)ကြိမ်မြောက် 5 Digits**
**အောင်ဘာလေအွန်လိုင်းထီလက်မှတ်များကို**
**ဒီဇင်ဘာလ(၁)ရက်နေ့မှ (၁၅)ရက်နေ့အထိ**
**စိတ်ကြိုက်ရွေးချယ် ကံစမ်းနိုင်ပါပြီ!**

Call Center 777 (or)
09 677 000 777
Scan Me

+117# ကို ခေါ်ဆိုပြီး Mytel ဖုန်းဘေလ်ဖြင့် 5 Digits အောင်ဘာလေအွန်လိုင်းထီ ကံစမ်းလို့ရပါပြီ။


## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် **ဆင်များရှင်ကွင်း**၊ ဦးပိုင်အမှတ်(**၁၁/ည**)၊ ဧရိယာ(**၀.၂၉၀**)ဧကရှိသည့်အနက်မှ ဦးပိုင်အမှတ်(**၁၁/ဋ**)၊ ဧရိယာ(**၀.၀၄၀**)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်-၁၁/ည
( ခ ) အနောက်လားသော် - လမ်း
( ဂ ) တောင်လားသော် - ဦးပိုင်အမှတ်-၁၁/ည
(ဃ) မြောက်လားသော် - ဦးပိုင်အမှတ်-၁၁/ဃ

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးစန်းမင်းနိုင်**မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၆ ခုနှစ်၊ ဇန်နဝါရီလ(၉) ရက်နေ့**မတိုင်မီ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
**စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန**
**စစ်ကိုင်းမြို့**

## အမည်ပြောင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၃၂ လမ်း၊ ၇၃-၇၄ လမ်းကြား၊ အမှတ်(၁၈၁/၈)နေ (ဘ) စိုင်းအောင်လှ၏သား စိုင်းမောင်ထွန်းဦးအား စိုင်းရှိန်စစ်ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

**စိုင်းရှိန်စစ်**

## ပျောက်ဆုံးကြောင်း

လားရှိုးမြို့၊ ဈေးရပ်၊ နောင်မွန်ကျေးရွာနေ ဒေါ်အကျောက် (ဘ) ဦးလထော်တန်(၁/မညန(နိုင်)၀၇၅၂၁၈)၏ နိုင်ငံကူး လက်မှတ်အမှတ်(ME-432504)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-265365538


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူပြုစေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ် စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။




**သစ်တောနဲ့ သစ်ပင် ချစ်ခင်တဲ့ လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက် ကိုစိုး**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

❖ လူသားအရင်းအမြစ်ကောင်းများရရှိမှသာလျှင် စနစ်ကျနသည့် စီးပွားရေးကို ဖော်ဆောင်နိုင်မည်ဖြစ်...

❖ ထို့ကြောင့် ပညာတတ်လူသားအရင်းအမြစ်ကောင်းများပေါ်ထွက်လာရေး မိမိတို့အနေဖြင့် ကြိုးပမ်းဆောင်ရွက်သွားရမည်ဖြစ်...

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် စက်တင်ဘာ ၁၉ ရက်တွင် ပြုလုပ်သော တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့်တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြား






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ ကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ခရီးစဉ်တွင် လိုက်ပါလာသည့်အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီးနှင့်

**စာမျက်နှာ ၁၈ ကော်လံ ၁ ☆**

## အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု C ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၁**

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၃၃ ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု C ပွဲစဉ်အဖြစ် ဒီဇင်ဘာ ၁၂ ရက်(**ယနေ့**) ညနေ ၅ နာရီခွဲတွင် မြန်မာယူ-၂၂ အမျိုးသားဘောလုံးအသင်းနှင့် အင်ဒိုနီးရှားယူ-၂၂အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ညနေ ၅ နာရီ ၁၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Entertainment Channel၊ MRTV Sports Channelနှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက်(Live)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစော တာ့ခ်မင်နစ္စတန်နိုင်ငံ၏ အမြဲတမ်းကြားနေမှုဝါဒ နှစ် ၃၀ ပြည့်အထိမ်းအမှတ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်၍ အက်ရှ်ဂါဘတ်မြို့ရှိ တာ့ခ်မင်နစ္စတန်နိုင်ငံသမ္မတနှင့် တွေ့ဆုံဆွေးနွေး

စာမျက်နှာ - ၁၉

Basel Institute on Governance ၏ Basel AML Index 2025 အရ မြန်မာနိုင်ငံအား အဆင့်သတ်မှတ်ဖော်ပြချက်အပေါ် ကန့်ကွက်ကြောင်း အသိပေးထုတ်ပြန်ချက်

စာမျက်နှာ - ၃၃




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်

"ဆုံးရှုံးမှုအန္တရာယ်ဘေး မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ"

Hotline - 09-450450561, 09-450450562, 09-450450563